စိတ်ကူးချိုချိုအနုပညာ

ညစ်တာတွေ ခဝါချပေးမယ့် ချစ်စရာ ဟာသကလေးတွေ

ကြွပ်ကာလေး

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ၁၁၇၃၊ ပခိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၅၊ ဧပြီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁ ၅ ၀ ၀ ကျပ်

ညစ်တာတွေခဝါချပေးမယ့်ချစ်စရာဟာသကလေးတွေ
ကြပ်ကလေး - ရန်ကုန်၊ စိတ်ကူးချိုချိုစာပေ၊ ၂၀၁၅၊
စာမျက်နှာ ၁၅၉၊ မျက်နှာ၊ ၁၂·၅ စင်တီ× ၁၈·၅ စင်တီ
(၁) ညစ်တာတွေခဝါချပေးမယ့်ချစ်စရာဟာသကလေးတွေ

စိတ်ကူးချိုချိုစာအုပ်

ညစ်တာတွေခဝါချပေးမယ့် ချစ်စရာဟာသကလေးတွေ

ကြပ်ကလေး

ဆရာကြပ်ကလေး၏
တစ်ကြိမ်တစ်ခါမှ လုံးချင်းမဖြစ်သေးသော
ဟာသနှင့်သရော်စာများစုစည်းခြင်း။

ပထမအကြိမ်

မာတိကာ

၁။ ပြောချင်တာလေးတွေ ၁
၂။ သက်ကြီးရွယ်အိုနှင့် ကျန်းမာရေး ၇
၃။ တိုအလောင် ... မိုက်စေ ... ၁၃
၄။ ဘက်ဆဲလား ၁၈
၅။ လူနှင့် အပြောင်းအလဲ ၂၄
၆။ ချင့်ချင့်ချိန်ချိန် ... လင်မယား ၃၀
၇။ မျိုးဆက်သစ်တွေ တိုးတက်ရစ်ဖို့ ၃၆
၈။ မိဘ၊ ဆရာ၊ ကျောင်းသား သုံးပွင့်ဆိုင် ၄၂
၉။ 'ကြပ်' နှင့် 'ကလေး' ၄၈
၁၀။ ပုခြင်းရဲ့အရသာ ၅၅
၁၁။ လက်အငြိမ်မနေနိုင်လို့ပါ ၆၁
၁၂။ လက်အငြိမ် မနေနိုင်လို့ပါ [၂] ၆၇
၁၃။ အိုခြင်း၊ နာခြင်း၊ အံတုခြင်း ၇၂
၁၄။ သန့်ရှင်းချမ်းသာ တို့နေရာ ၇၈
၁၅။ ရောဂါနဲ့ ကောလာဟလ ၈၄

၁၆။ လက်အငြိမ်မနေနိုင်လို့ပါ [၃] ၉၀
၁၇။ နန္ဒင်းကိုသာ ၉၆
၁၈။ ကောင်းတာကလေးတွေ ၁၀၁
၁၉။ သုံးနဲ့စား ... ပြတ်တယ် ၁၀၇
၂၀။ အကဲစမ်းတဲ့ အစွဲအလမ်းလေးတွေ ၁၁၅
၂၁။ ကျွန်တော်နှင့် ကဗျာ ၁၂၁
၂၂။ မြန်မာစာတွင် လင်းခဲ့စဉ်က ၁၃၂
၂၃။ ဟာသစကျူ ၁၄၈
၂၄။ ပညာရှိများ ဆိုစကား ၁၅၄

●

ပြောချင်တာလေးတွေ

ပြောချင်တာလေးတွေ ရှိနေတော့လည်း ပြောရဦးမည်ပေါ့။

လောကဌ် မမျှော်လင့်တာ ရုတ်တရက် တွေ့ကြုံရသောအခါ၊ မမျှော်လင့်တာ ရုတ်တရက် ဖြစ်ပေါ်လာသောအခါ ကိုယ့်တစ်ယောက်တည်းပင် ဖြစ်ပါစေ။ မပြုံး မရယ်ဘဲ မနေနိုင်ဖြစ်ရသည်ကို လူတိုင်းလိုလို ကြုံဖူးကြမည် ထင်ပါသည်။

မြန်မာ့သမိုင်းတွင် တစ်သက်လုံး၌ သုံးခါသာ ပြုံးပါသည်ဆိုသော ဣန္ဒြေကြီးလှသူ သီလဝပင်လျှင် ဤအဖြစ်မျိုးနှင့် ကြုံရဖူးသည်ဟု ဖတ်ရ၊ မှတ်ရသည်။ ဣန္ဒြေသမ္ပတ္တိနှင့် ပြည့်စုံလှသော သီလဝတစ်ယောက် ရယ်ရလောက်အောင် ကြုံလိုက်ရသောအဖြစ်ကား ဘုန်းကြီးလူထွက် တစ်ယောက်သည် အိုင်ထဲတွင် ရေဆင်းချိုးရာ၌ ခေါင်းပေါင်းကြီး မချွတ်ဘဲ ရေချိုးနေသည်ကို မြင်သွားသောခဏ၌ ခစ်ကနဲ ဖြစ်ရတော့သည်။

ကျွန်တော်၏ မိခင်ပြောပြဖူးသော အဖြစ်ကလေးလည်း ရှိပါသေး

၏။ ကျွန်တော်တို့ ငယ်စဉ်အထိ မိန်းမများသည် အဝတ်များ ချုပ်လုပ်သည့် အခါ ချုပ်လုပ်နေရာက လက်အားရန် လိုအပ်လာချိန်တွင် လက်ထဲတွင် ကိုင်ထားသော အပ်ချည်တန်းလန်းနှင့် အပ်ကို ခေါင်းပေါ်က ဆံထုံးတွင် ထိုးစိုက်လိုက်တတ်၏။ တစ်နေ့သ၌ အမျိုးသမီးတစ်ဦးသည် မယ်သီလ ရှင်ဝတ်သွားရာ၌ အပ်ချုပ်ရသောအခိုက်နှင့် ကြုံသောအခါ လုပ်နေကျ အကျင့်အတိုင်း အပ်ကို ခေါင်းတွင် ထိုးစိုက်လိုက်ရာ ထိပ်အပ်စူးသွား ဖူးသည် ဆို၏။ ထိုအဖြစ်ကို တွေ့ရသူသည် ရုတ်တရက် ခစ်ကနဲ ဖြစ်သွား လောက်၏။ တစ်ဆင့်ပြန်၍ ကြားရသော ကျွန်တော်ပင်လျှင် ပြုံးစိ ပြုံးစိ ဖြစ်သွားရသောကြောင့် ဖြစ်သည်။

ကိုဝင်းဦး ပြန်ပြောပြတာ ရှိသေးသည်။

တစ်ခါက သူသည် စင်မြင့်ပေါ်တွင် သီချင်းဆို၍ ဖျော်ဖြေခိုက် သီချင်းတစ်ပိုဒ်ကို အားရပါးရ ဟစ်လိုက်သည်တွင် သူ့ဘောင်းဘီရှေ့မှ ဇစ်သည် ဗျစ်ခနဲ ကွဲသွားတော့၏။ သူသည် ခေါင်းနားပန်းကြီးသွားကာ ဖြတ်ထိုးဉာဏ်ပေါ်လာ၍ လက်ထဲမှ သီချင်းစာရွက်ဖြင့် ညာတာပါတေး ကွယ်ထားလိုက်မိ၍သာ ဣန္ဒြေမပျက် ဆက်လက်သီဆိုသွားနိုင်ခြင်း ဖြစ် သည်။

အကယ်၍များ သူက ရုတ်တရက် မကာကွယ်နိုင်၍ အောက်က ပရိသတ်သိမြင်သွားပါမူကား မပြုံးဘဲနှင့် ဝါးလုံးကွဲ ပွဲကျသွားမည်သာ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကာယကံရှင် ကိုဝင်းဦးကိုယ်တိုင်က ကျွန်တော့်အား ပြန်ပြောပြသောအခါတွင် သူ့ဘာသာသူ မအောင့်နိုင်ဘဲ ပြောရင်းပင် ရယ်မိသောကြောင့် ဖြစ်၏။

အသိမိတ်ဆွေတစ်ဦး ပြောသောအဖြစ်ကလေးတစ်ခု ရှိ၏။

လူတစ်ယောက်သည် ရန်ကုန်မြို့ ဆင်ခြေဖုံးတွင် နေထိုင်ရာမှ ကိစ္စ ရှိ၍ ရန်ကုန်မြို့ထဲ သွားမည်ဟု အဝတ်အစားတွေ လဲလှယ်၏။ ဦးထုပ်

ကိုပင် ဆောင်းထားပြီးလေပြီ။

သူသည် အိမ်မှ ထွက်ခါနီး ရေငတ်သဖြင့် သောက်ရေအိုးစင်သို့ ချဉ်းကပ်သည်။ ရေအိုးပေါ်တွင် ခြင်၊ ယင် များ မနားစေခြင်းငှာ ပလတ်စတစ် ဆောင်းကလေး အုပ်ထား၏။ ထိုလူသည် ပလတ်စတစ် ဆောင်းကလေးကို ဖယ်ရှားရာ၌ ဘေးဘီတွင် မထားဘဲ ခေါင်းပေါ်တွင် စွပ်လိုက်၏။ ခေါင်းပေါ်တွင် ဦးထုပ်က ရှိနှင့်နေရာ ပလတ်စတစ်ဆောင်းသည် ဦးထုပ်ပေါ်တွင် စံပယ်နေ၏။

သူသည် သူ ဆောင်ရွက်ရမည့် ကိစ္စများကို စိတ်ကရောက်နေသည် ဖြစ်ရာ ရေသောက်ပြီးသည်တွင် ခပ်သုတ်သုတ် ထွက်လာခဲ့၏။ သူ့ခေါင်းပေါ်တွင် ဦးထုပ်၊ ဦးထုပ်ပေါ်တွင် ပလတ်စတစ်ဆောင်းကလေး စံပယ်နေကာ မြင်ရခဲလှသော ဆင်ယင်မှု ဖြစ်နေပေ၏။

လမ်းတွင် ရင်ဆိုင်တွေ့ရသော ကောင်မလေးနှစ်ယောက်သည် သူ့ကို မြင်၏။ ပြုံးစိ ပြုံးစိနှင့် ခေါင်းငုံ့သွားကြသည်ဆို၏။ ယတြာချေလာသည်ဟုများ မှတ်သွားကြရှာ့သလား မသိ။ သူ့ကို ဘာမျှ မပြောချေ။ သူ့ကိစ္စနှင့် သူ လောနေသော ထိုသူကလည်း ခပ်တည်တည်ပင် ဦးထုပ်ပေါ်ကို ပလတ်စတစ်ဆောင်းကြီး ထပ်ဆင့်ရင်း ဘတ်စ်ကားတက်စီး၏။ ထိုအချိန်တိုင်အောင် သူ မသိသေး။

ထိုစဉ်က သူ စီးသော ဘတ်စ်ကားသည် အောင်ဆန်းကွင်းဘေးကို ဖြတ်၍သွား၏။ သူသည် ရန်ကုန်ဘူတာကြီးမှ နာရီကို ပြတင်းမှ ငုံ့အကြည့်တွင် ပြတင်းပေါက်ဘောင်နှင့် သူထိပ်ပေါ်က ပလတ်စတစ်ဆောင်းတို့ တိုက်မိကြတော့မှ သူသည် လက်ဖြင့် စမ်းသပ်၍ ယူလိုက်ရာ လက်ထဲတွင် ပလတ်စတစ်ဆောင်းကလေး ပါလာ၏။

သူ့မျက်နှာမှာ နီမြန်း၍ ထူပူသွားမည်ဟု ကျွန်တော် ထင်ပါသည်။ သို့ရာတွင် သူ့အဖြစ်ကို ကြားရသူ ကျွန်တော်သည် ပြန်၍ တွေးမိတိုင်း

မအောင့်မအည်းနိုင် ရယ်မိသည်ချည်း ဖြစ်၏။

များမကြာမီက ဂျပန်မဂ္ဂဇင်းငယ်လေးတစ်စောင်တွင် ကဏ္ဍကလေး တစ်ခုကို သွားတွေ့သည်။ ထိုမဂ္ဂဇင်းမှနေ၍ ရုတ်တရက် ခစ်ခနဲ ရယ်မိလောက်သည့်အဖြစ်များ ရှိပါလျှင် ရေးသားပေးပို့ကြပါရန် တောင်းခံလိုက်သည်ကို တုံ့ပြန်သောအားဖြင့် ရေးသားလာသော အဖြစ်ကလေး သုံးခုကို ဘာသာပြန်၍ တင်ဆက်လိုက်ပါသည်။

ပထမစာမှာ ဟင်းလျာ သုတေသီအမျိုးသမီးဖြစ်သူ 'အိအိဒါမိယုခိ' ဆိုသူထံမှ ဖြစ်၏။

ရေချိုးပြီး၍ မှန်ရှေ့တွင် လာထိုင်လိုက်သောအခါမှ ဦးထုပ်မချွတ်မိမှန်း သတိပြုမိတော့သည်။ အလွန်ပင် ရယ်စရာကောင်းသဖြင့် အော်ရယ်ပစ်လိုက်မိပါသည်။

အိမ်ဖော်ကလေးသည် ကျွန်မရူးသွားပြီဟု ထင်သွားပုံရ၏။ "မမ... မမ" နှင့် ထူးခြားသောလေသံဖြင့် တံခါးအပြင်ဘက်က တကြော်ကြော် အော်ခေါ်နေပါသော်လည်း ကျွန်မသည် ရယ်ခြင်းကို ရပ်၍ မရတော့ပါ။

ကျွန်မသည် အတွေးကျွံနေသည့်အခါမျိုးတွင် ပတ်ဝန်းကျင်ကို မေ့သွားတတ်သော သဘာဝရှိပါသည်။ သို့သော် စာမပြည့်စုံဟု ထင်ပါသည်။ ညက အဝတ်ကို ချွတ်မိခြင်းကား တော်သေးသည်ဟု ဆိုပါမည်။

သူမ၏ အဖြစ်မှာ သီလဝတွေ့ရသော ခေါင်းပေါင်းမချွတ်ဘဲ ရေချိုးသူနှင့် ဆင်တူလှ၏။ ဂျပန်ဆောင်းပါးမှ နောက်တစ်ယောက်ကား ရုပ်ရှင်ဝေဖန်သူ အမျိုးသမီး 'ခေါ်မောရိ ခါဇုခေါ' ဖြစ်၏။

မမျှော်လင့်ဘဲ ရုတ်တရက် ရယ်ရခြင်းမျိုးသည် ရုပ်ရှင်တွင် မကြာခဏ တွေ့နေရပါသော်လည်း မိမိ၏ တကယ့်ဘဝတွင်တော့ တော်တော်နှင့် မတွေ့ရတတ်ပါ။

တစ်ဦးတည်းနေသူ ဖြစ်သောကြောင့် လေလည်ရသည်ပင် ရယ်စရာ

ဖြစ်ဖွယ်ရာအကြောင်း မရှိသောဘာဝ ဖြစ်သည်။ သို့သော် လွန်ခဲ့သော ၃ လ လောက်က ခွေးမလေးတစ်ကောင်ကို မွေးထားခဲ့သည်။ "ကိုကိုရှာနဲလ်" ဟု အမည်ပေး၍ ချစ်နေခဲ့ရသည်။

သို့သော် ထည်ထည်ဝါဝါ နာမည်ကြီးပေးထားသည့်ကြားက ခွေးမကလေးမှာ ရယ်စရာ ကောင်းလှသည်။ ကျွန်မက လွတ်ခနဲ လေလည်လိုက်သည်တွင် ခွေးမကလေးသည် ခုန်ပေါက်ပြေးလွှားလာ၍ ကျွန်မကို ပတ်ချာလှည့် အနံ့ခံရင်း ထူးခြားသော အသံဖြင့် ဟောင်လေတော့ရာ ကျွန်မမှာ မမျှော်လင့်ဘဲ ဝါးခနဲ ရယ်မိပါတော့၏။

သူတို့ ဂျပန်လူမျိုးများ၏ စကားပုံတွင် "ခွေးဝမ်းသာအောင် လေလည်သည်" ဝါ "ခွေးဝမ်းသာအောင် လေလှည့်သည်" ဟူသော စကားပုံရှိပုံ မရချေ။ တကယ်တော့ သူမ၏ခွေးကလေးသည် ဝမ်းသာသွားပုံရ၏။

နောက်တစ်ယောက်ကား ဝေဖန်စာတွေ ရေးသူ "အိရိအေးတောကုရော" ဆိုသူ ဂျပန် အမျိုးသား ဖြစ်၏။

ဒုတိယမြောက် သမီးလေးသည် ၂ နှစ် တင်းတင်း ပြည့်ခဲ့ပြီ။ သူ့နာမည်ကို "ဆာချီ"ဟု ပေးထားသော်လည်း အိမ်တွင် "စပ်ချင်"ဟု ချစ်စနိုးခေါ်ကြသည်။

တစ်နေ့တွင် သူ့မိခင်က သူ့ကို လက်ဆွဲ၍ စူပါမားကက်ထဲသို့ ဝင်ရောက်သွားသည်တွင် လေးငါးနှစ်ရွယ် ကောင်လေးတစ်ဦးသည် ကရားကြီးတစ်ခုကို လက်ဖြင့်ကိုင်နေသည်ကို တွေ့သောအခါ သမီးသည် မိခင်လက်ကို လွှတ်၍ ကောင်ကလေးနား ပြေးသွားပြီး "ပူပူ .... ပူပူ ... အာယယ် ... အာယယ် ... ချွတ် ... ချွတ်"ဟု ပြော၏။

မီးဖိုချောင်တွင် လည်းကောင်း၊ ထမင်းစားပွဲတွင် လည်းကောင်း ပူလောင်နေသာ ရေနွေးကရားကို ကိုင်မည်စိုးသဖြင့် အမေလုပ်သူက "စပ်ချင်" အား ကရားကို လက်ညှိုးထိုးပြပြီး "ပူတယ် ... ပူတယ်။ အန္တရာယ်...

အန္တရာယ်ရှိမယ် ချွတ် ... ချွတ်" လို့ သတိပေး စကားသင်ကြားထားသဖြင့် ထိုယောကျ်ားကလေး ကရားကို ကိုင်သည်တွင် စိုးရိမ်တကြီး သွား၍ တားမြစ်ခြင်း ဖြစ်၏။

ကောင်ကလေးက ဘာမျှ နားမလည်သလို ကြောင်ကြည့်နေသော်လည်း ကျွန်တော်ကား ထိုအဖြစ်ကို ပြန်၍ကြားသော် ဝါးခနဲ ရယ်မိပါတော့သည်။

ကဲ ... စာဖတ်သူသည်လည်း ကြုံဖူး ကြားဖူးတာတွေ ရှိမည် ထင်ပါ၏။

●

သက်ကြီးရွယ်အိုနှင့် ကျန်းမာရေး

ပြောချင်တာလေးတွေ ရှိနေတော့လည်း ပြောရဦးမည်ပေါ့။

"ခင်ဗျား လမ်းလျှောက် လျှောက်ပေးဗျ"

ခင်မင်သူ မိတ်ဆွေများက ဤသို့ အကြံပြု ပြောဆိုကြသည်။ ကျွန်တော်က အသက်ကလေးကလည်း ထောက်လာပြီဖြစ်သောကြောင့် တည်း။ အသက်ကြီးသူများသည် အငြိမ်မနေမှ တော်ရုံကျမည်ဟု သူတို့က ယူဆကြ၏။ ငယ်ရွယ်စဉ်က လက်ဆော့ချင် ဆော့ပါ။ ကြီးသောအခါ တွင် ခြေဆော့ကြရမည်ဟု ဆိုရလေမည်လား။

အသက်အရွယ်ဆိုသည်မှာလည်း အခက်သား။ ဘယ့်နှယ်မှ မလုပ်။ ရေမလောင်း မြေတောင်မမြှောက်နှင့် ပစ်ထားပါလျက်နှင့် ကြီးကြီးလာ သည်။ ကျွန်တော် ပြောတာ ယုံပါ။ ကျွန်တော် ဘယ့်နှယ့်မှ မလုပ်ပါဘဲ နှင့် အသက်ကြီးကြီး လာရ၏။ ပစ်ထား၍လည်း မရ။ ဘယ်ဟာကြီးမှန်း မသိပါ။

အသက်ကြီးလာသောအခါ ကျန်းမာအောင် လမ်းလျှောက်ပေးပါ ဟု သူတို့က ပြောလိုကြခြင်း ဖြစ်သည်။ မပူပါနှင့်။ ကျွန်တော် လမ်း ထွက်တိုင်း လမ်းလျှောက်ရပါသည်။ ဘတ်စ်ကားနှင့် ကျွန်တော် အဆက်

ပြတ်ခဲ့သည်မှာ ကြာပါပြီ။ ချမ်းသာသွား၍ ကိုယ်ပိုင်ကားစီးနေသောကြောင့်ဟု မထင်ပါနှင့်။ ဘတ်စ်ကား စီးရတာ မလွယ်သောကြောင့် ဖြစ်ပါသည်။

ဘတ်စ်ကားများသည် ကျွန်တော်တို့လို လူကြီးတွေ ကားပေါ်တက်သည်ကို သိပ်ကြိုက်ပုံမရပါ။ မလွဲသာ၍ တင်ရပြန်လျှင်လည်း အကူစပယ်ယာများက ဆွဲတင်၍ တွန်းချချင်ပါသည်။ အပေါ်မြန်မြန်ရောက်၊ အောက်မြန်မြန် ရောက်စေလိုသော စေတနာဖြင့် ဖြစ်နိုင်ပါ၏။ ကျွန်တော့်အနေဖြင့်တော့ ဘယ်နေရာကိုမှ မြန်မြန် မရောက်လိုပါ။ ထိုသို့ မြန်မြန်မရောက်လိုသောနေရာများတွင် ဆေးရုံနှင့် သုသာန်လည်း ပါဝင်ပါ၏။

ဘတ်စ်ကားကသာ ငြိုငြင်သည် မဟုတ်။ ကားစီး ခရီးသည် အချင်းချင်းလည်း ကျွန်တော်တို့ကို မကြည်ကြပါ။ ကျွန်တော်တို့ကို အတက်တွင်လည်း ကန့်လန့် ကန့်လန့်၊ အဆင်းတွင်လည်း ကန့်လန့် ကန့်လန့် လုပ်နေသည်ဟု ထင်ကြ၏။ တကယ်တော့ ကျွန်တော်သည် လေ့ကားထစ်ကို တက်ခြင်း၊ သို့တည်းမဟုတ် ဆင်းခြင်းကို ကြိုးစားပြုလုပ်နေခြင်းဖြစ်သည်။

လက်ထဲတွင် ဖန်ခွက်ပါးပါး တစ်ဒါဇင်လောက် ကိုင်ထားသည်လည်း မဟုတ်ပါ။ ကြီးမားသော မှန်ချပ်ကြီးများကို တင်နေ၊ ချနေသည်လည်း မဟုတ်ပါ။ သို့တိုင်အောင် ကျွန်တော်သည် ဘတ်စ်ကား အတက်အဆင်းကို ဝီရိယကြီးစွာဖြင့် ပြုလုပ်နေခြင်းသာ ဖြစ်ပါ၏။

အသက်ကြီးလာသောအခါ ကိုယ်အင်္ဂါများသည် မထိမဲ့မြင် ပြုလုပ်လာကြသည်။ မျက်စိများကလည်း မှန်ကန်စွာ သတင်းမပို့ကြ။ ခြေထောက်များကလည်း တာဝန်ကို ခိုကပ်လာကြသည်။ သို့ဖြင့် နိမ့်နိမ့်ကလေးမြင်နေရသည်မှာ အမြင့်ကြီး ဖြစ်နေတတ်၏။ ထို့ပြင် ခြေစုံရပ်ပါလျက်နှင့်လည်း ချွေကျသွားနိုင်သည်။

"တယ် ... နင်တို့က လူပါးဝတယ်။ ငါမွေးတဲ့မျောက် ငါ့ကို ခြောက်

ရှသလား"

ဤသို့ဆိုကာ ကြိမ်လုံးနှင့်နာနာဆော်ရမည်ကလည်း ကိုယ့်ခြေထောက်နှင့် ကိုယ့်မျက်စိတွေ ဖြစ်နေသဖြင့် "ဟဲ ... ဟဲ ... အလကား ကျီစားတာပါကွာ"ဟု ဖြေသိမ့်ကာ ချစ်နာလန် ပြန်ထရပါသည်။

မည်သို့ပင်ဖြစ်စေ ကက ကားတွေကိုလည်း ရွှတ်ခနဲ ရွှတ်ခနဲ မစီးနိုင်သဖြင့် ကျွန်တော်သည် ရန်ကုန်မြို့၏လမ်းများပေါ်တွင် ခြေကျင်လျှောက်နေပါ၏။ မိတ်ဆွေတွေက စေတနာတွေ ထားထား မထားထား၊ မေတ္တာတွေ ပိုပို မပိုပို ကျွန်တော်သည် လမ်းလျှောက်မည်သာ ဖြစ်ပါ၏။ ကျန်းမာရေးအတွက် လမ်းလျှောက်၏။ အနာတရ မဖြစ်ရေးအတွက် လမ်းလျှောက်၏။ တစ်ခါတစ်ရံ ထိုသို့ လမ်းလျှောက်နေလျက် ငယ်ငယ်က ဘတ်စ်ကားတွေကို လွမ်းဆွတ်မိသလိုလို ခံစားရသည်။

၁၉၄၅–၅၀ ခုနှစ်များလောက်က ဖြစ်သည်။ ကျွန်တော်သည် ထိုစဉ်က တစ်ခုတည်းသော တက္ကသိုလ်ကျောင်းဖြစ်သည့် ရန်ကုန်တက္ကသိုလ်ကျောင်းသားအဖြစ် ကျောင်းတက်နေဆဲ ဖြစ်သည်။ နေ့ကျောင်းသား ဖြစ်၍ ကျောင်းဖွင့်ရက်များတွင် နေ့စဉ်ပင် အိမ်မှနေ၍ တက္ကသိုလ်ကျောင်းသို့ ဘတ်စ်ကားဖြင့် တက်ရ၏။

ထိုအခါက ကျွန်တော်နေထိုင်သော ကျောက်မြောင်း၊ သတိပဋ္ဌာန်လမ်းမှ ကမာရွတ်သို့ ဘတ်စ်ကားနှစ်တန် စီးရသည်။ သတိပဋ္ဌာန်လမ်းမှ သိမ်ကြီးဈေး။ သိမ်ကြီးဈေးမှ ကားပြောင်း၍ ကမာရွတ်စံရိပ်ငြိမ် မှတ်တိုင်။ ထိုနေရာသို့ရောက်သော် ကားပေါ်မှဆင်း၍ စံရိပ်ငြိမ်အိမ်ကြီး၏ ဘေးမှ ဖြတ်လျှောက်ရသည်။ ဆက်လက်၍ ပြည်လမ်းကို ကျော်ပြီး ဘင်တန်ဟောလ်ရှေ့မှဖြတ်ကာ တက္ကသိုလ်ကျောင်း စာသင်ခန်းများသို့ ရောက်ခဲ့ရသည်။

ကားခမှာ သိမ်ကြီးဈေးမှ အင်းစိန် ရန်ကုန်ကားကို တစ်မတ်ပေး

စီးရ၏။ သတိပဋ္ဌာန်လမ်းမှ သိမ်ကြီးဈေးသို့ကိုမူ ကားနှစ်လိုင်း ရှိသည်။ သဃ်္ဃန်းကျွန်းမှလာသည့် ကားကို စီးလျှင် သိမ်ကြီးဈေးအထိ ပြားနှစ်ဆယ်ကျ၏။ မြင်းဖြူကို စီးလျှင် တစ်မတ်ပေးရသည်။

ယုန်ကားလည်း မြန်၏။ ဈေးသက်သာ၏။ သို့သော် လူကြပ်သည်။ ကားသမားများက ဣန္ဒြေရရပင် မောင်းကြ၏။ မြင်းဖြူကတော့ ထိုသို့ မဟုတ်ချေ။ ငါးပြားပို၍ ဈေးကြီးသည်။ ထို့ပြင် လမ်း၌ မအူကုန်း ထိပ်၊ မဆလာစက်များတွင် စိမ်ပြေနပြေ ရပ်ထားတတ်၏။ ထိုစဉ်က ကားသမားဝေါဟာရဖြင့် ပြောရလျှင် "ဝ" ထားတတ်သည်။ ထို့ကြောင့် သတိပဋ္ဌာန်လမ်းမှ သိမ်ကြီးဈေးအထိ နာရီဝက်ကြာသည်။ သို့သော် ကျွန်တော်သည် အိမ်မှ စောစောထွက်၍ မြင်းဖြူကားကိုပင် စီးပါ၏။ အကြောင်းကား ဤသို့တည်း။

မြင်းဖြူကားများသည် သတိပဋ္ဌာန်လမ်း မှတ်တိုင်တွင် ရပ်ထားပြီး ခရီးသည်ကို သူ့ထက်ငါ ကြိုကြသည်။ မှတ်တိုင်မှနေ၍ ထွက်တော့မည်ကဲ့သို့ ရှေ့သို့လာကာ စက်မသတ်ဘဲ လမ်းထိပ်တည့်တည့်က ဂူး ဂူး နှင့် ရပ်ကာ ခရီးသည်ကို မျှော်သည်။

လမ်းထဲက ခရီးသည်ထွက်လာလျှင် စပယ်ယာများသည် ပြေးဆင်းလာ၍ လက်ထဲက အထုပ်တွေ၊ အိတ်တွေကို ပြေးဆွဲကာ ကားပေါ်သို့ ကြိုသွားတတ်၏။ ကားစီးမည်မဟုတ်သော အဒေါ်ကြီးများသည် "အဲ ငါ မသွားဘူး၊ မသွားဘူး"နှင့် တကြော်ကြော် အော်၍ ပစ္စည်းနောက်သို့ ပြေးလိုက်ယူရ၏။

ဤသို့ သူ့ထက် ငါ ကြိုသည် ဖြစ်သောကြောင့် ကျွန်တော်တို့ ခရီးသည်မှာ ခပ်တင်းတင်း ပြုမူနိုင်၏။

"ဟော့ ... မင်းတို့ကားမှာ နေရာရှိရဲ့လား"

"အောင်မလေး ဆရာရယ်၊ ဝါသနာပါရင် ကသွားလို့တောင်

ရတယ်"

မှန်ပါ၏။ ထိုင်ခုံတော်တော်များများ လွတ်နေပါသည်။ အကယ်၍ ထိုင်ခုံတွေ စေ့နေပြီဆိုသည့်တိုင်အောင် မတ်တတ်ရပ်လိုက်လျှင် ကားချောင်ချောင်ချိချိ ရပ်နိုင်ပါသည်။ ဤအခါမျိုးတွင် ခရီးသည်ကို လာကြိုသော စပယ်ယာက ကားပေါ်က လက်မှတ်ရောင်းကို အော်ပြောလိုက်သေး၏။

"ဟော့ ... ဒီက အစ်ကိုကြီးကို မတ်တတ်ခုံ ထိုးပေးလိုက်"

မတ်တတ်ရပ်ရတာချင်းအတူတူ နားဝင်ပီယံ ဖြစ်လှပါ၏။ ကျွန်တော်တို့ ပြုံးပြုံးကလေး ရပ်စီးပြီး လိုက်ပါသွားနိုင်ပါသည်။

ယနေ့ ဘတ်စ်ကားများတွင် "ဟော့ နေရာရှိရဲ့လား"ဟု မေးပါက မှတ်တိုင်တွင် နှစ်ပေါင်း ခုနစ်ဆယ်လောက် စောင့်နေပါစေ။ ကားစီးရမည် မဟုတ်တော့ပါ။

မှတ်မိပါသေး၏။ ကျွန်တော်တစ်ကြိမ်က လက်ဖက်ရည်ဆိုင်သွားဖို့ လမ်းထိပ်ထွက်အလာတွင် ရပ်ထားသော ဘတ်စ်ကားမှ စပယ်ယာက "ဟိုးထား ဆရာ တစ်ယောက်လိုက်မယ်"ဟု စွတ်အော်၏။ ခဏအကြာတွင် ကျွန်တော်ထွက်သွားသောအခါ သူက ပြန်၍အော်၏။

"ဆွဲ ဆရာရေ ယိုင်သွားပြီ"

ထိုအချိန်ကလေးက ဘတ်စ်ကားတွေကို ကျွန်တော် လွမ်းနေသဖြင့် ယနေ့ ကျွန်တော်သည် မဂ္ဂဇင်းတိုက်များသို့ သွားစရာရှိလျှင် လမ်းချည်းလျှောက်သွားတော့၏။ ကားစီးရအောင်ကလည်း မည်သည့်ဘတ်စ်ကားကမှ ကျွန်တော့်ကို အဖက်မလုပ်ကြပါ။ ကြိုဖို့နေနေသာသာ ကားပေါ်သို့ ခက်ခက်ခဲခဲ ရောက်ပြီးသည့်တိုင် ဘရိတ်ကို ဆောင့်တောင့်ဖမ်းပြီး နေရာကို ပျူပျူငှာငှာ အရွှေ့ခိုင်းပါသည်။ ဤအခါမျိုးတွင် ကျွန်တော်တို့ ခရီးသည်များကလည်း သိမ်သိမ်မွေ့မွေ့ပင် ကျွမ်းထိုးမှောက်ခုံနှင့် မောင်းသူရှိရာသို့ ရွေ့ကြတော့သည်။

ရန်ကုန်မြို့ထဲတွင် ကျွန်တော် လမ်းလျှောက်နေပါပြီ။ လမ်းလျှောက်တော့ကော စိတ်ချမ်းသာပါသည်။

လူလူချင်း ရှောင်ရ၏။ တစ်ခါကများ ကျွန်တော်က ရှေ့က နေး တုံ့ နေးတုံ့ ဖြစ်နေသောကြောင့်လား မသိ။ နောက်က လူက ကျွန်တော့် ခါးကို အသာကိုင်၍ ဘေးသို့ မဖယ်ကာ ကျော်တက်သွားသည်။

ပန်းဆိုးတန်းလို နေရာမျိုးကျတော့ လူလူချင်းရှောင်ရရုံမက ချက်ကောင်းတွင် စိုက်ပျိုးထားသော သစ်ပင်များအတွက် အုတ်ပေါင်တွေကိုပါ ရှောင်ရ၏။ မရှောင်ချင်လျှင် အသက်ကြီးမှ ဆပ်ကပ်ပြသလို ပေါင်ပေါ် တက်လျှောက်နိုင်ပါသည်။ ထိုသို့ လျှောက်လျှင် လက်များကို တစ်ခါတစ်ရံ ဘေးသို့ ဆန့်ထုတ်ရသဖြင့် ဘေးလူ ဦးထုပ်ဆောင်းထားသည်ကို မကျေနပ်သလို ပြုမူမိတတ်ပါသည်။

အနော်ရထာလို လမ်းမကြီးတွေက လျှောက်ရပြန်သောအခါ လမ်းကျယ်သလောက် ဆောက်လုပ်ရေးအတွက် ဝင်းခတ်ထားသည်များက လည်း ကျယ်ကြ၏။ ပလက်ဖောင်း မကျန်သလောက် ရှိသည်။ ကျန်ပြန်လျှင်လည်း အုတ်ခဲတွေ သယ်နေသဖြင့် မလျှောက်သာ။ လမ်းပေါ် ဆင်းလျှောက်ပြန်တော့လည်း ရပ်ထားသည့်ကားတွေက ရန်ကုန်လူဦးရေထက် များနေသည်။ ထို့ကြောင့် သက်စွန့်ဆံဖျားဖြင့် လမ်းလယ်ကောင်က လျှောက်ရသည်။

လမ်းကြားများထဲ ဝင်လျှင်မူ ပလက်ဖောင်းကို မသုံးနိုင်။ ဆိုင်တွေ၊ ခွေးခြေတွေ ရှိနေ၏။ လမ်းပေါ်လျှောက်ပြန်သော် ကားတွေ ရပ်ထားသဖြင့် တစ်စီးစာ ကားလမ်းတွင် ကားလာလျှင် ဘေးကြားဝင်လိုက်နှင့် ခေါင်းဖြူမှ လိုရာရောက်၏။

ဩော် ... အသက်ကြီးလာလျှင် ဘာမှ မကောင်းပါလား။

●

တိုအလောင် ... မိုက်စေ ...

ပြောချင်တာလေးတွေ ရှိနေတော့လည်း ပြောရဦးမှာပေါ့။ အများသိတော်မူကြသည့်အတိုင်း သိပ္ပံပညာရှင်တွေ့ရှိထားသော ရောင်ခြည်တစ်ခုဖြစ်သည့် X-Ray ကို မြန်မာဘာသာဖြင့် မည်သို့ ပြန်ဆိုခေါ်ဝေါ်ခဲ့ကြပါသနည်း။ X သည် အင်္ဂလိပ်ဝဏ္ဏမာလာတွင် ၂၄ ခုမြောက် စာလုံးဖြစ်ပါသည်။ ထို့ကြောင့် ဆီလျော်သွားအောင် မြန်မာတို့၏ ၂၄ လုံးမြောက် အက္ခရာဖြစ်သည့် 'ဘ' ဖြင့် ဖလှယ်ကာ X-Ray ကို 'ဘကုန်းရောင်ခြည်' ဟု ခေါ်ခဲ့ကြပါသလား။

ဘယ်သူကမှ ဒုက္ခခံ မခေါ်ခဲ့ကြပါ။ လွယ်လွယ်ပင် 'အိတ်စရေး ရောင်ခြည်' ဟု ခေါ်ဝေါ်ခဲ့ကြပါသည်။ မြန်မာလူမျိုးများသည် အတိုကြိုက် တတ်ကြသဖြင့် ထိုစကားလုံးကိုပင် 'အိတ်စရေး' ဟု ခေါ်ဝေါ်ကြတော့သည်။

အတိုကြိုက်သည်ဆို၍ ရှေးက လူပြိန်တွေ ပြက်ခဲ့ကြသော ပြက်လုံးတစ်ခုကို သတိရမိသည်။ လူပြက်နှစ်ယောက် အချီအချ ပြောခဲ့သည်တို့ကို အောက်ပါအတိုင်း ဖောက်သည် ချလိုက်ပါသည်။

"ဟေ့ ... ငါတို့က တိုမှ ကြိုက်တာ၊ ဘဲဥကို ရှည်ရှည်ဝေးဝေး

ဘဲဥ လို့ မခေါ်ဘူး"

"ဘယ်လိုခေါ်တုန်းကွာ"

"ဘဲဥကို တိုတိုပဲ ဘဉလို့ ခေါ်တယ်"

"ဩော် ... ဘဲဥကို ဘဉတဲ့လား။ ဒါဖြင့် ကြက်ဥကိုကောဗျာ"

"ကြက်ဥဆိုတာ ရှည်တယ်။ ဒါ့ကြောင့် တိုတိုပဲ ကြဉလို့ ခေါ်တယ်"

"ဘဲဥကို ဘဉ၊ ကြက်ဥကို ကြဉ တယ်ဟုတ်ပါလား။ ဒါဖြင့် ငါ မေးမယ်။ လိပ်ဥကျတော့ကော ဘယ်လိုခေါ်မလဲ"

"အဲ ... လိပ်ဥကျတော့ လိပ်ဥလို့ပဲ ခေါ်ပါတယ်ကွာ"

အတိုကြိုက်၍ "အိတ်စရေးရောင်ခြည်"ကို "အိတ်စရေး"ဟု တိုတို ခေါ်ဝေါ်သော်လည်း ပို၍ တိုပါစေတော့ဟူသော စေတနာဖြင့် "အိပ်စ်"ဟု တော့ ဘယ်သူမှ မခေါ်ကြပါ။

ဂျပန်များကမူ အိတ်စရေးကို "ရင့်တိုဂင်"ဟု ခေါ်ဝေါ်ကြလေရာ ကျွန်တော်မှာ ခပ်ကြောင်ကြောင် ဖြစ်သွားသည်။

"ဟယ် ဘယ်လိုဖြစ်ပါလိမ့်"

အစကတော့ ကျွန်တော် မသိပါ။ အိတ်စ်ရေးပေါ်ပေါက်လာပုံကို ဖတ်ရှုမိသွားမှ သဘောပေါက်ရပါသည်။ ကျွန်တောင် မဖြစ်ချင်မှတော့ သပေါက်ပါတာကို ဘယ်သူမှ မကြိုက်သော်လည်း သဘောပေါက်ထား ရင်တော့ ကောင်းမည်ဟု ထင်သဖြင့် ကျွန်တော်သည် အိတ်စ်ရေးဖြစ်ပေါ် လာပုံကို တင်ပြပါရစေ။ (မှန်ပါသည်။ တင်ပြသော အလုပ်မှာ မိန်းကလေး များ၏ အလုပ်ဆိုသည်ကို ကျွန်တော် သိပါသည်။ သို့သော် ကြမ္မာဆောင် လျှင် သားကောင်ဆိတ်ဖြစ်ရသကဲ့သို့ ကျွန်တော့်ကို ဆိတ်ဖြစ်သွားအောင် တင်ပြလိုက်ပါသည်။)

သိပ္ပံဆိုင်ရာ တွေ့ရှိမှုအသစ်ဟူသမျှသည် ရေကန်ထဲသို့ ခဲကို ပစ်လိုက်သည်နှင့် တူပါသည်။ လှိုင်းရစ်ဝန်းကလေးတစ်ခု ဖြစ်ပေါ်လာ၏။

ချက်ချင်းလိုပင် နောက်တစ်ခု ပေါ နောက်တစ်ခုနှင့် ကန်ရေပြင် တစ်ခုလုံး မငြိမ်မသက် ဖြစ်လာရပါသည်။ ဤသို့ ဆက်တိုက်လှုပ်ရှားမှုတွေ ဖြစ်ရသည်ကို ပြလိုသဖြင့် ခဲတစ်လုံး ပစ်ချလိုက်ပုံကို ရေးပါမည်။

သက္ကရာဇ် ၁၈၉၅၊ ဂျာမနီပြည်၊ ဘာလင်မြို့က အဖြစ်တည်း။ သီပေါမင်းပါတော်မူပြီး၍ ဆယ်နှစ်ကြာကာလအဖြစ်အပျက် ဖြစ်သည်။

ဘာလင်တက္ကသိုလ်မှ ဓာတ်ခွဲခန်းအကူကလေး တစ်ယောက်သည် ကြီးမားသော စားပွဲပေါ်တွင် သိပ္ပံပညာဆိုင်ရာစက်များ ပြင်ဆင်စီစဉ်ထားပြီး လျှပ်စစ်ဓာတ်ကြိုးများကို ဆက်သွယ်ပေးနေသည်။ နံနက်ခင်းစမ်းသပ်မှုကို ပြုလုပ်ရန် ဖြစ်၏။

သူ ပြင်ဆင်နေခိုက်မှာပင် ကျောင်းသားတွေ၊ ပါမောက္ခတွေ၊ နိုင်ငံခြားက ဧည့်သည်တွေ ရောက်ရှိနေရာယူကြလေသည်။ ရောက်ရှိမှတော့ နေရာယူကြရမည်သာ ဖြစ်သည်။ အလကားနေရင်း မတ်တတ် မတ်တတ် ပြုနေတတ်ကြသည်မှာ အသုဘပို့သော ကိစ္စရပ်များတွင်သာ တွေ့ရတတ်သည်။

ယခုလို ကိစ္စမျိုးတွင် ဦးသည့် သူက ထိုင်ခုံတွင် ပြေး၍ ထိုင်သည်။ ဤသို့ဖြင့် အကျင့်ကြီးပါ၍ နောက်ကျနေသူများသည် ထိုင်ခုံမရတော့သဖြင့် နံရံတစ်လျှောက် မတ်တတ်ရပ်ကြရသည်။ သူတို့ကို "မထိုင်ရ" ဟူ၍တော့ ဘယ်သူကမှ တားမြစ်မထားပါ။ သို့သော် အကယ်၍ သူတို့သည် ဆောင့်ကြောင့်ကလေးတွေ ထိုင်ကြမည်ဆိုလျှင် ဖြစ်လာစရာ ရှိသည်ကား (၁) ကျဉ်းကျပ်သော ဘောင်းဘီတွေ ကွဲပြဲကုန်ရာ၏။ (၂) ဘောင်းဘီကျပ်သော်လည်း ထုထဲခိုင်ခန့်သည်ဆိုလျှင် ကာယကံရှင်သည် ကုန်းကွကွကြီးဖြစ်နေနိုင်၏။ (၃) ရှေ့သို့ လှမ်းကြည့်လိုက်လျှင် သိပ္ပံစမ်းသပ်ချက်ကို ဘာမျှ မမြင်ဘဲ ရှေ့ကုလားထိုင်များတွင် ထိုင်နေကြသည့် ဂါဝန်ဝတ်ကျောင်းသူများ၏ ခေါင်းလုံးတွေကိုသာ မြင်ကြရမည်ဖြစ်၍ ဈာန်တွေ

လျှော့နိုင်သည်။ (၄) အနီးဆုံးကုလားထိုင်က လူသည် ကျန်းမာရေးနှင့် ပြည့်စုံ၍ လေလည်သည်ရှိသော် သူ၏ စေတနာပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ နံရံနားတွင် ဆောင့်ကြောင့်ကုန်းကွ ထိုင်နေသူ၏ နှာဝသို့ မဖိတ်ဘဲ ရောက်ရှိလာနိုင်၏။ ရလဒ်ကား ဆိုးဝါးလှသော ဂန္ဓာရုံတည်း။ ဆက်လက် ဖြစ်ပေါ်လာသော အကျိုးတရား ရှုံ့မဲ့သွားကာ မျက်နှာတည်း။ ထို့ကြောင့် ထိုသူများသည် လိမ်လိမ်မာမာပင် မတ်တတ်ရပ်နေကြပါသည်။

မကြာခင်အချိန်တွင် ဂျာမနီလူမျိုး ပါမောက္ခကြီး ကြွလာ၍ သူ့ကို အရိုအသေပြု၊ လေးစားသောအားဖြင့် ထိုင်နေသူများက မတ်တတ်ထကြ ၏။ မတ်တတ်နေနှင့်ပြီးသူများကတော့ ခုန်ဆွ ခုန်ဆွ လုပ်ကြမည်ဟု ထင်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် လေးစားသောအားဖြင့် မတ်တတ်ရပ်ရာက ပို၍ မြင့်အောင်ခုန်သည်ဆိုသော် ခုန်ထားသော အမြင့်တွင် ကြာရှည်တည်နေဖို့ မဖြစ်သဖြင့် ပြန်၍ ကျမည်။ သည်တော့ ထပ်၍ ခုန်ရမည်။ ပြန်ကျထပ်ခုံနှင့် သူတို့သည် ပါမောက္ခကြီးနေရာ မယူ မချင်း ခုန်ဆွ ခုန်ဆွ ဖြစ်နေကြရမည်သာဖြစ်၏။ ဤကား တစ်ထွာ ပြလျှင် လေးငါးခြောက်ထွာလောက်ရှည်ပြီး မြင်တတ်သော ကျွန်တော်၏ စိတ်ကူးအမြင် ဖြစ်ပါသည်။ ကျွန်တော့်လောက် အမြင်မကျယ်၍ ဉာဏ်မမီ သူများအတွက် မတ်တတ်ရပ်နေနှင့်သူများသည် ရိုးရိုးပင် မတ်တတ်ရပ် နေကြသည်ဟူသော နေရာတွင်ပင် အတွေးကို ရပ်တန့်ထားကာ စိတ်ချမ်း သာ လက်ချမ်းသာ ရှိကြစေသတည်း။

ပရိသတ်ရှေ့တွင် နေရာယူလိုက်သော ပါမောက္ခကြီးသည် စကား အနည်းငယ်ပြောသည်။ သူသည် ဂျာမနီဘာသာဖြင့်ပြောသဖြင့် နားထောင် နေသည့် ပရိသတ်ထဲ၌ ဂျာမနီစကား မတတ်သူများသည် ခပ်တည်တည် နှင့် သူများ ခေါင်းညိတ်လျှင် ရောညိတ်ခြင်း၊ သူများ သက်ပြင်းချလျှင် ဘာမှန်းမသိရော၍ သက်ပြင်းချခြင်း၊ သူများရယ်လျှင်လည်း အားကျမခံ

ရောရှ ရယ်ကြ၏။ ဤသို့ဖြင့် သူတို့သည် "ဖော်လို" လိုက်နေကြလေ၏။

ပါမောက္ခကြီးသည် စကားပြော၏။ သင်ပုန်းကြီးပေါ်တွင် ပုံတွေဆွဲ၏။ နားထောင်နေကြသူများမှာ ကလေးတွေ မဟုတ်သဖြင့် သူသည် ပုံမပြောပါ။ ပုံတွေကိုသာ ဆွဲပါသည်။ (လောကတွင် ပြော၍လည်း ရ၊ ဆွဲ၍လည်း ရသည်မှာ "ပုံ"သာ ဖြစ်ကြောင်း သတိရှိကြစေ)

ပါမောက္ခကြီးသည် စကားပြောပြီးသွားသောအခါ ကူညီလုပ်ကိုင်ပေးနေသူများအား အမိန့်ပေးလိုက်ရာ ချက်ချင်းပင် တစ်ခန်းလုံး မှောင်ကျသွားသည်။ ပရိသတ်မှာ ရန်ကုန်တွင် မနေဖူးကြသဖြင့် မီးမှောင်သွားသည်ကို ကျင့်သားမရသောကြောင့် ပြူးတူးပြဲတဲနှင့် မှောင်နေသည့်ကြားက ကုန်းကြည့်ကြသည်။ ဘာတွေဖြစ်ကုန်ပါလိမ့်ဟု စူးစမ်းကြသည်။

ချက်ချင်းပင် မီးတွေ ပြန်လင်းလာသည်။ ပါမောက္ခကြီး ထွက်ခွာသွား၏။ အတော်ကလေးကြာသော် သူသည် ပြန်လာ၏။ စောစောက ရိုက်ယူလိုက်သော အိတ်စရေးဓာတ်ပုံကို ပြသည်။ လက်ရိုးများကို ထင်ရှားစေသော အိတ်စရေးဓာတ်ပုံ ဖြစ်၏။

ပရိသတ်သည် တကယ်တော့ ၃၂ ကောဋ္ဌာသကမ္မဋ္ဌာန်းလာထိုင်ကြသူများ မဟုတ်ပါ။ သိပ္ပံပညာသည်များ ဖြစ်ကြပါ၏။ ပါမောက္ခကြီးမှာလည်း ကမ္မဋ္ဌာနစရိယ မဟုတ်ပါ။ အိတ်စ်ရေးကို စတင်တွေ့ရှိသူ ဖြစ်၏။

သူကား ဝီလီယံ၊ ကွန်းရတ်၊ ရွန့်တ်ဂင် ဖြစ်၏။ ဂျပန်များက သူ့နာမည်ကို အဖျားဆွတ်၍ "ရင့်တိုဂင်"ဟု ခေါ်ကြခြင်းဖြစ်ကြောင်းနှင့် သီပေါမင်းပါတော်မူပြီးစက ကိစ္စတွေကို ပြန်လည်ဆန်းသစ်လိုက်ပါ၏။

●

ဘက်ဆဲလား

ပြောချင်တာလေးတွေ ရှိနေတော့လည်း ပြောရဦးမည်ပေါ့။

ဂျပန်လူမျိုးတို့သည် ဒုတိယကမ္ဘာစစ်ကြီးတုန်းက ရမ်းချင်တိုင်း ရမ်းခဲ့ကြ၍လား မသိ။ ယခုစစ်ပြီးတော့ သေရမှာ တော်တော့်ကို ကြောက်လာကြသည်။ စစ်အတွင်းတုန်းက 'ခါမီခါဇေ' တပ်ဖွဲ့တွေ ဖွဲ့၊ အသေခံ ပစ်လိုက်သည်တွင် သေဝံ့သူတွေ ကုန်သွားသလား မသိ။ စစ်ပြီးသောအခါတွင် သေရမှာကြောက်သူတွေချည်း ကျန်ရစ်လေရော့သလား ထင်မှတ်ရ၏ ။

"နေပါဦး မောင်ကြပ်ကလေးရယ်။ မင်းကကော အလကားနေရင်း သေချင်သလား။ ဒီလိုသေချင်ရင်လည်း အစကတည်းက ဘာဖြစ်လို့ မွေးလာရသလဲ"ဟူ၍ မေးစရာ ရှိပါ၏ ။

ဟုတ်ကဲ့။ တကယ့်တော့ ကျွန်တော်လည်း သေ့ရမှာ ကြောက်ပါသည်။ ထို့ကြောင့် မျဉ်းကြားမှ လမ်းမကူးပါ။ မီးပွိုင့်တွင် မီးနီပြ၍ ကားတွေရပ်နေတာ သေချာမှ လမ်းကူးပါသည်။ ထို့ကြောင့် ခဏတဖြုတ်

လမ်းလျှောက်ရာ၌ နေ့ဝက်လောက် အချိန်ကုန်ရပါသည်။

ကျွန်တော် ပြောလိုသည်မှာ သေရမှာကြောက်ကြခြင်းသည် ဂျပန်လူမျိုးများသာ မဟုတ်ပါ။ ကျွန်တော့်တစ်ကိုယ်လုံး အပါအဝင် အခြားသော အခြားသော သူများသည်လည်း သေရမှာ ကြောက်ကြပါသည်။ သို့သော် ဂျပန်များနှင့်ကွာခြားသည်ကား ကျွန်တော်တို့သည် သေရမှာ ကြောက်ရုံသာ ကြောက်ကြ၏။ အသက်ရှည်ရန်အတွက် အလွန်ကြိုးစားဆောင်ရွက်ခြင်း မပြုပါ။

မြန်မြန်သေပါစေတော့ဟူသော စေတနာမထားသော်လည်း ဆေးလိပ်သောက်ကြသည်။ သေလည်း အေးတာပါပဲဗျာ ဆို၍ အရက်သောက်ကြခြင်းမဟုတ်ပါ။ (ကြော်ငြာကောင်း၍သာ ခံစားကြည့်၊ သောက်ကြည့်နေကြခြင်း ဖြစ်ပါသည်။ အလုကုန်နှင့် ရွှေထည်များကိုတော့ ခံစားကြည့်နိုင်ရန် အခြေအနေ မပေးပါ။)

အချုပ်ပြောရလျှင် ကျွန်တော်တို့သည် သေရမှာကြောက်သော်ကြောက်ငြားလည်း အသက်ရှည်ဖို့ မကြိုးစားကြပါ။ တစ်နည်းဆိုရသော် ကျန်းမာရေးကို ဂရုမစိုက်ကြပါ။

ဂျပန်များ ကျန်းမာရေး ဂရုစိုက်ပုံကို ကျွန်တော် ရေးဖူးပါပြီ။ ၁၉၉၇ ခု၊ အောက်တိုဘာလထုတ် ရုပ်/ သံ မဂ္ဂဇင်းတွင် အအေးမိခြင်းကလေးကိုပင် မည်သို့ မည်ပုံ ကာကွယ်ရမည်ကို အကျယ်တဝင့် သုတေသန ပြု၍ ဖော်ပြနေကြပါသည်။

ထိုကိစ္စကိုပင် ဆက်ချင်ပါသေးသည်။ 'အမှိုက်ကစ ပြဿာဒ်မီးလောင်' ဆိုသကဲ့သို့ လည်းကောင်း၊ 'နှမည့်အစ ယားသည်၊ သေမည့်အစ ဖျားသည်' ဟူသကဲ့သို့ လည်းကောင်း အအေးမိခြင်းကိုပင် ပစ်ထားလျှင် ခေါက်ကနဲ 'ဂန့်' သွားနိုင်သည်ဟု သဘောပိုက်ကာ အအေးမိဆဲကာလတွင်ပင် လက်မကိုင်မိ၊ ခြေမကိုင်မိ အရေးယူသင့်ပါ၏။ သေးသေး

လည်း ကျန်းမာရေး၊ ကြီးကြီးလည်း ကျန်းမာရေး မဟုတ်ပါလား။ ဘာမဟုတ်သည့် ငရုတ်သီးမှုတ်ကလေး စားမိရုံဖြင့် ထိပ်တန်းရောဂါကြီးတစ်ခုဖြစ်သော ကင်ဆာရောဂါအထိပင် ထိုက်ထိုက်တန်တန် ဖြစ်နိုင်ကြောင်း သတိပြုသင့်ပါ၏။

ဤသို့သော ရှုထောင့်မှ ကြည့်မိသောအခါ ကျွန်တော်သည် ဂျပန်လူမျိုးတို့၏ သုတေသန စိတ်ဓာတ်ကို လေးစားလည်း လေးစားပါသည်။ ကိုယ်တိုင်လည်း လိုက်နာကျင့်သုံးချင်ပါသည်။ သေဖော် ညှိတာတော့ မဟုတ်။ မသေဖော်ညှိသော သဘောဖြင့် အခြားသူများကိုလည်း ကျင့်သုံးစေလို၍ ဖော်ပြလိုက်ပါ၏။

လူသည် အအေးမိခြင်းမှာ ပင်ပန်းနွမ်းနယ်နေသောအချိန်၊ စိတ်အေးချမ်းမှုမရှိသော အချိန်မျိုးတွင် ဖြစ်တတ်သည်။ ဤသို့သောအချိန်မျိုး၊ ဤသို့သော အခြေအနေမျိုးတွင် လူ၏ ခုခံအား လုပ်ဆောင်မှုသည် ခါတိုင်းနှင့် သိသိသာသာပင် ကျဆင်း၏။

ထို့ကြောင့် အအေးမိခြင်းကို ရင်ဆိုင်ရသော ကိုယ်ခန္ဓာ၏ ဆန့်ကျင်စွမ်းအားသည် အားပျော့သွားတော့၏။ တကယ်တော့ အအေးမိခြင်းနှင့် ဆန့်ကျင်စွမ်းအားတို့သည် လုပ်ပွဲကြီးလုပ်နေကြခြင်းမဟုတ်။ ဆန့်ကျင်စွမ်းအားသည် တကယ်ပင် အားလျော့သွား၍သာ အအေးမိခြင်းက နိုင်သွားခြင်း ဖြစ်ပါသည်။

ဂျပန်သုတေသီတို့က အအေးမိတတ်ချိန်တွင် ဆန့်ကျင်စွမ်းအားကို တိုးမြှင့်လာစေရန်အတွက် မည်သို့မည်ပုံ လုပ်ရမည်ကို ပြောပြသည်။

သူ့နည်းကား အသည်းနှင့် ကျောက်ကပ်တို့ကို ရေမြှုပ်ကြပ်ထိုးခြင်းဖြစ်၏။ "ဟယ် ... သေတော့မှာပဲ။ အအေးမိတာကာကွယ်ဖို့ ဗိုက်ခွဲရဦးမှာလား"ဟူ၍ အကြောက်အကန် အပြစ်မတင်စေလိုပါ။ ရေမြှုပ် (ဝါ) ဖော့ကို အပူပေး၍ မျက်နှာသုတ်ပဝါဖြင့် ပတ်ထုပ်ကာ အသည်းနှင့်

ကျောက်ကပ်တို့၏ အနီး၊ ခန္ဓာကိုယ်ပေါ်မှနေ၍ ဖတ်ခနဲ ဖတ်ခနဲ ကပ်ကပ်ပြီး မိနစ် ၃၀ ခန့် ကြပ်ထုပ်ထိုးပေးရမည် ဆိုပါ၏။

အသည်းတွင် အဆိပ်ဖြေသော အလုပ်၊ ကျောက်ကပ်တွင် အဆိပ်သင့်သောအရာတို့ကို စစ်ယူသော အလုပ်ရှိကြရာ ရေမြှုပ်ကြပ်ထိုးပေးခြင်းဖြင့် အသည်းနှင့် ကျောက်ကပ်တို့၏ စွမ်းရည်တို့သည် ဓာတ်ပြောင်းမှုဖြစ်ကာ အအေးမိခြင်းကို ရင်ဆိုင်သော ခုခံစွမ်းရည်ကို ရရှိလာရမည် ဆို၏။

သူတို့၏ နည်းကို အအေးမိပြီ ထင်သောအခါတွင် စမ်းသပ်ကြည့်ရန် ဖြစ်ပါသည်။

ကျွန်တော်တို့တစ်တွေက အအေးမိလျှင် ကရိကထများတာတွေကို မလုပ်ချင်ကြဘဲ ကရိကထနည်းသော ဆေးသောက်ကြခြင်းကိုသာ ကောက်လုပ်ချင်ကြ၏။ (ကြော်ငြာတွေကိုလည်း ကြည့်မိ ကြည့်မိနေသော ကြောင့် ဖြစ်သည်။)

ဂျပန် သုတေသီများကမူ သူတို့၏ ကြပ်ထုပ်ကို အားကိုးကြသလား မသိ။ ဆေးတွေ ကောက်ကောက်သောက်ခြင်းကို မနှစ်သက်ကြချေ။ ဆေးများသည် အစာအိမ်နှင့် အူများကို ဆိုးဝါးစေနိုင်ပြီး အာဟာရ ရယူခြင်းဟူသော လုပ်ဆောင်မှုကို အားပျော့စေတတ်သောကြောင့် ဆေးမသောက်ခြင်းက ပို၍ ကောင်းသည်ဟု သူတို့က ပြောကြ၏။ သူတို့၏စကားကလေးများက ထောက်ခံကြမည်ဟု ထင်၏။ ကလေးများသည် တစ်ရာတွင် ၉၉ လောက်က ဆေးကြောက်ကြသည်။ ကျန်တစ်ယောက်က ကျန်းမာရေးကောင်း၍ ဆေးမသောက်ရသူ ဖြစ်၏။

အချဉ်ပေါက်သော အစားအစာများကို ဓာတ်စာအဖြစ် စားလျှင် အအေးမိခြင်းကို ကာကွယ်နိုင်သည် ဆို၏။ သူတို့ ဓာတ်စာကတော့ ကြိတ်ထားသော ပန်းသီးပေါ်သို့ ဆာကေးဖန်ခွက် တစ်ခွက်စာဖြစ်သော

သစ်သီးယိစ် (Yeast) ကို ဖြူး၍ ငါးမိနစ်လောက်ထားပြီးစားလျှင် အအေးမိခြင်း မဖြစ်နိုင်ဟု ဆိုသည်။

ကျန်းမာရေးနှင့် ပတ်သက်၍ ပြောချင်တာတွေ ကုန်ပြန်တော့ စာရေးခြင်းနှင့် ပတ်သက်၍ ပြောချင်လာပြန်သည်။ ဂျပန်တွေကလည်း စာအုပ်တွေကို သုတေသန ပြုသည်။ ကျွန်တော်ကလည်း လက်လှုပ်မှ ပါးစပ်လှုပ်ရသည့်ဘဝတွင် ရောက်နေသည်။ ဟပ်မိလေစွ (ပြေးရင်း ချေးပုံတိုးသောခွေး ဟူသည့် စကားပုံကို သတိမရကြစေလိုပါ။)

ဂျပန်ပြည်တွင် မကြာသေးမီက ငလျင်ကြီးလှုပ်လိုက်ရာ ကိုဘေးငလျင်နှင့် ပတ်သက်၍ စာအုပ်တွေ အများကြီးထွက်လာပြီး ထိုစာအုပ်တွေအားလုံး ရောင်းကောင်းကြသည် ဆို၏။ သို့သော် ဤကိစ္စမှာ ကျွန်တော့်အတွက် အသုံးမဝင်ပါ။ မြန်မာနိုင်ငံ မှာလည်း ငလျင်ကြီးများက ရှားပါးလှ၏။

နောက်စူးစမ်းမိတာတစ်ခုကတော့ 'ကြောင်' ကို စာအုပ်နာမည်ထဲတွင် ထည့်၍ ရေးသော စာအုပ်တွေ ရောင်းကောင်းသည် ဆို၏။ ဥပမာ–'ကြောင်တစ်ကောင်ထွက်ပြေးသွားခြင်း' ဟူသော အဓိပ္ပာယ်ရသည့် 'နေကိုးမော်ဘိုးမေး' ဟူသော စာအုပ်သည် ရောင်းကောင်းလှသည် ဆို၏။ အခြားသော 'ကြောင်' ပါသည့် နာမည်နှင့် စာအုပ်တွေလည်း 'ဘက်ဆဲလာ'တွေ ဖြစ်ကြကုန်သည် လေ့လာသုံးသပ်မိကြ၏။

နောက်တစ်ခုမှာ လူနာမည်တွေကို စာအုပ်ခေါင်းစဉ်တွင် ထည့်၍ စာအုပ်ရေးခြင်းသည်လည်း စာအုပ်ကို ရောင်းကောင်းစေနိုင်သည်ဟု သူတို့ဆိုကြသည်။ ထို့ကြောင့်များလား မသိ၊ ဂျာနယ် မဂ္ဂဇင်းများတွင် အင်တာဗျူးကြခြင်းလား မသိ။ နာမည်ကျော်သူများ၏ နာမည်တွေပါသဖြင့် မာတိကာ ကြည့်ပြီး ဝယ်သူတွေ များသလား မသိ။

"မောင်ကြပ်ကလေးရယ် ...၊ မင်းကကော နာမည်ကျော်ချင်လွန်း

လား"ဟု မေးငြားအံ့။ ကျွန်တော်သည် ရင်ဘတ်ကို မေးစေ့နှင့် ရိုက်လဲ့နေသလား ထင်ရလောက်အောင်ပင် ခေါင်းညိတ်ပြပါသည်။

ကျွန်တော်သည် နာမည်ကြီးချင်၍သာ ဂျာနယ်၊ မဂ္ဂဇင်း၊ လုံးချင်းတွေ ရေးနေခြင်း ဖြစ်ပါသည်။ နာမည် မထင်ပေါ်လိုလျှင် အိမ်သာ နံရံတွေမှာ ရေးမည်သာ ဖြစ်၏။ ထို့ကြောင့် စိတ်ချထားပါ။ ကြပ်ကလေးသည် အိမ်သာနံရံတွင် ဘယ်တော့မှ စာမရေးပါ။ အရုပ်လည်း မဆွဲပါ။

အစ်မတစ်ယောက် မကွယ်လွန်မီက ပြောဖူး၏။ "ဒီကောင်ဟာ အသက် ၄၀ ရောက်တာတောင် ပေါတုန်းပဲ"တဲ့။ ဟုတ်ကဲ့၊ ယခု အစ်မကို ခေါင်းထောင်၍ ပြောပြချင်ပါသေး၏။ "အသက် ၇၀ ရှိနေပြီတိုင်အောင် ပေါတုန်းပါပဲ"ဟူ၍ ပြောပြချင်ပါ၏။

အဘယ်ကြောင့်နည်း။ ယခုလို ပေါခြင်း နည်းပါးလှသောအခါမျိုးတွင် ကျွန်တော် ပေါပါမည်။ ဟာသသည် ယနေ့ ရှားပါးစာပေ ဖြစ်နေ၏။ ရှားပါးတာကို မကြိုက်ဘဲ ပေါတာကိုသာ လိုက်နေကြသူများအတွက် ပေါပစ်လိုက်ရလျှင် 'ဘက်ဆဲလား' များ ဖြစ်လေမလား။

မဖြစ်တော့ပြီ။ ဘက်ဆဲလား ဖြစ်ချင်သော ကျွန်တော် ကြေပ်ကလေးသည် ရောင်းကောင်းသော စာအုပ်ကို ရေးမှ ဖြစ်မည်။ ကြော် ပါမည်။ နာမည်ကျော် ပုဂ္ဂိုလ် ပါရမည်။ ဟို ဘိုးကော်နာမည်ကို ထည့်ရေးလျှင် အကုသိုလ် ဝင်တတ်သည် ပြောကြ၏။ ဒီတော့ အကုသိုလ်လည်း မဝင်ရအောင် ဂျပန်ယတြာနှင့်လည်း ကိုက်ညီစေရန် ကျွန်တော် စာအုပ်တစ်အုပ် ရေးပါမည်။

"ကြောင်ကုတ်ခံရသည့်
ကြပ်ကလေး၏ ငလျင်ရှောင်ပုံ"

●

လူနှင့် အပြောင်းအလဲ

ပြောချင်တာလေးတွေ ရှိနေတော့လည်း ပြောရဦးမည်ပေါ့။ ယနေ့ လူ့လောကကြီးသည် တိုးတက်မှု အရမ်းပင်လျင်မြန်နေ၏။ သမိုင်းကို ပြန်ကြည့်ပါ။ ကျွန်တော် သိပါသည်။ သင် သမိုင်းကလာတာ မဟုတ်သဖြင့် သမိုင်းတွင် ဘာကျန်ရစ်ခဲ့သလဲဟု ပြန်ကြည့်ခိုင်းနေခြင်း မဟုတ်ပါ။ လူ့သမိုင်းကို ပြန်လည် သုံးသပ်ရန် ပန်ကြားနေခြင်းသာ ဖြစ်ပါသည်။

သမိုင်းစဉ်တွင် လူသား၏တိုးတက်မှုမှာ နှေးကွေးလှပါ၏။ လူသည် စပေါ်ကတည်းက .... မှန်၏။ စ၍ ပေါ်ကတည်းက အဝတ်အစားမဝတ်ချေ။ ပြီးတော့ ခြေသလုံးအိမ်တိုင်ဖြစ်၏။ ပညာရှင်တွေ ဘယ်နေရာက သွားပြီး ချောင်းကြည့်နေခဲ့ကြသည် မသိ။ သူတို့ အပြောအရဆိုလျှင် ယောကျ်ားများက ယောကျ်ား သတ်သတ်၊ မိန်းမများက မိန်းမသတ်သတ်အုပ်စုလိုက်နေကြသည် ဆို၏။ ယောကျ်ားများက မိန်းမလိုချင်သော် အတင်းဝင်၍ မိန်းမတစ်ယောက်ကို မေ့လဲအောင် ရိုက်၍

ယူရ၏။ သို့သော် ထိုမိန်းမသည် အိမ်ထောင်သဘောမျိုး မဟုတ်။ သူ့အုပ်စု သူ ပြန်သွား၏။ ဤသို့ဆိုသည်။

ဤသို့ဖြင့် လူသည် အဝတ်စား ဝတ်တတ်သည်အထိ တိုးတက်ဖို့ နှစ်တွေ ထောင်နှင့် သောင်းနှင့်ချီပြီး ကြာသည်။ တစ်ဖန် အဝတ်အစား ဝတ်တတ်လာပြန်သော်လည်း အပိုင်းအစနှင့် တစ်ကိုယ်လုံး မဖုံးဘဲ ပေါ်တာက များနေပြန်၏။ ဤသို့ဖြင့် တစ်ကိုယ်လုံးဖုံးဖို့ နှစ်တွေ ထောင်ချီ ကြာပြန်သည်။ ထို့နောက်မှ တစ်ကိုယ်လုံး ဖုံးခဲ့ရာ၊ ဟော ... ယခု နှစ်တွေ ရာလောက်ပဲ ချီရသေးတယ်။ ပြန်၍ မလုံမခြုံတွေ ဖြစ်ကုန်ကြပြန်တော့၏။

ဝတ်ရေးတွင်မက စားရေးမှာလည်း သမိုင်းမတင်မီ ... ဟုတ်ကဲ့ သမိုင်းသည် ရေထဲမျောပါနေသည်တော့ မဟုတ်ပါ။ သည်လိုပဲ ပြောကြ တာ ထုံးစံဖြစ်သဖြင့် ကျွန်တော်ပြောပါရစေ။ သမိုင်းမတင်မီက လူသားများ သည် ထမင်းကို စိုက်စားရကောင်းမှန်း မသိချေ။ ထမင်းကိုပင် စားရ ကောင်းမှန်း မသိခဲ့ကြပါ။ ထို့ကြောင့် ကမ္ဘာဦးအစက ထမင်းဆိုင်တွေ မရှိကြပါ။ ရက်စတောရင့်တွေ၊ ဟိုတယ်တွေ၊ မိုတယ်တွေလည်း ရှိခဲ့ပုံ မရပါ။

ထိုအချိန်က လူသားများသည် သီးပြီးသား သစ်သီးတွေကို အဆင် သင့် ခူးစား၏။ ကြွေကျနေလျှင်လည်း ကောက်စား၏။ ပြုပြင်ဖန်တီး လုပ်ကိုင် မစားတတ်သဖြင့် ကမ္ဘာဦးသူ၊ ကမ္ဘာဦးသားများ ကွာစေ့စားခြင်း၊ ဆီးထုပ်စားခြင်း၊ ယိုစုံစားခြင်းများ မပြုလုပ်ကြပါ။

ကောက်ပဲသီးနှံများကို မြေကြီးတွင် စိုက်ပျိုး၍ရနိုင်ကြောင်းကို သိလာကြသည်တွင် သူတို့သည် နေရင်းထိုင်ရင်းက ဦးကြီးတွေ ဖြစ်လာ ကြ၏။ ယင်းသည် အစားအသောက်ကို ကိုယ်တိုင်ဖန်တီးထုတ်လုပ်တတ် အောင်အထိ နှစ်ပေါင်း ထောင်ပေါင်း များစွာ ချီ၍ ကြာလာသည်။ သို့ သော် စားတော်ပဲပြုတ်ကို စားတတ်ရာက ပဲပလာတာ စားသောအဖြစ်

သို့ရောက်ရန်ကား ဆယ်စုနှစ်လောက်နှင့် တတ်လာကြ၏။ ရေကို ခဲအောင် လုပ်တတ်လာရာက ရေခဲချောင်းစားတတ်သည်အထိ ဆယ်စု နှစ်လောက် သာ ကြာခဲ့ပြီး ရေခဲထုပ်စားတတ်သည့်အဖြစ်သို့ ဆယ်နှစ်ပင် မကြာချေ။ ဖြုတ်ကနဲ တိုးတက်လာ၏။

ရေချည်းသောက်ရာက အရက်ကလေးရော၍ သောက်တတ်ဖို့ နှစ်တွေ ရာနှင့်ထောင်နှင့် ချီပြီး ကြာခဲ့ရသော်လည်း ဘီယာသံဘူးဖောက်၍ သောက်တတ်သည့်အဆင့်သို့ ရောက်ရန်ကတော့ မြန်လှသည်။ ကံစမ်းမဲကို ရှာဖွေတတ်ခြင်းက ပို၍ မြန်တော့သည်။

နေရေးတွင် ကြည့်ပါဦး။ သစ်သီးရှုးဆွတ် ကုန်းကောက်သည့် ဘဝက ကိုယ်တိုင်စိုက်ပျိုးတတ်သောအခါတွင်ကား နေရာတစ်နေရာတွင် အတည်တကျ နေလာရတော့သည်။ စပါးပင်တွေ စိုက်ထားပြီးမှ တခြား ရွှေ့ပြောင်းသွားလျှင် အလစ်သမားတွေက သဘောကျတော့မည်။ ကပျာကယာ နေရာယူ၍ စပါးတွေမှည့်လျှင် ရိတ်သိမ်းမည်ပေါ့။ စစ်ဘေးဒဏ်ကြောင့် ပိုင်ရှင်လူမျိုးခြားတွေ ပြန်အပြေးတွင် တက်နေလိုက်ကြသကဲ့သို့ ဖြစ်၏။ သို့သော် ထိုသို့ တက်နေခြင်းက မြန်ဆန်၏။ ထိုအိမ်များ ဒီဘီဖြစ်၍ စည်ပင်က ပိုင်ရှင်ဝင်လုပ်ရသော အချိန်က ပို၍ မြန်ဆန်၏။ တိုးတက်မှု မြန်ဆန်လာသော သဘောတည်း။

မြေနေရာ အတည်တကျ ဖြစ်ခဲ့သော် မိန်းမလည်း အတည်တကျ ဖြစ်လာရ၏။ မိန်းမ အတည်အကျ ဖြစ်လာသည်နှင့်တစ်ပြိုင်နက် မွေးဖွားလာသောကလေးများအတွက် တရားခံရှာရ လွယ်လာသည်နှင့်အမျိုးသားစုတွေ ဖြစ်လာရသည်။

သို့ရာတွင် ဤအဆင့်ရောက်အောင် တိုးတက်လာဖို့အတွက် နှစ်ပေါင်းရာထောင်ချီ၍ ပြောင်းလဲရသည်ကို သမိုင်းစဉ်ကို သုံးသပ်ပါက သိရှိလွယ်ပါတော့၏။

သို့သော် ... ယနေ့ကမ္ဘာကို ကြည့်ပါ။ ဟုတ်ကဲ့ ... အိမ်ရှေ့က တိုက်ကြီး ကွယ်နေသည်ကို ကျွန်တော် သိပါသည်။ သင်သည် မံသစက္ခု ဖြင့်တော့ ကမ္ဘာကြီးကို မမြင်ပါ။ စိတ်ကူးဖြင့် ဆင်ခြင်ကြည့်ရန် ပြောခြင်း ဖြစ်ပါ၏။

ကမ္ဘာပေါ်တွင် အခြေအနေများသည် နှစ်မဆိုထားနှင့်... လနှင့် ချီ၍၊ ရက်နှင့်ချီ၍သာ လျင်မြန်စွာ ပြောင်းလဲနေသည်။ ရှေးခေတ်က ဆံပင် ထုံးဖွဲ့ပုံ တစ်ခုသည် နှစ်ပေါင်း ရာနှင့်ချီ၍ တည်နေနိုင်သော်လည်း ယနေ့ ဆင်ယင်မှုသည် ချက်ချင်း ပြောင်းလဲ၏။ မနေ့က ဆံထုံးနှင့် မိန်းမသည် ယနေ့ ယောကျ်ား လေးဆံပင်နှင့် ဖြစ်၏။ သို့သော် သူသည် နက်ဖြန်တွင် ဆံထုံးကြီးနှင့် ပြန်ဖြစ်နေနိုင်၏။ ခေါင်းပေါ်စွပ်ထားလိုက်ရုံသာ ရှိ၏။ ထို့ကြောင့်ပင် ရုပ်ရှင်မင်းသမီး၊ ဗီဒီယိုမင်းသမီးတွေ မယ်သီလရှင်ဝတ်ရမှာ ဝန်မလေးခြင်း ဖြစ်၏။

ယနေ့ ကမ္ဘာတွင် ဖြစ်ရပ်တွေ ပြောင်းလဲနေသည်။ ထိုနည်းတူစွာ ပင် စိတ်ကူးသစ်များ၊ ပန်းတိုင်သစ်များ၊ အမှန်တရားအသစ်များကို ဖော် ထုတ်ကြကာ ကမ္ဘာသစ်၊ စနစ်သစ်ကို ထူထောင်နေကြပေပြီ။

ကျွန်တော်သည်လည်း သမိုင်းစဉ်ကို သုံးသပ်မိရာမှ တွေးတော နေမိ၏။ ကျွန်တော်တို့သည် ကမ္ဘာဦးက ယောကျ်ားတွေပီပီ လွတ်လွတ် လပ်လပ် လည်ပတ်သွားလာနေရာက မိန်းမတွေ အကပ်ကောင်းလိုက် သဖြင့် ဂွပ်ကနဲ အိမ်ထောင်ကျကုန်ကြသည်။ အိမ်မဝယ်နိုင်သူတွေ အိမ် မပါသော ထောင်ကျကုန်ကြ၏။

ယနေ့ ကမ္ဘာကြီးသည် ပြောင်းလဲနေ၏။ အတွေးသစ်၊ စနစ်သစ် တွေ ပြောင်းလဲနေ၏။ ဤသို့ဖြင့် ကျွန်တော်တို့သည် ခြေသလုံးအိမ်တိုင် ဘဝကို ပြန်မသွားဘဲနှင့် လွတ်လွတ်လပ်လပ်ပင် မိန်းမတွေ ကြုံသလိုယူ သော စနစ်သစ်တစ်ခုသည် မပေါ်ပေါက်ကောင်းပါသလားဟု တွေးနေ

မိ၏။ ဟုတ်ကဲ့ ... တွေးရုံသာ တွေးနေမိပါသည်။ တကယ် မဖြစ်စေလို ပါ။ ကျွန်တော် မမီတော့သော ရထားကို ပြန်၍ ကွေ့မလာစေလိုပါ။ သံလမ်းများ သူ့အတိုင်းပဲ ရှိပါစေတော့။

ကမ္ဘာကြီးသည် တိုးတက်မှု မြန်လာသည့်အလျောက် ဆက်သွယ်ရေး၊ ကူးသန်းသွားလာရေး စသည်တို့လည်း ခေတ်မီ မြန်ဆန်လာကြရာ ကမ္ဘာပေါ်မှ တိုင်းပြည်တွေကို တစ်ခုနှင့် တစ်ခု ဆွဲကပ်လိုက်သလို ဖြစ်ရတော့သည်။

သို့ဖြစ်လေရာ ယဉ်ကျေးမှုသည်လည်း ရှေးခေတ်တွေကလို နယ်မြေအလိုက် ယဉ်ကျေးမှု၊ လူမျိုးအလိုက် ယဉ်ကျေးမှုများ အဖြစ်မှနေ၍ ကမ္ဘာ့ယဉ်ကျေးမှုကြီးဟူ၍ ဖြစ်လာရတော့သည်။ ရှေးခေတ်က မြန်မာတို့သည် ထမင်းကိုသာစား၍ ပေါင်မုန့်နှင့် ရေခဲမုန့်တွေကို မစားပါ။ ယနေ့ မြန်မာတို့သည် ထမင်းကိုလည်း စား၏။ ပေါင်မုန့်ကိုလည်း စား၏။ ပူရီကိုလည်း စား၏။ ချဉ်လှပါသော ကိုရီးယား ရေခဲသုပ်ကိုလည်း စား၏။ မယုံလျှင် အေတီတီကို သွားကြည့်ပါ။

ဤသို့ အစားအသောက်တွေ ပျံ့နှံ့ရောယှက်ကုန်သဖြင့် အစားအသောက်တစ်ခုကို ပစ္စက္ခုပ္ပလာတာ ကြက်သား၊ မြိတ်ကတ်ကြေးကိုက် စသည်ဖြင့် ဒေသအလိုက် မခွဲခြားနိုင်ရုံသာမက ယိုးဒယားဟင်းချို၊ တရုတ်ခရုခေါက်ဆွဲကြော် ဟူ၍လည်း တိုင်းပြည်အလိုက် မခွဲခြားနိုင်တော့ပါ။ ပန်းသေးခေါက်ဆွဲကို ကုလားများလည်း ရောင်းဝယ်နိုင်ကြပါ၏။

အစားအသောက်များနည်းတူပင် ယဉ်ကျေးမှုတွေလည်း လျင်မြန်စွာ ပျံ့နှံ့ရောထွေးကုန်ကြပါပြီ။ ယနေ့ ကျွန်တော်တို့ မြန်မာများသည်လည်း ကောင်း၊ ထိုင်းများသည် လည်းကောင်း ထိုးကွင်းတွေကို စွန့်လွှတ်၍ ဘောင်းဘီရှည်တွေ ဝတ်ကုန်ကြပါပြီ။

ဤသို့ဖြင့် လျင်မြန်စွာ တိုးတက်နေသော ကမ္ဘာကြီးက ဖော်ထုတ်

လိုက်သည့်အတိုင်း ကမ္ဘာ့ယဉ်ကျေးမှုကြီးကို ထူထောင်ကာ နိုင်ငံတိုင်းက ကောင်းတာတွေကို ဖော်ထုတ်ပြီး စုပေါင်းထူထောင်ကြရန် ကြိုးပမ်းသင့်ကြောင်းကို ကျွန်တော့်ဦးခေါင်းက မတန်မရာ တွေးတောမိပါကြောင်း ပြောပြလိုက်ရပါတော့သည်။

ချင့်ချင့်ချိန်ချိန် ... လင်မယား

ပြောချင်တာလေးတွေ ရှိနေတော့လည်း ပြောရဦးမည်ပေါ့။

သည်တစ်ခါတော့ လင်မယားကိစ္စ ပြောချင်ပါသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် 'လင်နှင့်မယား လျှာနှင့်သွား' ဟူသော စကားပုံရှိ၏။ လျှာနှင့်သွားတို့သည် မကြာခဏပင် ကိုက်မိတတ်ကြသည်။ ထိုနည်းတူပင် လင်နှင့်မယားတို့သည် မကြာခဏဆိုသလို စကားများတတ်ကြ၏။

ကျွန်တော် စဉ်းစားကြည့်သည်။ အခြားသော လူမျိုးများတွင်လည်း လင်မယားသည် တကျက်ကျက်သာ ဖြစ်ကြပါသည်။ ပြီးတော့ သူတို့တွင်လည်း လျှာတွေ၊ သွားတွေ ရှိကြပါသည်။ သို့စဉ်လျက် သူတို့တွေကျတော့ ဘာကြောင့်များ 'လင်နှင့်မယား လျှာနှင့်သွား' ဟူသော စကားပုံ မရှိကြပါသနည်း။ သူတို့၏ဘာသာစကားတွင် 'မယား' နှင့် 'သွား' တို့သည် ကာရန် မသင့်၍ ဖြစ်ပေလိမ့်မည်။

မယားနှင့်သွား ကာရန် သင့်မသင့်တော့ မပြောတတ်ပါ။ သူတို့ လင်မယားတွေလည်း တကျက်ကျက်တော့ ဖြစ်ကြသည်။

ဂျပန်လင်မယားတွေကိစ္စကို ရှေးဦးစွာ ပြောချင်ပါ၏။

တစ်ခါက အမြဲတမ်း တကျက်ကျက် ဖြစ်နေသော လင်မယား နှစ်ယောက်ရှိသည်။ (လင်နှစ်ယောက် မယားနှစ်ယောက်တော့ မဟုတ်ပါ။ လင်ရော မယားပါ ပေါင်းမှ နှစ်ယောက်တိတိ ဖြစ်ပါသည်။)

ဇနီးဖြစ်သူက စိတ်ဆိုးတိုင်း ထွက်သွားမည်ဟု အကြိမ်ကြိမ်ကြံသော်လည်း လင်ယောကျာ်းဖြစ်သူ၏ စကားတစ်ခွန်းကြောင့် အကြံကို လက်လျှော့ရသည်ဟု ဆိုသည်။ လင်ဖြစ်သူက ဇနီးအား မြှောက်ပင့်ပြောဆိုချက်သည် နားဝင်ချိုသွားသောကြောင့် ဖြစ်၏။

မယား ဆင်းသွားမည်ကြံသော် လင်က ဒေါသဖြစ်နေသော မျက်နှာဖြင့် ပြောသည်။

'ဘာလဲ ငါ့ကို ငတ်သေလည်း ကောင်းတာပဲလို့ မင်းက ယူဆတယ် ပေါ့လေ'

'ဒီစကားမျိုး မပြောပါနဲ့၊ ထမင်းပဲ ဘယ်သွားဝယ်စားစား ရတာပဲ ဟာ'

'ငါဟာ အစားအသောက် ဇိဇာကြောင်မှန်းသိလို့ မင်းပြောနေတာ လား။ ဘယ်စားသောက်ဆိုင်ပဲ ဖြစ်ဖြစ် မင်းချက်တဲ့ ဟင်းနဲ့ တူတာမရှိဘူး ဆိုတာကိုလည်း ထည့်စဉ်းစားပါဦး'

'မာနထားပြီးများ ပြောပါဦးရှင်'

'အေး ငါ့မှာ အရင်ကတည်းက ယောကျာ်းမာန် ရှိပါတယ်။ မင်း ဆင်းသွားချင် ဆင်းသွားပါ၊ ငါမတားပါဘူး ဒါပေမဲ့ နေ့တိုင်း နေ့တိုင်း ဟင်းကိုတော့ လာလာချက်ပေးပေါ့'

'ဒီလောက်ဒုက္ခခံမယ်လို့ ရှင်ထင်နေသလား'

ဇနီးဖြစ်သူက ရယ်မောပြောဆိုပြီး အိမ်ကဆင်းဖို့အကြံကို လက်လျှော့လိုက်လေတော့သည်။

သူ့နည်းက သိပ်တော့ မဆိုးလှပါ။ မယားကို စွဲလှသည်တော့ မဟုတ်။ ဟင်းကို စွဲနေခြင်းဖြစ်သည်ဟု ဆိုလိုသည်။ လက်ရာကို ချစ်၍ တွယ်ထားမှတော့ လက်ကြီး ထွက်ခွာပြေး၍ မရတော့ရချေ။

ကောင်းပါ၏။ သို့သော် ကျွန်တော့်မိတ်ဆွေတစ်ယောက်ဆိုလျှင် ဤနည်းကို အသုံးပြု၍ ရမည်မဟုတ်ပါ။

အဘယ့်ကြောင့်ဆိုသော် သူ့မိန်းမသည် ဘဲဥပဲကြော်တတ်ပါသည်။ ဟင်းတွေအားလုံး သူချက်လာခဲ့ရပေရာ လင်မယားရန်ဖြစ်တိုင်း ဂျပန်နည်းကို သုံးလျှင် ဆီလျော်အောင် မှိုင်ငြိမ်းပြု၍သာ သုံးမှရမည်။

'အေး မင်းဆင်းသွားချင်လည်း သွားပေါ့။ ငါ တခြားမိန်းမတွေဆီ သွားပြီး ဟင်းချက်ကျွေးနေမယ်'

ဤနည်းလည်း ဆိုးမည်မထင်ပါ။ အိမ်ဖော်တွေ စရိတ်ကြီးလှသည့် ယခုလို အခါသမယမျိုးတွင် ဇနီးဖြစ်သူသည် လခမပေးရဘဲ သူက လခ ပြန်ပေးရသော ထမင်းချက်ကို လက်ခံမည်တော့ မဟုတ်ပါ။

ကဲ ဟောသည် ဂျပန်လင်မယားဖြစ်ပုံကိုလည်း ကြည့်ပါဦး။

တစ်ခါက လင်မယားနှစ်ယောက်သည် အတူတကွ ပြဇာတ်သွား ကြည့်မည်ပြုကြသော ကာလဖြစ်၏။ ၁၅ မိနစ်လောက် စောင့်ဆိုင်းနေပါ သော်လည်း ဇနီးဖြစ်သူ ပေါ်မလာသေးသဖြင့် အိမ်ဖော်ကို မေးသည်။

'ဟဲ့ နင့်အစ်မ ရေချိုးနေတုန်းပဲလား'

'ဟုတ်ပါတယ်။ ရေချိုးနေတုန်းပါ'

လင်ဖြစ်သူက ခဏစောင့်နေသေး၏။ နောက်တစ်ခါ စိတ်မရှည် သလိုနှင့် အိမ်ဖော်ကို ပြောပြန်သည်။

'ဟဲ့ ရေချိုးတာ မပြီးသေးဘူးလားဆိုတာ သွားမေးကြည့်စမ်း'

'သွားမေးစရာ မလိုပါဘူး။ အစ်မဟာ ခုလေးတင်ပဲ ရေချိုးတာ ပြီးသွားပါပြီ'

လင်ဖြစ်သူက အံ့အားသင့်သွား၏။ အိမ်ဖော်မကလေးက ရက္ခစိုး မှော်အောင်ထားသည်ဟုလည်း သူမကြားမိ။ အကြားတွေ၊ အမြင်တွေ ရဖွယ်ရာလည်း ကြီး ၉ ကြီးတွင် ပုတီးလည်စိပ်နေသည်ဟု မကြားမိသော ကြောင့် ဖြစ်သည်။

'ဟဲ့ နင်က ဒီကနေ ဘယ်လိုလုပ် သိနေတာလဲ'

'ရေချိုးခန်းနဲ့ တည့်နေတဲ့ ဟိုဘက်အိမ်က လူဟာ သူ့ပြတင်းပေါက် ကို စောစောကပဲ ပိတ်သွားလို့ပါ'

ဟဲ ဟဲ လင်ဖြစ်သူက မျက်နှာပဲ နီသွားသလား၊ ခြေမကိုပဲ ကုန်း ကိုက်ချင်သွားသလား ဆိုသည်ကိုတော့ သူ့ဆောင်းပါးထဲတွင် ထည့်သွင်း ဖော်ပြမထားပါ။

အင်း သူတို့ ဂျပန်ဆိုရိုးစကားနှင့်တော့ ညီပုံရ၏။ ဟုတ်ကဲ့၊ ဂျပန် ဆိုရိုးစကားကို ပြောပါမည်။ ယောကျ်ားက ကြည့်ချင်သည်။ မိန်းမက ကြည့်စေ (ပြသ) ချင်သည် ဟူသတဲ့။

လင်မယားဟူသည်မှာ အရှေ့တိုင်းပွင်သာ ရှိသော ဆွေမျိုးစပ်ပုံ မဟုတ်ပါ။ အနောက်တိုင်း၊ တောင်တိုင်း၊ မြောက်တိုင်း များတွင်လည်း လင်မယား ဟူသော တော်စပ်ပုံတွေ့ရှိကြပါ၏။ ထို့ကြောင့် သူတို့၏ အဖြစ်တွေကိုလည်း စနည်းနာကြည့်မှ ပြည့်စုံမည်ဟူ၍ ကျွန်တော် ယူဆ ပါသည်။

ကိုင်း အနောက်တိုင်းသို့ ခြေဦးတည်ပါဦးစို့။

ကျွန်တော်ကဲ့သို့ပင် စပ်စုသော လူတစ်ယောက်သည် မိတ်ဆွေ တစ်ယောက်၏ လင်မယားဆက်ဆံပုံကို စိတ်ဝင်စားသဖြင့် မိတ်ဆွေကို ကျိတ်၍ မေးကြည့်သည်။

'ခင်ဗျားနဲ့ ခင်ဗျားမိန်းမတို့ သဘောထား ကွဲလွဲတာမျိုးများ ရှိဖူး လားဟင်'

'ဟာ ရှိတာပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော်က ဘယ်တော့မှ သူ့ကို ထုတ် မပြောခဲ့ပါဘူးဗျာ'

အင်း သူ့နည်းကလည်း ကောင်းပေစွ။ သဘောချင်း မတိုက်ဆိုင်ဘူး ဆိုလျှင် ဇနီးက ချည်းထုတ်ပြော၍ သူကတော့ အသာကလေး မြုံပေးလိုက်ပုံရ၏။

ကျွန်တော်နှင့် တူပေစွ။

ကျွန်တော်သည်လည်း ဇနီးဖြစ်သူနှင့် စကားများလျှင် တတ်နိုင်သရွေ့တော့ သည်းညည်းခံပါသည်။ သည်းညည်းမခံနိုင်သည့်အဆုံးတွင်တော့ ပါးကို ပိတ်၍ ရိုက်လိုက်ပစ်လိုက်ပါသည်။ (ကျွန်တော်၏ ပါးကို ပြန်ရိုက်ခြင်း ဖြစ်ပါ၏) သည်တော့လည်း ကျွန်တော် ပါးရိုက်တိုင်း ဇနီးက ငြိမ်၍နေခြင်း ဖြစ်ပေ၏။

အကျိုးထူးပါသလား။

ထူးပါသည်။ ထရံခြားနေသော အိမ်နီးချင်းများ၏ အကြားတွင် ကျွန်တော်သည် သိက္ခာမကျရပါ။ လူကိုမမြင်ရသဖြင့် သူတို့က အသံတွေကိုသာ ကြားနေရသည်။ ကဲ သူတို့ကြားသည်မှာ အောက်ပါအတိုင်း ဖြစ်မည်။

'တော်ဆို ငါပြောနေတယ်'

'မတော်ဘူးရှင် ဘာလုပ်ချင်သလဲ'

'ဩ တော်တော်ခေါင်းမာတဲ့ မိန်းမပါကလား။ ကဲကွာ (ဖျန်း) ကဲကွာ (ဖျန်း)'

နှစ်ခါလောက်နှင့် ရပ်ပစ်ရသည်။ အားလျှင် လင်မယားရန်ပွဲကို ဖျဉ်ချင်လှသော အိမ်နီးချင်းတွေ ပြေးဝင်လာလျှင် သဘောတွေ ပေါက်ကုန်မှာ စိုးရသည်။

နှစ်ခါလောက်နှင့် ငြိမ်သွားလျှင် ဖျဉ်တော့မည်ဟု လှမ်းမိသော

ခြေလှမ်းများကို ရုတ်တရက် ဘရိတ်ဖမ်းရသဖြင့် သူတို့ခမျာ ဆန့်ငင် ဆန့်ငင်နှင့် ရုတ်တရက် ပိုလီယို ဝင်လာသလို ဖြစ်ကုန်ကြရသည်။

ဘာပဲ ပြောပြော ကျွန်တော်၏ သီကွာကတော့ လေတွင် တလူလူ ဝင့်ကြွားနေမည်သာ ဖြစ်၏။ ယောကျ်ားမာန် သေမှ လျှော့ပါမည်။ ယောကျ်ားဉာဏ်လည်း သေမှ ပျော့ပါမည်။

ဟောသည့် လင်မယားအဖြစ်ကိုလည်း ကြည့်ပါဦး။

တစ်ခါက လူတစ်ယောက်သည် မိတ်ဆွေ၏ အိမ်သို့ သွားလည်ရာ မိတ်ဆွေ မွေးထားသော ခွေးဘီလူးကို သူသည် သဘောကျစွာ ကြည့်နေ၏။ ထိုအခါ မိတ်ဆွေက ပြောသည်။

'ခင်ဗျား ခွေးဘီလူးကို စိတ်ဝင်စားသလား'

'ခင်ဗျား ခွေးဘီလူးက ကျွန်တော့် မိန်းမနဲ့ တူနေတယ်'

'အို ဒီလိုစကားမျိုးတွေ မပြောပါနဲ့ဗျာ'

'ဟာ ကိစ္စမရှိပါဘူး၊ ခွေးဘီလူးက ကျွန်တော့် စကားကို နားမလည် ပါဘူး'

ကဲ မကောင်းဘူးလား။

သူဆိုလိုတာက သူ့စကားကို ကြား၍တော့ မိတ်ဆွေ၏ ခွေးဘီလူး သည် စိန်စား၍ သေမည်မဟုတ်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

ကဲ ကြည့်ပါတော့။ လင်မယား ဆက်ဆံရေးသည် 'ယူနီဗာဆယ်' ဖြစ်ပါသည်။ အရှေ့တိုင်း၊ အနောက်တိုင်းဟူ၍ မကွဲပြားပါ။ တစ်သား တည်း ဖြစ်ပါသည်။

အရှေ့တိုင်းသား အိမ်ထောင်ဦးစီးများ လိုမ့်ခံနေရသလိုပင် အနောက်တိုင်းသားများလည်း မလွှပ်နေကြရသည်။ သေဖော်သေဖက်တွေ ပေါလွန်းလှသဖြင့် ဤကမ္ဘာကြီးသည် ပျော်စရာကောင်းလှပါဘိတောင်း။

●

မျိုးဆက်သစ်တွေ တိုးတက်ရစ်ဖို့

ပြောချင်တာလေးတွေ ရှိနေတော့လည်း ပြောရဦးမည်ပေါ့။

မျက်စိရှေ့တွင် တွေ့နေရသော မျိုးဆက်သစ်လူငယ်လေးတွေကို ကြည့်၍ တွေးတောမိသည်။

မိန်းကလေးတွေ လှနေတာကတော့ မဆန်းပါ။ မိန်းမဟူသည် နဂိုကပဲ လှလှ၊ နဂိုင်းကြီးကပဲ လှလှ။ မျက်စိပသာဒတွင် လှနေသည်သာ ဖြစ်၏။ ဤသို့လှနေသည်မှာလည်း ယခုမှမဟုတ်။ ကျွန်တော်တို့ မျိုးဆက် စခါစကလည်း ဤသို့ပင် လှနေကြသည်။ ပြင်ပုံဆင်ပုံ၊ ဝတ်စားပုံတွေ မတူကြသော်လည်း ကျွန်တော်တို့ ယောကျ်ားတွေ 'ကြွေ' ရပုံချင်းတော့ တူပါသည်။ သူတို့တွေ လှလိုက်ပုံက ကျွန်တော်တို့တွေ လေးဖက်ထောက်ကြီး ဝုန်းခနဲ ကျသည်။

ဟုတ်ကဲ့။ ယောကျ်ားတံခွန် လူရည်ချွန်တို့ မိုးစွန်တမွတ်က ကြယ်ကို ဆွတ်၏။ ဘာလုပ်ဖို့တုန်း။ မမလေးကို ပေးဖို့ ဖြစ်သည်။

ယောကျ်ားလေးတွေ နေ့မအား၊ ညမနား စာတွေ ဖိကျက်၍

မျက်တွင်း ဟောက်ပက်ဖြစ်သည်အထိ ကြိုးစားကြသည်။ ဘာ့အတွက် တုန်း။ မမလေး ထဘီဖိုးအတွက် ဖြစ်သည်။

ကျွန်တော်တို့ မျိုးဆက်တွင်သာ မိန်းမတွေ လုနေသည် မဟုတ်ပါ။ ကျွန်တော့်အဖေတို့ မျိုးဆက်ဆွေးကြီးတွေ သစ်လွင်ခါစကလည်း သည်လို ပင် မိန်းမတွေ လုကြပကြမည်မှာ မုချဖြစ်သည်။ ကျွန်တော့်အဖေ မိန်းမ နှစ်ယောက် ပြိုင်ယူသည်အထိ ကြွေခဲ့ရသည်။ ကံကောင်း၍သာ။ ရှေ့ဆက် ကြွေဦးမည် တကဲကဲ ဖြစ်နေရာက ဘယ်လိုဘယ်လို ဘရိတ်ဖမ်းသွားသည် မသိ။ တတိယမြောက်မှာ အိမ်သွားလည်နေရုံဖြင့် စခန်းသိမ်းသွား၏။

ကျွန်တော်ပြောချင်သည်မှာ မိန်းကလေးတွေ လုတာ မဆန်းပါဟု ပြောလိုခြင်း ဖြစ်ပါ၏။ ခေတ်အဆက်ဆက်က လုကြပါ၏။ သမီးတို့ လုကြသည်။ သမီး အမေတို့ လုကြသည်။ သမီးအဘွားတို့ လုခဲ့ကြသည်။ သမီးရဲ့ အဘောင်တို့ လုပုံရခဲ့ပါသည်။ မိန်းကလေး လုတာ မဆန်းပါ။

ဆန်းတာက ယောကျ်ားလေး လုခြင်း ဖြစ်သည်။ ကျွန်တော်တို့ ငယ်ငယ်က လူပျိုပေါက်တွေ အားလုံး မလုချင်ကြပါ။ ရုပ်ရှင်မင်းသား ဖြစ်ချင်သူ ပိုးထသူတစ်ဦး စာပေကလွဲ၍ ကျန်သော ယောကျ်ားကလေး များမှာ သင့်ရုံသာ ဖြစ်ကြပါသည်။ သခင်ပေါက်စ ဂိုက်ဖမ်းကြသူများ ကတော့ လုဖို့ဝေးစွ။ ကြည့်ရပင် ကတ်သတ်လုပါ၏။ ဆံပင် စုတ်ဖွား ညဉ်းသိုးသိုးနှင့်၊ လုံချည်တိုတို ခုံဖိနပ်နှင့် မိန်းကလေးများ ကြွေဖို့နေနေ သာသာ၊ ထောင်ဝင်စာ ခံရမှာစိုး၍ ခပ်ရှောင်ရှောင်နေခဲ့ကြ၏။

ကျွန်တော်ကိုယ်တိုင် ကောလိပ်ကျောင်းသားဘဝက ပုံမလာခဲ့ပါ။ ဂျပန်ခေတ်က ဖခင်က အလုပ်မလုပ်ခဲ့၍ ဝင်ငွေကြပ်တည်းခဲ့ရာ အင်္ဂလိပ် ပြန်ဝင်လာချိန်တွင် ကျွန်တော့်မှာ ကြပ်ကြပ်တည်းတည်း ကောလိပ် ကျောင်းသားလုပ်ရသည်။ လုံချည်ကောင်းကောင်း နှစ်ထည်လောက်သာ ရှိ၏။ သည်တော့ ခဏခဏ လဲစရာမလိုအောင် ဘောင်းဘီရှည်ကို ဝတ်

သည်။

ဘောင်းဘီရှည်မှာ အာရ်အေအက်ဖ် (ခ) ဗြိတိသျှလေတပ်သား အသိဆီကရ၏။ သူက အရပ်မြင့်မြင့်၊ ကျွန်တော်က ပုကွကွ။ သည်တော့ ဘောင်းဘီပြင်ချုပ်ရသည်။ ပေါင်ပေါ်က အိတ်တွေကိုလည်း ဖြုတ်ရသည်။ ဘောင်းဘီကတော့ ကျွန်တော်နှင့်တော်သွား၏။ သို့သော် အိတ်တွေ ဖြုတ်ရာတွေနှင့် ဖြစ်သည်။ အင်္ဂလိပ်မိတ်ဆွေတွေက ဖိနပ်ပါ ပေးသည်။ သူ့ဖိနပ်ကြီး ကြီးလိုက်ပုံမှာ စစ်ခြေအိတ်ပွပွကြီးစွပ်ထားလျက်က ခြေလှမ်း လိုက်လျှင် ဖိနပ်ကကျွတ်၍ နောက်တွင် ကျန်ခဲ့၏။ ခြေအိတ်စွပ်ထားသော ကျွန်တော့် ခြေထောက်ကြီးက ရှေ့သို့ သစ္စာရှိရှိ လိုက်ပါလာခဲ့ပါသည်။ ဒီတော့ ခြေအိတ်နှစ်ထပ် စွပ်ရပါတော့၏။

ဤသို့သော ဖိနပ်ကြီးကို ဘောင်းဘီရှည်ဖြင့် ဝတ်သောအခါတွင် ဟုတ်သလိုလိုထင်ရသော်လည်း ကျွန်တော့်အစ်ကိုထံမှရသော ဘောင်းဘီ တိုနှင့် ဝတ်သောအခါတွင်ကား ခွေးများပင် မဟောင်နိုင်တော့ဘဲ ထွက်ပြေး ကြပါသည်။

ဤပုံကို ကြည့်ပါ။ အဝေးကပင် မြင်နိုင်ပါသည်။ ခြေထောက် ကျူရိုးများ၏ အရင်းနားဝယ် ဘောင်းဘီပွပွသည် လှုပ်ရှားတိုင်း ယိမ်းနွဲ့ နေ၏။ အဖျားတွင်ကား ထူထဲသော ခြေအိတ်များဖြင့် ကျပ်သိပ်အောင် လုပ်၍ စီးထားရသော ဖိနပ်ကြီးသည် တစ်တောင်လောက် ရှိနေသည်။ ထိုစဉ်က ဦးဘဂျမ်းကာတွန်းရုပ်ထက်ပို၍ ရယ်စရာကောင်းမည် ထင်ပါ သည်။ (ကျွန်တော် ဘယ်တော့မှ ကိုယ်လုံးပေါ် မှန်မကြည့်၍ ကျွန်တော့် ကိုယ် ကျွန်တော် မမြင်ဖူးပါ)

ဒီပုံနှင့် မိန်းကလေးတွေ ဆက်ဆံရေး ဘယ်လိုနေသလဲဟု မေးချင် ပါသလား။ တကယ်ပြောပါမည်။ ရည်းစားတွေ တစ်ပုံကြီး ဖြစ်၏။ (ကျွန်တော့်ဘက်က ချစ်ခဲ့၊ သေချာခဲ့သော သူများသာ ဖြစ်ပါ၏။)

အမှန်ဆိုရလျှင် ကျွန်တော် တစ်ယောက်တည်းသာ မဟုတ်ပါ။ ယောက်ျားလေး တော်တော်များများမှာ သပ်သပ်ရပ်ရပ် ဝတ်ချင်ဝတ်သည်။ အထူးသဖြင့် လှလှပပတော့ မဝတ်စားကြပါ။

ယခု မျိုးဆက်သစ် လူငယ်တွေကတော့ အားလုံးလိုလိုလှပမှုကို ဦးစားပေးကြသည်ဟု ထင်ပါသည်။ အနားကပ်သွားလျှင်လည်း ရေမွှေးတွေ၊ ဘော်ဒီစပရေးတွေနှင့် မွှေးကြိုင်နေကြ၏။

အင်း ... ကောင်မလေးတွေ ကြွေလောက်ပါပေသည်။

ဆက်၍ တွေးနေမိ၏။

လှပခြင်း အကြောင်းဖြစ်သည်။ လှပခြင်းကို ရုပ်နှင့်တွဲထားပြီး မှတ်ယူကြသူက များ၏။ တကယ်တော့ လှပခြင်းနှင့် တွဲစရာ စုစုပေါင်း လေးမျိုးရှိသည်ဟု ထင်ပါသည်။

ရုပ်၏ လှပခြင်းကိုတော့ လူတိုင်းသိကြပြီး ဖြစ်၏။

သို့သော် အသံတွင်လည်း လှပခြင်းရှိပါသည်။ ရေဒီယိုက အသံလွှင့်နေကြသော မိန်းကလေးများ၏ အသံကို နားထောင်ကြည့်ပါ။ သိပ်လှကြပါသည်။ ကြာကြာနားထောင်လျှင် စိတ်နှင့်ပင် ပြစ်မှားချင်လာပါလိမ့်မည်။

အရပ်ထဲတွင်လည်း သတိပြုကြည့်ပါ။ လမ်းက ဖြတ်သွားစဉ် ရယ်မောသွားကြသော မိန်းကလေးများ၏ အသံများထဲတွင် အလွန်လှပသော အသံများပါတတ်ပါသည်။ အငမ်းမရ ပြေးထွက်၍တော့ မကြည့်ပါနှင့်။ အသားမည်းမည်း၊ သွားခေါခေါ၊ မျက်လုံး စွေစွေတော့ ဖြစ်နေနိုင်ပါသည်။

သွားနှင့် မျက်လုံးတို့က အသံကို ဘာအနှောင့်အယှက်မှ မပေးပါ။ အသားရောင်ကတော့ အသံကို ထိန်းသလားမသိ။ အသားမည်းသော သူများ အသံတွေ ကောင်းကြခြင်းကို ကပ္ပလီအဆိုတော်မကလေးတွေကို

ကြည့်၍ မှတ်ယူခဲ့သည်။ အိန္ဒိယမင်းသမီးတွေလည်း အသံကောင်းကြ၏။
ထို့ကြောင့် ရုပ်လှဖို့လိုသလို အသံလှလျှင်လည်း ကောင်းပါ၏။ သို့မဟုတ်ပါက ရုပ်ကလေးလှ၍လက်ထပ်ပြီးခါမှ ညဘက်ထဟောက်သော အခါတွင် ငွေဆည်းလည်းသံမထွက်ဘဲ ကုလား တက်ခေါက်သံကြီးနှင့် တိုးနေရဦးမည်။

ထို့ကြောင့်လားမသိ၊ ရှေးလူကြီးများ ဆုတောင်းတွင် "မျက်နှာမြင်ချစ်ခင်ပါစေ၊ အသံကြား သနားပါစေ" ဟု ဆုတောင်းကြသည်။ ရုပ်နှင့် အသံအတွက် ဆုတောင်းခြင်း ဖြစ်သည်။ (ရုပ်မြင်သံကြားလင်းလက်မှု အတွက် ဆုတောင်းခြင်းလည်း ဖြစ်ချင်ဖြစ်မည်။)

အလှတရားသည် ဤတွင် ရပ်မနေပါ။

တချို့လူများသည် အမူအရာ ရိုင်းစိုင်းလှ၏။ ဤကား အမူအရာ အရုပ်ဆိုးခြင်း ဖြစ်သည်။ မိန်းကလေးတစ်ယောက် မျက်နှာကလေးက မင်းသမီးတွေ ရှုံးလောက်၏။ အသံကလည်း အဆိုတော်တွေ ရှုံးရသည်။ သို့သော် အမူအရာက ဘယ်သူမှ လူမထင်၊ ကုလားထိုင်ထိုင်ရာတွင် ခြေထောက်ကြီးနှစ်ဖက်ကို ဆန့်၍ ရှေ့က စားပွဲခုံပေါ် ပစ်တင်ထားသည်ရှိသော် ထိုမိန်းကလေးကို အလှပိုင်ရှင် သခင်မလေးဟု ခေါ်လောက်ပါ သလား။

အမူအရာက ရုပ်နှင့်အသံကို ဖျက်ဆီးပစ်လိုက်သည်။

ရုပ်ရည်ကလည်း သင့်တင့်ရုံ၊ အသံကလည်း သူလို ငါလို သို့သော် အမူအရာမှာ ယဉ်ကျေးပျူငှာ၏။ မျက်စောင်းအချိတ်ကလေးကအစ၊ အပြုံးကလေး အလယ်၊ ခေါင်းကလေး ငုံ့တာအဆုံး၊ ဤသို့ကာ အမူအရာနှင့် မိန်းကလေးကို ယောကျာ်းလေးတွေ ဝိုင်းကြွေနိုင်သည်။ (ကံစမ်းမဲ ပေးရန် မလိုပါ။)

နောက်ဆုံး စဉ်းစားပါသည်ကား။ အကျင့်ဖြစ်၏။ အကျင့်တွင်

လည်း လှပမှုရှိသည်။

ကျွန်တော် မောင်ကြပ်ကလေးသည် အဆင်းမလှပါ။ အသံက ဆိုးပါသည်။ အမူအရာက ရှုသိုးသိုးနှင့် ဖြစ်၏။ သို့သော် အကျင့် သန့်ပါသည်။ (ဟုတ်ကဲ့။ ရစရာရှိသောကြောင့် မယူတော့ပါ။)

မိန်းကလေး တစ်ယောက် ရုပ်ချော၏။ အသံသာသည်။ ယဉ်ကျေးပျူငှာ၏။ သို့သော် လစ်လျှင်လစ်သလို လက်ဆော့သည်။ (ကျွန်တော်တော့ မကြွေခဲ့ပါ။ မိန်းမအများအပြားသည် ကိုယ့်ယောကျ်ား၏ အိတ်ကို အလစ်နှိုက်တတ်ကြသော်လည်း ဤမိန်းကလေးက ပိုပိုရ၏။)

ထို့ကြောင့် လူငယ်များသည် ရုပ်၊ အသံ၊ အမူအရာ၊ အကျင့်အားလုံး လှပအောင် ကြိုးစားသင့်ကြောင်း တွေးမိပါ၏။

●

မိဘ၊ ဆရာ၊ ကျောင်းသား သုံးပွင့်ဆိုင်

ပြောချင်တာကလေးတွေ ရှိနေတော့လည်း ပြောရဦးမည်ပေါ့။

ကတ်သီးကတ်သတ်နိုင်လှသည်ဟု ပြောပြော၊ ဂျပန်ပြည်မှ ချဲလင့်လန်း (CHALLENCE LAND) ခေါ်သည့် စာစောင်က ခပ်ဆန်းဆန်း ဆောင်းပါးတစ်မျိုး ပြုစုတင်ပြထားသည်။ ကျောင်းမတက်ချင်သော နေ့များတွင် ရရှိတတ်သော ရောဂါတုများ၊ ဟန်ဆောင်ဖျားများအကြောင်း ဖြစ်၏။ သူ့စာစောင် လက်လှမ်းမီသမျှ ဟန်ဆောင်ဖျားဖူးသူတွေထံ တောင်းခံလိုက်ရာ စာတွေရောက်လာသည်။ ဆောင်းပါးရှင်က ထိုအထဲက လိုရင်းများကို ကောက်နှုတ်ဖော်ပြသည်။

ကျွန်တော်တို့ ငယ်ငယ်ကလည်း မလွဲမရှောင်သာ ဟန်ဆောင်ဖျားခဲ့ရဖူးပါသည်။ ရောဂါတုတွေ ရခဲ့ဖူးပါသည်။ သို့သော် ကျွန်တော် ငယ်စဉ်က ဆိုလျှင် ဆရာဝန်ရှားရှား၊ ဆေးခန်းရှားရှား ဖြစ်သဖြင့် တော်ရုံရောဂါဖြင့် ဆေးခန်းသွားစရာမလို၊ ဆရာဝန်ပြစရာမလိုပါ။ ကွမ်းရွက်ပြုတ်ရည်၊ ငန်းဆေးနှင့်လည်း ပြီးသည်။ သေးငယ်သော ရောဂါမျိုးတုမိလျှင်

လျှာပွတ်ဆေးလောက်နှင့်ပင် လုံလောက်၏။

ယခုခေတ်လည်း ဖြစ်ပြန်၊ သူတို့ ဂျပန်နိုင်ငံတွင်လည်း ဖြစ်ပြန်၊ ဆေးခန်းပေါ၊ ဆရာဝန်ပေါနှင့် ထစ်ခနဲဆို ဆေးခန်းပို့ချင်လာသော မိဘတွေ ပေါသည့်ကြားက ကျောင်းဆေးခန်းတွေပင် ပေါကြလေရာ သူတို့တွေ ရောဂါတု ဖြစ်ရလွယ်ပါ့မလားဟု ထင်စရာရှိပါသည်။

သို့သော် ဂျပန်ကလေးတွေလည်း မခေပါ။ တစ်ခါတလေတော့လည်း ကျောင်းပြေးချင်ကြသည်။ ကဲ ... သူတို့၏တင်ပြချက်ကို ဖတ်ကြည့်ရင်း ငယ်စဉ်က ကိုယ်လုပ်ခဲ့သည်များနှင့် နှိုင်းယှဉ်ကြည့်နိုင်ပါ၏။

"အန်ချင်သလိုလို ..." ဆိုတာဟာ အသုံးအတည့်ဆုံးပဲ။ မအီမသာ မျက်နှာထားကို ထားလိုက်လျှင်ပြီးတာပဲ။

တစ်ယောက်က ဤသို့ ဆို၏။ မဆိုးလှပါ။ ဒါပေမဲ့ ဆေးခန်းသွားစရာမလို၊ ကျောင်းချိန်လွန်မှ အိမ်တွင် ထဆော့၍ရ၏။

"ဗိုက်ကနာတယ်" လို့ ဆိုရင်တော့ ပထမနာကျင်တဲ့ မျက်နှာထားလုပ်ရတယ်။ ပြီးတော့ လမ်းလျှောက်ရင် ဗိုက် ကလေးကို နှိပ်၊ ခါးကလေးကို ကုန်း၊ ခေါင်းငိုက်စိုက်နဲ့ လျှောက်ရတယ်လေ။

သူကတော့ စနစ်ကျအောင် ပြုလုပ်ရမယ့် 'အိုက်တင်' ကိုတောင် ညွှန်ကြားပေးသေးသည်။ ရုပ်ရှင်ဒါရိုက်တာ ဖြစ်မည့်ဟာလေးလား မသိပါ။

ကျောင်းကို ကြက်သွန်ဥယူသွား။ လူပြတ်တဲ့နေရာမှာ ချိုင်းအောက်မှာထည့်ပြီး ကြာကြာထား။ အဲဒီနောက် ဆေးခန်းသွားပြီး အပူချိန်တိုင်းရရင် အိမ်ကို စောစောပြန်နိုင်တယ်။

(ခြွင်းချက်) ကိုယ်အပူချိန် ၁၀၂ ဒီဂရီ ဖြစ်နေပေမဲ့ ဆရာဝန်က ချက်ချင်းပဲ နဖူးကိုစမ်းလိုက်တော့ အဖျားမရှိဘူး။ သွား ...

ကျောင်းတက်။

သူ့နည်းက ခြွင်းချက်ရှိနေသည်။ ပြဒါးချိန်ကသာ တက်သည်။ နဖူးတွင်တော့ ကိုယ်မပူချေ။ သည်တော့လည်း ဆရာဝန်က သူကိုယ်တိုင် ငယ်ရာက ကြီးလာသဖြင့် ရိုက်စားလာလုပ်သည်ကို သိသွားသောအခါ ဟန်ဆောင်ဖျားခြင်း မအောင်မြင်သဖြင့် ကျောင်းပြန်တက်ရနိုင်သည်။

ဗိုက်နာတယ် လုပ်တဲ့အခါမှာ ညာဘက်က နာတယ်လို့ သွားမလုပ်နဲ့ အူအတက်ပြဿနာပဲဆိုပြီး အလန့်တကြားတွေ ဖြစ်ကုန်မယ်။

ရောဂါတုဆိုသည်မှာ သေးသေးဖွဲဖွဲသာ ဖြစ်သင့်သည်။ ကြီးကြီးကျယ်ကျယ်တွေ မိဘများ ထင်ကုန်လျှင် မျက်လုံးပြူး၊ မျက်ဆန်ပြူးနှင့် အထူးကုဆီရောက်ပြီး ဟန်ဆောင်တာတွေလည်း ပေါ်ကုန်သည်။ ငွေကြေးလည်း မလိုအပ်ဘဲနှင့် များများစားစား ကုန်ကျသွားရတတ်ချေ၏။

နက်ဖြန်လို ကျောင်းပြေးတော့မယ်ဆိုရင် ဒီနေ့ နေ့လယ်လောက်ကတည်းက ဗိုက်နာတယ်ဆိုတာ ပျိုးပေးထားပေတော့။

သူက ကြိုတင်ပြင်ဆင်မှုပြုတတ်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ ကြီးလာလျှင် ကုမ္ပဏီပိုင်ရှင်ကြီးလား နိုင်ငံရေးသမားကြီးလား ဖြစ်မည် ထင်၏။

ရောဂါတုကို ပိုင်ပိုင်လုပ်နိုင်သလား၊ မလုပ်နိုင်ဘူးလားဆိုတာ ကာယကံရှင် ကျောင်းသားဟာ ဘယ်လောက် ကျောင်းမတက်ချင်ဘူးလည်းဆိုတဲ့ အပေါ်မှာ တည်ပါတယ်။

မှန်ပါ၏။ ဆန္ဒရှိမှလည်း ဇောပြင်းသည်။ ဇောပြင်းမှလည်း လုပ်ဖြစ်မှာ ဖြစ်၏။ အချစ်ရေးတွင်လည်း ကြည့်ပါ။ ဇောပြန်သွားပါက နှုတ်ကျံုပြီး လက်မထပ်ချင်သေးဘဲနှင့် မိန်းမယူလိုက်ရတတ်လေသည်။

ကျောင်းပြေးလိုက်တယ်ဆိုရင်ပဲ တစ်နေ့လုံး အားသွားလို့ စာကျက်လို့ သိပ်ကောင်းတာပဲ။ နောက်တစ်ခါလောက် ထပ်ပြီး ဟန်ဆောင်ဖျားဖျားရရင်ကောင်းမယ်။

သူလုပ်သော အလုပ် မှန်ကန်ကြောင်း သူ့ဘာသာသူ ထောက်ခံနေသည်။ တော်တော်လည်သောသူဖြစ်၏။ နာမည် ... နာမည်။ လည်လွန်းသည့်ဘီး ချေးသင့်ပေတော့မည်။

ခြေထောက်နာတယ်ဆိုပြီး ကျောင်းတစ်ရက် ပြေးလိုက်ရတာကတော့ မဆိုးပါဘူး။ ဒါပေမဲ့ အိမ်မှာ တစ်နေ့လုံး ခြေတရွတ်ဆွဲနေရတာက မစားသာလှဘူး။

အိမ်သားတွေ များများရှိပုံရ၏။ ကိုယ့်စကားနှင့်ကိုယ် ယုတ္တိတန်စေရန်အတွက် တစ်နေ့လုံး ဒုက္ခိတဖြစ်နေရရှာသည်။ ရိုက်စားပဲ ဒါလောက်တော့ ဒုက္ခခံရပေမည်ပေါ့။

သူတို့ကလေးတွေဟာ ကလေးငယ်တွေပီပီ တစ်သက်တစ်ခါတော့ ကျောင်းပြေးချင်ကြသော်လည်း ပြစ်မှုတို့၏ထုံးစံအတိုင်း နောင်တ၏ဒဏ်ကိုတော့ ခံကြရပေ၏။ ချဲလင့်လန်း စာစောင်သည် နောင်တတွေကိုပါ မှတ်တမ်းတင်ပါသည်။

ကျောင်းပြေးပြီး အိပ်လိုက်ရတော့ ကောင်းပါရဲ့။ နေ့လယ်ဘက်ရောက်တော့ နိုးလာရာမှာ "အခုအချိန် ကျောင်းမှာ သူငယ်ချင်းတွေ ဘာတွေလုပ်နေကြပါလိမ့်" ဆိုတာကိုလည်း တွေးမိရော နေမထိထိုင်မသာဖြစ်ရတော့တာပဲလေ။

အပေါင်းအဖော်နဲ့ နေရတာ ပျော်စရာကောင်းခြင်းကို တစ်ယောက်တည်း ထီးတည်း ဖြစ်နေတော့မှ ခံစားရတော့သည်။ အပြစ်ကျူးလွန်လျှင် နောင်တက ဒဏ်ခတ်ပါ၏။

အင်္ဂလိပ်စာ စစ်မှာကြောက်လို့ ရောဂါတုနဲ့ ကျောင်းပြေးတာ၊ ဆေးခန်းက ဆရာဝန်စစ်တာနဲ့ တိုးနေတော့ ဘာထူးသေးလဲ။

'အင်းဂလစ်ရှ် တက်စ်' (English Test) ကို ရှောင်တော့မှ "မယ်ဒီကယ်တက်စ်" (Medical Test) နှင့် တိုးရရှာသည်။ ရင်ခုန်ရသေး။

ဟောဒီကလေးကတော့ တစ်မျိုး ဖြစ်သည်။ နတ်သိကြားများက သူ့ကို ပုံစံတစ်မျိုးနှင့် ဒဏ်ခတ်၏။ ဖတ်ကြည့်ပါ။

ဗိုက်နာတယ်ဆိုလို့ မနက်စာရော၊ နေ့လယ်စာရော လွတ်သွားတယ်။ ဒါနဲ့ ညစာကျတော့ ဖိစားလိုက်တာ ဗိုက်ကြီးတင်းပြီး မအီမလည် ကြီး ဖြစ်ပါရောလား။

ဒီဘီးကလေးခမျာကတော့ သိပ်လည်း မကြဲရသေးဘူး။ ချေးနင်း မိရှာလေ၏။ အချို့သူများကျတော့ ရောဂါတုပြုလုပ်ခြင်းဖြင့် ရောဂါစစ်ကို ချူသလိုဖြစ်ရခြင်းမျိုးလည်း ရှိသေးသည်။ ဖတ်ကြည့်ပါဦး။

ရောဂါတုနဲ့ ကျောင်းပြေးတဲ့နေ့မှာ မေမေက ဆေးခန်းခေါ်သွားလို့ ဆေးထိုးခဲ့ရပါတယ်။ နောက်နေ့လည်းကျရော တကယ်ဖျားတော့တာပါပဲ။

အင်း ... ပြစ်မှုဆိုသည်မှာ ကြာကြာမစောင့်တတ်။ ချက်ချင်းပင် ဒဏ်ခတ်တတ်ချေသည်။ ကြည့်ပါ။ မိန်းမယူလိုက်သည်နှင့် ကလေးတွေ မွေးဖွားလာ၏။ ဘဝဟူသည် အလုအပဟု ထင်ခဲ့ရာက ဘဝဟူသည် မဝတဝပါလားဟူသော အသိကို ရရှိလေတော့သည်။

ဟောသည် ရောဂါတုနှင့် ကလေး၏ ဒုက္ခကိုလည်း ကြည့်ပါဦး။

သဘာဝကျအောင် အဖျားမရှိပါဘဲလျက် စောင်လေးထပ်ခြုံနေရတာ၊ ချွေးတွေနစ်ပြီး ကိုယ့်ချွေးနဲ့ကိုယ် တကယ်ဖျားပါလေရော။

ဟန်ဆောင်ရသည်ဆိုခြင်းမှာ လိမ်ခြင်းသာ ဖြစ်သည်။ လိမ်ရပြန်သော် ကွက်၍ လိမ်မရပါ။ သက်ဆိုင်သူတွေရော မသက်ဆိုင်သူတွေကိုပါ သိမ်းကြုံးလိမ်ရပါ၏။ ကြည့်ပါ။

သူငယ်ချင်းလေးယောက်ဟာ ကျောင်းလွှတ်တော့ ပန်းလက်ဆောင်ရယ်၊ ကာတွန်းစာအုပ်ကလေးတွေရယ် ယူပြီး လူမမာမေးလာကြလို့ ရောဂါတုနဲ့ ဖျားရတာဆိုတော့ စိတ်ထဲမကောင်းဖြစ်လိုက်ရတာ။

သနားစရာ ကျောင်းသူကလေး ဖြစ်၏။

ကိုင်း ... မိဘဆရာသမားများလည်း သားသမီး၊ တပည့်များကို ချင့်ချိန်နိုင်ကြပါစေ။

ကျောင်းသား၊ ကျောင်းသူကလေးတွေကလည်း မိမိကိုယ် မိမိ ချင့်ချိန်နိုင်ကြပါစေ။

●

"ကြပ်" နှင့် "ကလေး"

ပြောချင်တာလေးတွေ ရှိနေတော့လည်း ပြောရဦးမှာပေါ့။

ဒီတစ်ခါတော့ ကလေးတွေအကြောင်းကို ပြောချင်သည်။ ကျွန်တော်သည် ကလေးတွေကို တအား စိတ်ဝင်စားသောကြောင့် ဖြစ်ပါ၏။ ထို့ကြောင့်ပင် ကလေးတွေကိုသာ ပေါင်းချင်သည်။ လူကြီးတွေကတော့ တယ်ပြီး အရောမဝင်ချင်ပါ။ အဲ ... လူကြီးထဲမှာဆိုရင် မိန်းကလေးတွေလောက်ပဲ ရောချင်သည်။ သို့ဖြစ်ရသည်မှာလည်း "ကလေး" ဆိုသောစကားလုံးပါနေသောကြောင့် ဖြစ်ပါ၏။

ကျွန်တော်ယူထားတဲ့ ကလောင်နာမည်ကိုလည်း ကြည့်ပါဦး။ "ကြပ်ကလေး" ဖြစ်၏။ ဘယ်တော့မှ "ကြပ်လူကြီး" မဖြစ်စေရပါ။

တစ်ခါက ကျွန်တော်သည် လူတစ်ယောက်နှင့် စကားပြောရင်းစကားစပ်မိလာသည်တွင် ... "ဒီမှာ ... တစ်ခုမေးပါရစေ။ ခင်ဗျားအနေနဲ့ နှစ်သက်ရာ တစ်ခုကိုပဲ ရွေးချယ်ရမယ်ဆိုရင် ငွေဆယ်သိန်းယူမလား၊ ကလေး ဆယ်ယောက်ယူမလား" ဟု မေးကြည့်သောအခါ သူက

"ကလေးဆယ်ယောက်ယူမယ်" ဟု ဖြေကြားသည်။

ကဲ ... ဘယ်လောက်ပညာရှိသူ ဖြစ်ပါသနည်း။

သို့ဖြင့် ကျွန်တော်က "ငါနဲ့ ဉာဏ်ချင်းတူတာတော့ တွေ့ပြီ" ဟု ဝမ်းသာသွားမိလေသည်။ သို့ဖြင့် "ဘာဖြစ်လို့လဲ" ဟု သိလိုဇောနှင့် မေးလိုက်၏။

"စဉ်းစားကြည့်လေ။ လူတစ်ယောက်ဟာ ငွေဆယ်သိန်းရလာပြီဆိုရင် နောက်ထပ်ပိုပြီး လိုချင်လာတော့တာပဲ"

ကျွန်တော် သဘောပေါက်ပါပြီ။ သူပြောတာ မှန်ပါ၏။ ငွေတွေရသရွေ့တော့ လူသည် လောဘကိုအတောမသတ်နိုင်ပါ။ ကလေးဆယ်ယောက်လောက်ရပြီဆိုလျှင်တော့ မျက်လုံး၊ မျက်ဆံတွေ ပြူးလာပြီး ကလေးနောက်ထပ် လိုချင်စိတ်ကို သိမ်းသွားမည်သာ ဖြစ်၏။ အင်း ... လောဘကို ငြိမ်းသတ်နိုင်ခြင်းသည် ကောင်းလေစွ။

ဒါကြောင့်များ ကလေးနည်းသည့်သူတွေ လောဘကြီးကြသလား မသိ။

ကလေးများသည် ဆေးကနေကြည့်လျှင် တော်တော်ပင် စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ သူတို့သည် လူကြီးတွေ စိတ်မကူးတာတွေကို စိတ်ကူးကြ၏။

ကျွန်တော့်တူမက မွေးသော မိန်းကလေးနှစ်ယောက်သည် သုံးလေးနှစ် သမီးများဘဝက လူကြီးများ၏ အလစ်တွင် အိပ်ရာပေါ်တက်၍ ရေချိုးကြသည်ဆို၏။

ကဲ ... လူကြီးများ စိတ်တောင်မကူးဝံ့သောအလုပ် မဟုတ်ပါလား။ မိမိကိုယ်၌ကလည်း အဝတ်အစားတွေ အပြည့်အစုံဝတ်ထားသည်။ ပြီးတော့ ကုတင်ပေါ်မှာ မွေ့ရာ၊ ခေါင်းအုံး၊ စောင်တွေ အပြည့်အစုံနှင့် ဖြစ်သည်။ ဤသည်ကို ရေတွေနှင့် အားရပါးရ ခေါင်းလောင်းချိုးရခြင်း

ကား အဘယ်မျှ ပျော်စရာကောင်းလိုက်မည်နည်း။ ဒါနဲ့တောင် လူကြီးတွေ ဘာကြောင့် စိတ်မကူးမိကြပါလိမ့်။

ပြီးတော့ ကလေးများသည် လူကြီးတွေ လုပ်မကြည့်ဝံ့တာတွေကို လုပ်ကြည့်ရဲ၏။

ကျွန်တော်၏အစ်ကို ငယ်စဉ်ကအဖြစ်ကို မေမေပြန်ပြော၍ ကျွန်တော်မှတ်ထားတာ ရှိပါသည်။

ကိုကို သုံးလေးနှစ်သားလောက်က ဖြစ်၏။ ကျွန်တော်တို့ အိမ်ရှေ့ မီးရထားဆေးရုံကို ပတ်၍လာသော အုတ်နံရံပက်ပက်နှင့် ရေမြောင်းကြီး ရှိ၏။ လူတစ်ရပ်လောက် ရှိသည်။ သို့သော် ရေကတော့ ခြေမျက်စိ နစ်ရုံလောက်သာ စီးတတ်ပါသည်။ မိုးသည်းခိုက်တွင်မှ ရေများတတ်ပါ သည်။

တစ်နေ့သ၌ ထိုမြောင်းကြီးတွင် ရေနည်းနေခိုက် ကိုကိုသည် ကျွမ်းပြန်ကျသွားတော့သည်။ လူကြီးများ ဆင်းချီရ၏။ နောက်ကျမှ မေမေက အကျိုးအကြောင်းမေးကြည့်သောအခါ ကိုကိုက အောက်ပါ အတိုင်း ပြန်ပြောသည်ဆို၏။

"မြောင်းနှုတ်ခမ်းက ရပ်ကြည့်ရင်း မြောင်းပေါ်က ဘာမှ မရှိတဲ့ နေရာကို နင်းကြည့်ရင် ဘယ်လိုနေမလဲ သိချင်လို့" ... တဲ့။

ကျွန်တော်သည် လွန်ခဲ့သော ဆယ့်လေးငါးနှစ်က အင်္ဂလိပ်ရယ်ရွှင် ဖွယ်တစ်ပုဒ်ကို ဖတ်ဖူးရာ အထက်ပါ ကိုကို၏စိတ်ကူးကို ပြန်၍ သတိရ မိသည်။

ကျွန်တော် ဖတ်ဖူးသော အင်္ဂလိပ်လိုရေးထားသည့် ရယ်ရွှင်ဖွယ် ကလေးမှာ အောက်ပါအတိုင်း ဖြစ်ပါ၏။

လူကြီးတစ်ယောက်က ကောင်ကလေးကို မေးမြန်းသည်။

"ဟေ့ ... မင်းအစ်မတစ်ယောက် မအွေ့ပါလား"

"ဆေးရုံတက်နေတယ်"

"ဟေ ... ဟုတ်လား၊ ဘာဖြစ်လို့လဲ"

"မနေ့က ကျွန်တော်နဲ့ သူနဲ့ ပြိုင်ကြတာလေ"

"ဘာပြိုင်တာလဲ"

"အပေါ်ထပ် ပြတင်းပေါက်ကနေ အပြင်ဘက်ကို ဘယ်သူက ပိုပြီး ကုန်းကြည့်နိုင်မလဲ ပြိုင်တာမှာ သူနိုင်သွားတာပါပဲ"

ကဲ ထင်ရှားပြီ မဟုတ်ပါလား၊ ကလေးများသည် လူကြီးများ စမ်းသပ်မကြည့်ဝံ့တာကို စမ်းသပ် ကြည့်ဝံ့ကြပါ၏။

ထိုအကြောင်းများ ဝီလီယံဝပ်စဝသ်က "ကလေးသည် လူ၏ ဖခင် ဖြစ်သည်" ဟု ပြောခဲ့ခြင်းများလားမသိ။

ထို့ပြင် လူကြီးများသည် ကလေးများလောက် နက်နက်နဲနဲ မတွေးတတ်ကြသည်ကိုလည်း တွေ့ရတတ်ပါ၏။

ကျွန်တော့် မိတ်ဆွေသည် သူ့သားကို ဆုံးမနေသည်ကို ကျွန်တော် ကြားရခြင်း ဖြစ်သည်။

"ဟော့ကောင် ...၊ မဟာဇန္ဒုလဟာ မင်းအရွယ်က ဘယ်တော့မှ လိမ်ညာမပြောခဲ့ဘူး"

"ဟုတ်ပါတယ်၊ နောက်ပြီးတော့ မဟာဇန္ဒုလဟာ ဖေဖေတို့အရွယ် ရောက်တော့ သူရဲကောင်းကြီး ဖြစ်နေပါတယ်"

ကျွန်တော့် မိတ်ဆွေ ကုပ်သွားပါသည်။ သူသည် ဘယ်နေရာတွင်မှ သူရဲကောင်းမဖြစ်ခဲ့ပါ။ သူ့မိသားစုထဲတွင်ပင် သူ့မိန်းမကို မကျော်လွန်နိုင်သူ ဖြစ်ပါ၏။

ကလေးကို သွားစမ်းတော့လည်း ကလေးက ပြန်ကိုင်လိုက်ခြင်းကို ခံလိုက်ရရှာသည်။ ကျွန်တော်သည် သူတို့သားအဖကို ကြည့်ရင်း သင်ခန်းစာ ရလိုက်ပါသည်။ ယင်းသည်ကား ... "ကလေးကို ငယ်သည်ဟူ၍လည်း

မထိမဲ့မြင်မပြုပါနှင့်" ဆိုခြင်းပင် ဖြစ်၏။ တစ်ဆက်တည်းပင် တွေးမိသည်ကား အောက်ပါအတိုင်းတည်း။

(ကြုပ်) ကလေးကို ကြီးသည်ဟူ၍လည်း အချိန်စီးမည် မထင်ပါနှင့်။

မကြာသေးမီက အင်္ဂလိပ် ရယ်ရွှင်ဖွယ်တစ်ပုဒ်ကို ဖတ်ရသည်။ ဖောက်သည်ချပါရစေ။

ကောင်ကလေးနှင့် ကောင်ကလေး၏ အစ်မကို နောက်ပိုးလာသူတို့ အပြန်အလှန်ပြောကြသော စကားများဖြစ်၏။ ငွေအသုံးအစွဲကို နားလည်လွယ်စေရန် မြန်မာမှု ပြုထားပါသည်။

"ဟဲဟဲ ... အခုနတင်ပဲ အစ်ကိုဟာ ကျွန်တော့် အစ်မကို နမ်းလိုက်တာ ကျွန်တော် တွေ့လိုက်တယ်"

"ရှူး ... ဘယ်သူ့မှ လျှောက်မပြောနဲ့၊ ရော့ ... ငွေငါးကျပ်"

"ဒီမှာ တစ်ကျပ်ပြန်ယူပါ၊ ကျွန်တော်ဟာ လူတိုင်းကို တစ်ပြေးညီ ဆက်ဆံပါတယ်"

ကဲ ... ကောင်ကလေးမှာ ဖောက်သည်တွေ တော်တော်များပုံရတယ်၊ နောက်ပိုင်းငနဲတော့ ဆီးစေ့လည်နင်သလို ခံစားရရှာမှာပဲနော်။

ဟော ... ဂျပန်ဂျာနယ်တစ်စောင်မှာလည်း ကလေးငယ် တစ်ယောက် အကြောင်းရေးထားသည်ကို တွေ့ရသဖြင့် ဘာသာပြန်ဖော်ပြလိုက်ပါသည်။

ရှိုးထာရိုးကွန်းသည် ယောကျာ်းကလေး ဖြစ်သော်လည်း သပ်ရပ်စနစ်ကျလှသော ကလေးဖြစ်၏။

ကျောပိုးအိတ်ကို ကြည့်လျှင်လည်း သပ်သပ်ရပ်ရပ်ရှိလှသည်။ ဖိနပ်ဘူးထဲတွင်လည်း ဖိနပ်ကို သေချာစွာ စီထား၍ ဖရိုဖရဲဖြစ်နေသည်ဟူ၍ မရှိ။ နံနက်ကျောင်းသို့ ရောက်သည်ရှိသော် ကျောပိုးအိတ်ထဲမှ ထိုနေ့

အတွက် စာသင်မှုဆိုင်ရာ စာရေးကိရိယာများနှင့် စာအုပ်တို့ကို ထုတ်၍ စားပွဲပေါ်တွင် သပ်သပ်ရပ်ရပ် တင်ထားလေ့ရှိ၏။

သို့သော် သင်္ချာချိန်တွင်ကား သူသည် ဖရိုဖရဲနိုင်လှသည်။ ဆရာမ က စိတ်တွက်တွက်ခိုင်း၏။ ဆရာမက ပုစ္ဆာကို ခေါ်ပေး၏။

"၅ အပေါင်း ၃ အပေါင်း ၃ အပေါင်း ..."

မျက်စိတွေကို ပိတ်၍ တွက်နေသော ကလေး၊ လက်ရေချိုး၍ တွက်နေသော ကလေး၊ မျက်နှက်ကြက်ကိုမော့ကြည့်၍ တွက်နေသော ကလေး... စသည်ဖြင့် အဖုံဖုံ စုံလင်လှ၏။

ရှိုးထာရိုးကွန်း တစ်ယောက်ကတော့ဖြင့် ဂဏန်းတွက်ချက်ရင်း ခဏခဏအင်္ကျီကြယ်သီးတွေကို ဖြုတ်နေ၏။

တစ်ပုဒ်တွက်ပြီး၍ နောက်တစ်ပုဒ်တွက်မည်ပြုသောအခါ "ဆရာ မ... ခဏစောင့်ပါဦး" ဟုပြော၍ ရှိုးထာရိုးကွန်းသည် အင်္ကျီကြယ်သီး တွေကို ပြန်၍တပ်သည်။

"ဆရာမ ... ပေးလို့ရပါပြီ"

သူက ကြယ်သီးတွေကို ပျာယီးပျာယာဖြင့် ပြန်တပ်၍ ပြီးသောအခါ ပြောလိုက်၏။ ဤတွင် ဆရာမက အကျိုးအကြောင်းကို မေးတော့သည်။

လက်ချောင်းတွေကို ချိုး၍ တွက်ချက်သောအခါ တစ်ဆယ်ထက် ကျော်လျှင် လက်ချောင်းမလောက်တော့သည်ဖြစ်၍ ထိုအချိန်တွင် ကြယ်သီး တစ်လုံးဖြုတ်၏။

နောက်ထပ်တစ်ဆယ်ရောက်ပြန်လျှင် ကြယ်သီးတစ်လုံး ထပ်ဖြုတ် ၏။

ကြယ်သီးသုံးလုံး ဖြုတ်လျှင် သုံးဆယ်၊ လက်ချောင်းက ရှစ်ခုချိုး ပြီးပြီဆိုလျှင် "အဖြေက ၃၈ ဖြစ်ပါတယ်" ဟု သူက ရှင်းပြတော့သည်။

အင်း ... ဂျပန်ကလေးဆိုတော့လည်း ပေသီးခေါက်တတ်ပေလိမ့်

မည်။ ပေသီးခွက်တွင် အောက်က ငါးခုပြည့်သွားလျှင် အပေါ်တန်းက တစ်ခုချရသည် မဟုတ်ပါလား။ ထိုသဘောအတိုင်းပင် သူသည် တစ်ဆယ်ပြည့်သွားတိုင်း အကျီကြွယ်သီးတစ်လုံး ဖြုတ်သည်။

အကယ်၍များ ... သူ့အကျီကြွယ်သီးဖြုတ်၍ မလောက်လျှင် ဘေးနားက ကောင်လေးတွေ၏ အကျီကြွယ်သီးတွေ လိုက်ဖြုတ်မည်လား မသိချေ။

●

ပုခြင်းရဲ့အရသာ

ပြောချင်တာလေးတွေ ရှိနေတော့လည်း ပြောရဦးမည်ပေါ့။

ဂျပန်လူမျိုးတွေသည် စစ်မဖြစ်ခင်က လူပုတွေ ဖြစ်ကြသောကြောင့် အများက သူတို့ကို "ငပုတွေ" ဟု ခေါ်ကြသည်။ ဤသို့ခေါ်သည်ကို သူတို့ မခံချင်ကြချေ။

ကျွန်တော်ကလည်း ကိုယ်ချင်းစာပါသည်။ သူတို့မခံချင်ဖြစ်သည်ကို ကျွန်တော်သဘောပေါက်နိုင်ပါ၏။ အဘယ်ကြောင့်ဆိုသော် ကျွန်တော် ကိုယ်၌ကပင် လူပုအမျိုးအစားထဲ ပါဝင်နေသောကြောင့် ဖြစ်ပါသည်။

ပုသောသူသည် သူ့ဘာသာသူ ပု၍ စိတ်တိုနေရသည့်အထဲ သူများ တွေက သူတို့သိပြီးသားကြီးကို သတိပေးသည့်အနေဖြင့် "ဟေ့ ငပု" ဟု ခေါ်လျှင် ပို၍ စိတ်တိုလာတတ်သည်။ ကျွန်တော်သည်လည်း ငယ်ရွယ်စဉ် က ကျွန်တော့်ကို "ငပု" ဟူ၍လည်းကောင်း၊ "လူစဉ်မမီသူ" ဟူ၍ လည်း ကောင်း ခေါ်ဝေါ်လာလျှင် ဆတ်ဆတ်ခါနာတတ်ပါ၏။

သို့သော် ယခုအခါ သဘော်သားကားကလေးများကို စီးရသော

အခါတွင် အမြော်အမြင်ကြီးလှစွာနှင့် ပုပုလေး မွေးပေးထားသော မိခင်ကို အရမ်းအရမ်း ကျေးဇူးတင်မိပါတော့သည်။ "မိခင်နေ့" သာမက "မိခင်နာရီ" ပါ သတ်မှတ်ပြီး နေ့စဉ် သတ်မှတ်နာရီရောက်တိုင်း မိခင်ကို ကန်တော့ချင်လှပါသည်။

ကျွန်တော့်ကို ငယ်စဉ်က နှိမ်ခေါ်ခဲ့ကြသော လူရှည်ကြီးတွေ လာခဲ့ကြစမ်း။ သဘော်သားကားကို ဂိတ်စဂိတ်ဆုံး တစ်ခါလောက် စီးကြည့်စမ်းပါ။ ကားပေါ်က ဆင်းလာလျှင် ထိုင်နဲ့တွေ ပိုလီယိုဖြစ်ပြီး ဆင်းလာကြရမည်။ ကျွန်တော့်လို လူပုတွေကတော့ ရင်ကော့၍ "ငါလိုလူ ဇမ္ဗူမှာရှိသေးသလား" ဟူသော ဟန်မျိုးဖြင့် ပြုံးပန်းတစ်ရာ ပွင့်လန်းစွာဖြင့် ဆင်းလာပြပါမည်။

ဟော ပေါ်လာပြီ။ ကန်ထရိုက်တိုက်တွေ။ ပျော်စရာကောင်းလှ၏။ ကျွန်တော်တို့ ငယ်ငယ်က အထပ်တွင် နေခဲ့ရသော်လည်း ယခုအခါတွင် အလွှာတွင် နေနေကြရသည်။ အလွှာကလည်း လက်တစ်ဖောင်လောက်သာ မြင့်ပေရာ ကျွန်တော့်ကို နှိမ်ခဲ့ကြသော လူရှည်ကြီးများ ကုန်းကုန်းကုန်းကုန်းနှင့် အလကားနေရင်းကိုင်းရှိုင်းနေကြသော အချိန်တွင် ကျွန်တော် ပြုံးပြုံးကလေး ကြိုးခုန်ပြပါမည်။

ထိုမျှသာမက စာရေးဆရာဘဝက ခုထိ စိတ်ကျ၍ ဘိသိက်ဆရာဖြစ်သွားရှာသော ဆရာစိန်လွင်လေးက တစ်ခါက ပြောဖူးသည်။

"ဒီမှာ ကိုကြပ်ကလေး၊ အရပ်ပုတဲ့လူဟာ သူများထက် ဉာဏ်ပိုပြီးကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးနှောက်နဲ့ အစာအိမ်နဲ့ ပိုပြီး နီးလို့ပဲ" ဟူ၏။

ကျွန်တော် ရင်ကော့မိပြန်လေသည်။

"လူစဉ်မီသူကြီးတွေ လာကြစမ်း။ ဦးနှောက်နဲ့ အစာအိမ်နဲ့ ဝေးကွာလွန်းလို့ ငတွဲငဆိုင်းကြီးတွေ ဖြစ်နေကြပြီ မဟုတ်လား။

ဤသို့ပင် စိတ်ထဲက ပြောမိသည်။

တစ်ခါက လူပုတွေ ဖြစ်ရသဖြင့် မခံချင်သော ဂျပန်လူမျိုးတို့သည် စစ်ပြီးသောအခါ စီမံကိန်းချ ကြိုးစားကြသည်ဖြစ်၍ ယခုအခါ သူတို့ထဲမှ အများစုသည် လူရှည်များ၊ လူစဉ်မီသူများ ဖြစ်ကုန်ကြလေပြီ။

ထို့ကြောင့် မြန်မာပြည်သို့ သူတို့လာလည်မိကြသောအခါ မျက်ရည်လည်ကြရရှာသည်။ ကံမကောင်း အကြောင်းမလှ၍ ကားကလေး စီး၊ လေးဘီးစီးရသည်ရှိသော် ကားပေါ်က ကောက်ကွေးပြီး ဆင်းလာကြရမည်။ မိတ်ဆွေများ၏ အခန်းကို သွားလည်လျှင် မတော်တဆ ကြွက်ကို တက်နင်းမိ၍များ မခုန်လိုက်ပါနှင့်။ အပေါ်က အင်္ဂတေပြားက နိုင်ငံခြားသား ဦးခေါင်းဆို၍ ညှာတာမည်မဟုတ်ပါ။ ဒေါ်လာရချည်ရဲ့ဆိုပြီး ပို၍ပင် စေတနာထား၍ တောင့်ခံပြလိုက်ပါလိမ့်မည်။

ထိုဂျပန် ဧည့်သည်သည် ကံမကောင်းအကြောင်းမလှ၍ ဆရာ စိန်လွင်လေးနှင့်များ တွေ့သွားမည်ဆိုလျှင် တည်းခိုသော ဟိုတယ်တွင်ပင် "လူစဉ်မီချင်လှသော ကျွန်တော်၏ ဘဝကို စိတ်နာမိပါသည်" ဟု စာရေးထားကာ ဇွဲကြိုးချသေသွားမိမည်မှာ သေချာသလောက်ပင် ဖြစ်ပါသည်။

ယနေ့ ဂျပန်ပြည်တွင် လူပုဘဝမှ လူရှည်ဖြစ်လာချင်ရာက ကမ္ဘာတွင် အသက်အရှည်ဆုံး၊ အကျန်းမာဆုံး လူမျိုးများ ဖြစ်လာချင်ပြီလားမသိ။ ကျန်းမာရေးတွေ သိပ်လိုက်စားနေကြသည်။

အအေးမိခြင်း ပြင်းထန်လာလျှင်၊ တုပ်ကွေးဖြစ်နိုင်သော ရာသီဥတု အေးလာပြီဆိုလျှင် သူတို့သည် အအေးမမိစေရန် ကာကွယ်ရသည်မှာ အလုပ်ကြီးတစ်ခု ဖြစ်နေသည်။

ယနေ့ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း လေအေးစက်၊ လေပူစက်များဖြင့် သဘာဝရာသီဥတုကို အန်တုနေကြပြီ ဖြစ်ရာ အေးလာသည့် ရာသီတွင် အအေးလေး၊ ဘာကလေးမှမိပါစေတော့ဟု သဘောမထားနိုင်

ဘဲ အေးသောရာသီတွင် အအေးမမိရ၊ ပူသော ရာသီတွင် အပူမမိရ။ မအေးမပူသော ရာသီတွင် အူကြောင်ကြောင်ကြီး ဖြစ်မနေရဟူသော သဘောထား မျိုး ရှိလာရသည်။

ထို့ကြောင့် အေးသောရာသီတွင် အအေးမမိစေရန်အတွက် ဂျပန်များ အကာအကွယ်လုပ်နေကြသည်ကို ဖောက်သည်ချပါမည်။ (ဈေးကစားဖို့အတွက် လှောင်မထားကြရန် မေတ္တာရပ်ခံပါသည်။)

ဂျပန်တစ်ဦးက သူသည် အအေးမိခြင်း၊ တုပ်ကွေးဖြစ်ခြင်းတို့ကို ကာကွယ်ရန်အတွက် တစ်ပတ်လျှင် တစ်ရက်ကျ တစ်နေ့လုံး မီးလွတ်စားသည်ဆို၏။ ဥပမာအားဖြင့် သစ်သီးခြောက်များ၊ သဘော်သီး၊ သရက်သီး၊ နာနတ်သီး စသော သစ်သီးများမှ လွဲ၍ အခြားဘာမှ မစားတော့ဟု ဆို၏။

အဘယ်ကြောင့် ဤသို့ လုပ်ရပါသလဲဆိုသော် ဤသစ်သီးများသည် ကိုယ်ခန္ဓာထဲသို့ အယ်လ်ကာလီဓာတ်တွေ ပြည့်နှက်စေမည်။ ထို့ပြင် အစာကြေစေသည့် အချဉ်ပေါက်မှုကို အားကောင်းစေသည်ဆို၏။ ထို့ကြောင့် အအေးမိရန် ခက်ခဲသည်ဟု ဆိုသည်။

ကျွန်တော် ထောက်ခံပါသည်။ တစ်ခါက ဗိုလ်ဆွန်ပက်လမ်း တစ်နေရာတွင် အမှိုက်ပုံကြီးတစ်ပုံကို တွေ့ဖူးပါသည်။ သစ်သီးပုပ်များကိုပါ ပစ်ထားကြသည်ဖြစ်ရာ အချဉ်ပေါက်မှုကို အားပေးသည်မှာ မျက်ဝါးထင်ထင် ဖြစ်၏။ စားကြူးဖို့မလို၊ အနားက ဖြတ်သွားရုံဖြင့် အချဉ်ပေါက်သည့် အနံ့ကြီး ထောင်းခနဲ ထွက်လာသည်။

ညဘက်တွင် မြေကြွက်များသည် အမှိုက်ပုံကြီးသို့ လာရောက်၍ ပျော်ပွဲစား ထွက်တတ်ကြသည်။ ထိုမြေကြွက်ကြီးများ အအေးမိ၍ အထူးကုဆရာဝန်ထံ ငွေနှစ်ရာ အပေးသွားကြသည်ကို ကျွန်တော် မမြင်ဖူးရိုး အမှန်ပါ။

ယုံပါတော့၊ အချဉ်ပေါက်ခြင်းသည် အအေးမိခြင်းကို ကာကွယ်နိုင်ပါသည်။

သို့သော် စောစောက ဂျပန်က ရှင်းပြပါသေး၏။

အဘယ်ကြောင့် တစ်ပတ်လျှင် တစ်ရက်သာ စားရပါသလဲ။

မီးလွတ်ကို နေ့တိုင်းစားနေလျှင် အယ်လ်ကာလီဓာတ်ကို အားပြုလွန်းသည်ရှိသော် မောပန်းခြင်းသည် ပေါ်ပေါက်လာသောကြောင့် ဖြစ်သည်ဆို၏။ တစ်ပတ်လုံးလုံး မီးလွတ်စားနေမည်ဆိုသော် အအေးမမိဘဲ နေချင် နေမည်။ တုပ်ကွေးမမိဘဲ နေချင်နေမည်။ သို့သော် ဟောဟဲဟောဟဲနှင့် မချိမဆံ့ ဖြစ်လာတတ်ပေ၏။ ပြီးတော့ ခန္ဓာကိုယ်ကြီးသည် အချဉ်ပေါက် လာမည်ဆို၏။ သို့ဖြစ်၍ ထိုအဖြစ်မျိုးကို လိုလိုချင်ချင် မရှိဘူးဟုဆိုလျှင် ရက်သတ္တပတ် တစ်ပတ်၏ ကျန်သော ၆ ရက်တွင် ခါတိုင်းလို စားသောက် ခြင်းကပဲ ပို၍ ကောင်းမွန်ပါတော့သည်။

နောက်တစ်နည်းကမူ အီတလီနည်းဟု ဆို၏။

အီတလီ လူမျိုးများသည် ဆောင်းတွင်း၌ အအေးမိခြင်း၊ တုပ်ကွေးမိခြင်း မဖြစ်နိုင်စေခြင်းငှာ နွေရာသီကတည်းက ကြိုတင်ကာကွယ်သည်။ နွေရာသီ အားလပ်ရပ်တွင် "ဆန်းဘေသင်း" ခေါ်သော နေစာလှုံခြင်းကို လုပ်ကြသည် ဆို၏။

ဆောင်းရာသီ ဒဏ်ခံနိုင်ဖို့ နွေရာသီက ကြို၍ အပူတွေ လှောင်ထားခြင်း ဖြစ်ပုံရသည်။ ဤနည်းသည်လည်း မဆိုးပါ ဆောင်းရာသီရောက်လျှင် ဈေးတက်မည့် အပူများကို ကြို၍ လှောင်ထားခြင်းဖြင့် ဈေးကြီးမမိဘဲ သက်သာစေနိုင်ပါ၏။

ဂျပန်အမျိုးသမီးတစ်ဦးကမူ ကြိုတင်ကာကွယ်ခြင်းမဟုတ်။ အအေးမိနေပြီဆိုသော် ပျောက်အောင်ကုသခြင်း ဖြစ်၏။

သူ့အဆိုအရ အအေးမိခြင်းတွင် အထိရောက်ဆုံးသော နေရာမှာ

နောက်စေ့ဟု ဆို၏။ ပြီးတော့ လက်ဝါးဖြင့် ဆေးကုခြင်း ဖြစ်၏။ ဘိုးတော်တွေ၊ ပျောက်စေဆရာတွေဆီကရသော နည်းတော့ဟုတ်မည် မထင်ပါ။ နောက်စေ့တွင် မိမိ၏လက်ဝါးကို ကပ်၍ ကိုယ်ခန္ဓာကို ဖြေလျှော့ခွေလုပ်ပစ်ရ၏။ ကုလားထိုင်တွင် ထိုင်လုပ်၍လည်း ရသည်ဆို၏။

အခြားလက်တစ်ဖက်ကို ဒူးပေါ်တင်ထားရသည်။

ထို့နောက် မျက်ခွံကို ပိတ်ထားလျက်က အရှေ့ဘက် လက်ယာယွန်းယွန်းကို ကြည့်သလိုလုပ်လျှင် မျက်ခွံ၏ အတွင်းဘက်တွင် တဖျတ်ဖျတ်ဖြစ်နေသော အလင်းရောင်စက်ဖြစ်စေ၊ ဖြူဖွေးဖွေးသော တိမ်တိုက်လိုလိုမှုန်ဝါးဝါးအရာကို မြင်လာလျှင် ထိုဟာသည် 'ပါဝါ' ပင်ရင်းဖြစ်၏။ လက်ချောင်းထိပ်တွင် ပါဝါတွေ စုလာခြင်းဖြစ်သည်။

ထိုအနေအထားအတိုင်း မိနစ်အနည်းငယ်ကြာအောင်နေပြီး နောက်စေ့က လက်ကို ရင်ဘတ်ပေါ်တင်ထားရသည်။ မိနစ်အနည်းငယ်ကြာအောင်တင်ထားရင်း ဖြေလျှော့ခွေနေပေးရသည်။ ဤအတိုင်း တစ်ရက်လျှင် အကြိမ်အနည်းငယ် ကျော့၍ လုပ်ပေးလျှင် အအေးမိခြင်း သက်သာပျောက်ကင်းမည် ဖြစ်၏။

တစ်ခုတော့ သတိပြုပါ။ သင်သည် ယောကျ်ားလေး ဖြစ်လျှင် မိန်းကလေး ရောဂါသည်ကို စေတနာပိုပြီး သွားကုမပေးပါနှင့်။ ပါးရိုက်ခံရတတ်ပါသည်။ သူ့ဘာသာ သူပဲ ကုပါစေ။

●

လက်အငြိမ်မနေနိုင်လို့ပါ

ရေးလိုက်ပါဦးမည်။ လက်အငြိမ်မနေနိုင်လို့ပါ။

သပြေအကြောင်း ဖြစ်ပါသည်။

သပြေဆို၍ 'သပြေ' မဂ္ဂဇင်းက 'မှူးသပြေ' အကြောင်းလည်း မဟုတ်ပါ။ 'ချယ်ရီ' မဂ္ဂဇင်းတာဝန်ခံ အယ်ဒီတာ 'ဒေါ်သပြေ' အကြောင်းလည်း မဟုတ်ပါ။

သပြေပင်ကြီးအကြောင်း ဖြစ်ပါတယ်။

လက်အငြိမ်မနေနိုင်၍သာ ရေးလိုက်ပါသည်။ တကယ်တော့ ကျွန်တော့်တွင် ဝမ်းစာပြည့်စုံလှသည် မဟုတ်ပါ။

၁၉၉၈ ခုနှစ်၊ ဇန်နဝါရီလပိုင်းမှစ၍ မကောင်းသော ဂြိုဟ်စီး၊ ဂြိုဟ်နင်း၊ အတိတ်ဘဝက အကုသိုလ်ကံတွေကြောင့် ကျွန်တော်သည် အတော်ပင် အခြေအနေ ပျက်ခဲ့ရပါသည်။ နောက်ထပ် ဆယ်နှစ်လောက်ကို လောင်းကြေးစားကြေးနှင့် ကျွန်တော် နေနိုင်နေခဲ့သော အိမ်ကို ...

ယနေ့မနက်ဖြန် လဲပြိုကျတော့မလို အန္တရာယ်ရှိသည်ဆို၍ ဆင်း

နိုင်းရာ လူပင်ကျောကော့၍ ပြေးရသဖြင့် စာအုပ်တွေကား ပြောစရာ မလို တော့ပါ။ မျက်နှာသုတ်ပုဝါကလေးနှင့် သခင်၏ရောင်းပစ်ခြင်းကို ခံကြရပါသည်။ မလွှဲသာခွဲခွာခဲ့ရသည့် စာအုပ်တွေကိုကား မြွေရေခွံ အိတ်ကြီးများနှင့် ၁၄ အိတ်၊ ၁၅ အိတ်ခန့်ကို သူများအိမ်တွင် တောင်းတောင်းပန်ပန် သွား ထားရသည်။ ၁ နှစ်ကြာလျှင် အားလုံး ပြန်တက်ပြီး၍ အဆင်ပြေမည်ထင် ကာ နေသာမည့် အချိန်ကို လက်ချိုးရေ၍ စောင့်လင့်ခဲ့ပါသည်။ ယခု ဤစာကို ရေးသည်မှာ ၁၉၉၉ ခု၊ နိုဝင်ဘာလ ၂၆ ရက် ဖြစ်ပါသည်။ အိမ်ကြီးလည်း ဆောက်လုပ်ပြီးစီးသွားပါပြီ။ တက်နေခွင့် မရသေးသဖြင့် သူများအိမ်တွင် မျက်နှာသုတ်ပုဝါကလေးနှင့် သွားနေရရှာသော စာအုပ်များနှင့် ကျွန်တော်တို့ ပြန်၍ မဆုံနိုင်ကြသေးပါ။ ကျွန်တော်ပင်လျှင် နှစ်ချုပ်ဖြင့် ကြုံသလို ငှားရမ်းနေထိုင်ရစဉ်တွင် သူတို့ကို လှည့်မကြည့်နိုင်ပါ။

သည်တော့ ယခုသပြေအကြောင်း ရေးတော့မည်ဆိုတော့ အကိုး အကား မပြည့်စုံတော့ပါ။ ဥတုဘောဇန သင်္ဂဟကျမ်း၊ ရှုတော်မူ ဆေး အဘိဓာန်စသည့် စာအုပ်များကို နှီးနှောခွင့်မရပါ။ ထို့ကြောင့် သပြေ၏ ဂုဏ်သတ္တိတို့ကို ကျွန်တော် မကိုးကားနိုင်တော့ပါ။

ကျွန်တော် နီးစပ်သည်မှာ ‘ဝါဆို ဝါခေါင် ရေတွေကြီးလို့ သပြေ သီးမှည့် ကောက်စို့ကွယ်’ ဟူသော ကဗျာကလေးသာ ဖြစ်ပါသည်။ ဆေး ဖက်ဝင်လှသည်ဟု လူကြီးမိဘတွေ ပြောသံလည်း မကြားဖူးခဲ့ပါ။

ဖေဖေကတော့ သပြေပန်း (တကယ်တော့ သပြေရွက်နုတွေ ဖြစ် သည်) ကို အောင်သပြေဆို၍ အောင်အတိတ် အောင်နိမိတ်ဟူသည် ရှေးက စစ်ထွက်ယောကျ်ားများအား စစ်အောင်စေရန် ရည်စူး၍ အောင်သပြေ ပန်းများ ကမ်းလှမ်းခဲ့သည်ဟူ၍ ကြားဖူးသည်။ သပြေပန်းများကို ယူသွား သော ရဲမက်တော်များကလည်း သပြေပန်းတွေကို ဘာဆက်လုပ်ကြောင်း ကိုလည်း မကြားဖူးပါ။

သပြေနှင့် ပတ်သက်၍တော့ ကျွန်တော် ဤမျှသာ သိပါသည်။

အိန္ဒိယနှင့် မြန်မာနိုင်ငံတို့သည် နီးကပ်နေရုံမက ဘာသာ ယဉ်ကျေးမှုတို့ကိုပါ ကောင်းနိုးရာရာ ရယူလိုက်သည်ဖြစ်သော်လည်း သပြေနှင့် ပတ်သက်၍ မြန်မာများက သိပ်ပြီး ကြီးကြီးကျယ်ကျယ်မလုပ်ခဲ့သည်ကို အိန္ဒိယကျမ်းများတွင် တခမ်းတနား ရေးသားထားသည်ကို တွေ့ရ၏။

သည်တော့လည်း ကျွန်တော် လက်အငြိမ်မနေနိုင်သည်မှာ မဆန်းတော့ပါ။

သူတို့က သပြေကို ရောဂါပေါင်းများစွာကို ပျောက်ကင်းစေနိုင်သည်။ ၉၆ ပါး ဆေးစွမ်းကောင်းသဖွယ် ပြောနေကြ၏။ ထိုအခါ ကျွန်တော်သည် 'အောင်မယ် ...၊ သပြေပင်ဟာ သူတို့ဆီမှာမှ ပေါက်တာမဟုတ်ဘူး။ တို့ဆီမှာလည်း ဘာဗီဇာမှ မရှိဘဲ ဝင်လာပြီး ပေါက်နေတာပဲ' ဟု တွေးကာ သူတို့ သုတေသန လုပ်ထားသည်များကို ရေးလိုက်ရပါ၏။ ကျွန်တော်က လက်အငြိမ်မနေနိုင်၍ ရေးသည်ကို မတော်တဆများ ဖတ်မိသွားလျှင် လက်အငြိမ်မနေနိုင်သူများ သုတေသနပြုနိုင်ပါစေဟု သော ယောနိသောမနသိကာရဖြင့် လက်ဆင့်ကမ်းပါ၏။ ပြောမိသော မသတီစရာဟူ၍ မမှတ်ကြပါရန် မေတ္တာရပ်ခံပါသည်။

သပြေကို သက္ကတဘာသာဖြင့် အမျိုးမျိုးခေါ်ဝေါ်ပါသော်လည်း စကားလုံး တစ်ခုမှာ ရာဂျဖလ (ဝါ) ရာဇဖလ ဖြစ်၏။ အဓိပ္ပာယ်မှာ 'ဘုရင်တို့၏ သစ်သီး' ဟူပေ၏။ တော်ဝင်သစ်သီးဟု ဆိုကြပါသည်။ ကျွန်တော်တို့ဆီတွင် လူကြီးများက အဖက်မလုပ်ဘဲ ကလေးများက သွားကောက်စားနေသော သပြေသီးကို သူတို့က တော်ဝင်သစ်သီးဟု အလေးအမြတ်ခေါ်ဝေါ်နေကြသည်။

ခေါ်ဝေါ်ရုံသာမက သူတို့လူမျိုးသည် တော်တော်ပင် ကြိုက်နှစ်သက်ပုံ ရ၏။ မုတ်သုန်ရာသီဝင်၍ သပြေသီးတွေ လှိုင်လှိုင်ပေါ်ပြီဆို

လျှင် သပြေပင်အောက်တွင်ပင် ယာယီဆိုင်ကလေးများထိုး၍ သပြေသီးများကို ရောင်းတော့သည်။ ဤသည်မှာ မြို့တွင် ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် မြို့သားဟူသည် ကလေးဘ၀က မလွတ်မလပ် အကျဉ်းသားလိုဖြစ်နေသဖြင့် ကိုယ်တိုင်က သစ်ပင်မတက်တတ်ဘဲ ရှိကြရာ၊ သစ်ပင်တက်တတ်သူများက တက်၍ ရောင်းချပေးသည်ကို ၀ယ်စားကြ၏။ မြို့သားများသည် ၀ယ်စားသော အကျင့်ကိုကား ငယ်စဉ်ကပင် ကျွမ်းကျင်ခဲ့ကြ၏။ တောအရပ်ဒေသများတွင်တော့ သပြေသီးကို ၀ယ်စားသည်မရှိ။ ကိုယ်တိုင်ပင် သစ်ပင်ပေါ်တက်ကာ ဗိုက်ပြည့်အောင် စားကြသည်။ ကိုယ့်ဗိုက်အတွက်သာမက လေးမြတ်သူများ၊ သွေးစပ်သူများအတွက်ပင် လက်ဆောင်ပေးရန် ခူးသွားကြသည်ဆို၏။

အိန္ဒိယနိုင်ငံ သုတေသီတွေ အဆိုအရ ဟိမ၀န္တာတောထဲတွင် သပြေပင်သည် ပေသုံးထောင်လောက်မြင့်အောင် ပေါက်ရောက်ပြီး အိန္ဒိယနိုင်ငံတောင်ပိုင်းက ကုန်းမြင့်များပေါ်တွင် ထို့ထက်ပို၍ပင် မြင့်မားကြသေးသည်ဆို၏။ ရေကြိုက်သော အပင်ဖြစ်၍ စိမ့်စမ်းချောင်းမြစ်တို့၏ ကမ်းပါးတွင်ပေါက်ရောက်တတ်ကြသည်။

ကျွန်တော်တို့က သပြေရွက်ကို သပြေပန်းဟု ခေါ်နေသော်လည်း သူတို့ အပြောအရ သပြေပန်းသည် အဖြူရောင် ညစ်ထပ်ထပ်ရှိ၍ သေးငယ်ပြီး မွှေးရနံ့ရှိသည်ဟုဆိုသည်။ သပြေကို ဟိန္ဒီလို 'ဂျာမွန်း' ဟု ခေါ်၍ သက္ကတနှင့် ပါဠိလို 'ဇမ္ဗူ' ဟု ခေါ်လေသည်။

သပြေပင်သည် အိန္ဒိယဒေ၀တာပုရာဏ်တွင် အရေးပါ၏။ ဟိန္ဒူနတ်ဘုရားများဖြစ်ကြသော ကရစ်ရှနား (ဟိန္ဒီလို ကရစ်ရှင်ဟု အသံထွက်၏) နှင့် မြန်မာများက 'မဟာပိန္နဲ' ဟု ခေါ်သော ကဏေရှား (ဟိန္ဒီလို ဂဏေ့ရှ်) နတ်တို့အတွက် အဓိကရအပင် ဖြစ်သည်ဆို၏။

အိန္ဒိယနိုင်ငံတွင် ဗုဒ္ဓဘာသာ ထွန်းကားခဲ့စဉ်က ဗုဒ္ဓဘာသာ၀င်များ

သည်လည်း သပြေပင်ကို အလေးအမြတ်ပြုကာ ဘုရားပရိဝုဏ်၊ ကျောင်း ပရိဝုဏ်များတွင် ထုံးစံလိုလိုပင် စိုက်ပျိုးခဲ့ကြသည်ဟု ဆို၏။ အိန္ဒိယ အမျိုးသားများသည် သပြေရွက်များကို ကြိုးဖြင့်သီကာ အိမ်ပေါက်ဝတွင် တန်း၍ ဆွဲထားခြင်းဖြင့် မင်္ဂလာရှိသည်ဟု ဆိုသည်။

မြန်မာများက သပြေကို အောင်အတိတ်ယူသော်လည်း မင်္ဂလာရှိ သည်ဆိုကာ သတို့သား၊ သတို့သမီးများတွင် ကြိုးဖြင့်သီ၍ တန်းဆွဲထား ကြသည်ကို မမြင်ဖူးပါ။ မမြင်ဖူးသည်ကလည်း ကံကောင်းသည်ဟု ဆိုရ မလား မသိပါ။ သို့မဟုတ်ပါက မင်္ဂလာဆောင်တွင် အလကားနေရင်း စပ်ဖြဲဖြဲ ဖြစ်နေသော ကျွန်တော့်ကို လူများက ကွက်ကြည့်ကွက်ကြည့် လုပ်၍ ကွင်းရှောင်သွားဖွယ်ရာ ရှိပါသည်။

သပြေခေါက်သည် ဖန်ချုပ်သော အရသာရှိ၍ အစာကို ကြေစေပြီး ဝမ်းတွင်းမှ ပိုးမွှားများ၏ရန်ကို ကာကွယ်သည်ဆို၏။ လည်ချောင်းနာ ခြင်း၊ လည်ပြွန်ရောင်ရမ်းနာ၊ ဝမ်းကိုက် ဝမ်းလျှောရောဂါ၊ ပန်းနာ၊ သွေး မသန့်ခြင်းများ၊ သည်းခြေ မကောင်းခြင်းများ၊ အနာခွက်များအတွက် ကောင်းမွန်၏။ သပြေခေါက်ပြုတ်ရည်သည် နာတာရှည် ဝမ်းကိုက်ရောဂါ ပျောက်ကင်းစေနိုင်၏။ အိန္ဒိယတိုင်းရင်းဆေး သဘောအရ ဝမ်းလျှော ရောဂါကို သပြေခေါက်ရည် လတ်လတ်ဆတ်ဆတ်ကို ဆိတ်နို့ဖြင့်ရော၍ တိုက်ကျွေးရသည်ဆိုသည်။ လည်ချောင်းနာခြင်းနှင့် ရေမြုပ်သွားဖုံး ဖြစ် ခြင်းများအတွက်ဆိုလျှင် သပြေခေါက်ပြုတ်ရည်ကို ပလုပ်ကျင်းပေးရသည် ဟု အဆိုရှိလေသည်။ မီးလောင်ဒဏ်ရာ၊ အပူလောင်ဒဏ်ရာများကို သပြေ ခေါက်မှ ထုတ်လုပ်သော ကော်ဖြင့် သပြေခေါက်ကို ပြာချ၍ ဆီတစ်မျိုး မျိုးဖြင့် စပ်၍ လည်းကောင်း သုတ်လိမ်းပေးရသည်။

သပြေသီးသည် အေးသောသဘာဝရှိ၍ ယေဘုယျအားဖြင့် အားအင်ပြည့်ဖြိုးစေသည်ဟု ယူဆကြ၏။ သပြေသီးမှ ပြုလုပ်သော

ရှာလကာရည်သည် သရက်ရွက် ရောဂါများကို သက်သာပျောက် ကင်းစေ၍ ဆီးကိုလည်း ရှင်စေသည်ဆို၏။

သပြေစေ့သည် အူများအတွက်ကောင်း၍ လေလည်စေသည်။ သပြေသီး အရည်များသည် လည်းကောင်း၊ သပြေစေ့ အမှုန့်များသည် လည်းကောင်း ဆီးထဲမှ သကြားဓာတ်ကို လျော့ပါးစေသဖြင့် ဆီးရောဂါ အတွက် ကောင်းသည်။ သပြေရွက်မှရသော ပြာများသည် သွားနှင့် သွားဖုံး များကို ခိုင်မာစေ၏။

နာမည်ကျော် တာဆာပိုးထည် ရရှိသော ပိုးကောင်များသည် သပြေကို မှီဝဲသုံးဆောင်ကြသည်ဆို၏။

တစ်လက်ကောင်းဖြင့် နာမည်ကျော် ဆေးသမားဖြစ်နိုင်ရာ ဤဆောင်းပါးဖတ်၍ သမားတော်၊ သမားကျော်ကြီးများ ဖြစ်ခဲ့သော် ဆရာ ကြပ်ထံ အသာကပ်ခဲ့စေချင်ပါ၏။

●

လက်အငြိမ် မနေနိုင်လို့ပါ [၂]

ရေးလိုက်ပါဦးမည်။ လက်အငြိမ်မနေနိုင်လို့ပါ။

တကယ်တော့ 'သုခ ချမ်းသာ'မဂ္ဂဇင်းသည် ဆရာကြီး သုခ တစ်ယောက်တည်းကိုသာ ကွက်၍ ချမ်းသာစေချင်သော မဂ္ဂဇင်းမဟုတ်သလို ဆရာဦးသုခနှင့် မင်းသားချမ်းသာတို့ ပူးတွဲထုတ်ဝေသော မဂ္ဂဇင်းလည်း မဟုတ်ပါ။

ဤမဂ္ဂဇင်းသည် ဆေးဝါးများကို ဖောင်းပေးသည် မှန်သော်လည်း ဆေးပေးပြီး ဝါးလေ့မရှိသော ကျွန်တော့်ကိုတော့ စာဖတ်ပရိသတ်များ ရင်ကလေးပေါ့၍ ရွှင်လန်းသွားစေရန် ဟုတ်တာရော၊ မဟုတ်တာရော ရေးပေးပါဟု လူတိုင်းပြောလာကြသည်။

ကျွန်တော်ကလည်း လက်အငြိမ်မနေနိုင်သူမို့ (လက်ဆော့သူတော့ မဟုတ်ပါ။ လက်အငြိမ်မနေနိုင်ခြင်း သက်သက်သာ ဖြစ်ပါသည်။ မယုံလျှင် ကျွန်တော့် နားကပ်မိသော မိန်းမပျိုကလေးများကို မေးကြည့်ပါ။) သူတို့က တောင်းခံလာသည်နှင့် တစ်ပြိုင်နက် ကျွန်တော်သည် အငမ်းမရ ရေးပါတော့မည်။

ဆေးနှင့်တော့ ပတ်သက်ပါသည်။ ဆေးဝါးကိစ္စတော့ မဟုတ်။ ဆေးကျောင်းသူ ကိစ္စသာ ဖြစ်ပါသည်။

ကျွန်တော်သည် လက်သာမဟုတ်။ မျက်စိကပါ အငြိမ်မနေနိုင်သူ ဖြစ်သည်။ ၁၉၉၅ ခု အောက်တိုဘာလ ၈ ရက်နေ့ထုတ်၊ Femina မဂ္ဂဇင်းတွင် ဖော်ပြပါရှိသော အကြောင်းအရာ ဖြစ်ပါ၏။ အိန္ဒိယပြည်မှ ထုတ်ဝေသော မဂ္ဂဇင်းဖြစ်ပါသည်။

ထိုမဂ္ဂဇင်းတွင် နာမည်ကျော် ရုပ်ရှင်မင်းသမီးလည်းဖြစ်၊ ဒါရိုက်တာလည်း ဖြစ်သော ပါးလ်ပါဒမ်စီ ဆိုသူ အမျိုးသမီးက တိုင်ပင်လာသော ကိုယ်ရေး ကိုယ်တာကိစ္စကလေးများကို ကြိုးစား၍ (ချောက်တွန်းခြင်းတော့ ဟုတ်မည် မထင်ပါ) ပြေလည်အောင် နှိုင်းနှိုင်းချိန်ချိန် ဖြေကြားပေးနေသော ကဏ္ဍလေးတစ်ခု ဖွင့်ထား၏။

ကျွန်တော်ကလည်း သူများအကြောင်းဆိုလျှင် စိတ်ပြင်းလွန်းသဖြင့် အိမ်နီးချင်းလင်မယားတွေရန်ဖြစ်လျှင် စိတ်မဝင်စားသည့်ပုံမျိုးကို အကာယ်ဒမီအိုက်တင်လုပ်ပြီး နံရံနားကပ်၍ ချောင်းနားထောင်တတ်လေရာ ယခုကဲ့သို့ အများတကာ ဖတ်ရှုနိုင်သည့် မဂ္ဂဇင်းစာမျက်နှာပေါ်တွင် ဖွင့်ထုတ်ဖော်ပြထားသော ကိစ္စနှင့် ကျွန်တော်သည် ပြောင်ပြောင်ပင် စပ်စုပါ၏။ကျွန်တော့်ရှေ့တွင်လာ၍ ဖော်ပြမည်မကြံနှင့်။ မလွတ်တမ်းကြည့်မည်သာ ဖြစ်ပါသည်။

ကြည့်တော့ ဘာဖြစ်သနည်း။ ကြည့်တော့ တွေ့သည်ပေါ့။ တွေ့တော့ ဘာဖြစ်သနည်း။ တွေ့တော့ ကိုယ်တွေ့တာကို တစ်ပါးသူအား မြိန်ရေရှက်ရေ ပြန်ပြောပြပါသည်။ ပြန်ပြောပြတော့ ဘာဖြစ်သနည်း။ ဟုတ်ကဲ့ ... ကျွန်တော့် ဆောင်းပါးကို ဖတ်ကြပါလေတော့။

'ကျွန်မသည် နောက်ဆုံးနှစ်ကျောင်းသူဖြစ်ပြီး ရည်မှန်းချက်လိုဘာတွေမြင့်မြင့်ထားသူ တစ်ဦးဖြစ်ပါသည်'

ဒါကတော့ ရှင်းနေပါသည်။ ကျောင်းသက်အကြာကြီးနေ၍သာ ဆေးပညာကို လိုက်ပြီဆိုမှတော့ ရည်မှန်းချက်လိုဘကြီးမြင့်သည်က သေချာနေ၏။ ဆေးပညာရိုးရိုးကိုပင် ကြာရှည်သင်ရသည်။ အောင်သွားပြန်ပါသော်လည်း မရပ်တန့်သေးပါ။ ဆက်လက်၍ 'ရှယ်ဘွဲ့အတွက် ဆက်လက်ကြိုးစားရပြန်သည်' 'ရှယ်' ဘွဲ့ဆိုသည်မှာ 'အထူးကု' ကို ဆိုလိုပါသည်။ ဤမျှလောက် စာမေးပွဲတွေနှင့် လုံးထွေးနေရသော လမ်းကို လိုက်မှတော့ လိုဘကြီးကြီး၊ တိုက်ကြီးကြီး၊ ကားကြီးကြီး၊ စိန်နားကပ်ကြီးကြီးတွေ မှန်းနေပြီဆိုသည်မှာ သေချာနေပါ၏။ သူ့စာကို ဆက်ဖတ်ကြည့်ပါဦးမည်။

'အခု ကျွန်မအသက် ၂၃–နှစ်ရှိပါပြီ။ ဒါကြောင့် မိဘတွေက အရင်လက်ထပ်ပြီးမှ ကျွန်မ၏ ရည်မှန်းချက် လိုဘတွေကို ဆက်လက်ဖြည့်ဆည်းရန် ပြောကြားနေပါသည်'

ဒါကတော့ မိဘတွေဘက်ကလည်း ပူစရာဖြစ်၏။ သူ့ပညာလမ်းကြီးက ရှပ်နေသဖြင့် ဘိုးဘွားရိပ်သာအဝင်ကျမှ လက်ထပ်ရလျှင် မိဘတွေ အသက်ရှိကြတော့မည် မဟုတ်။ သည်တော့ မိဘဝတ္တရားမကျေလိုက်ရမှာ စိုးနေပါသည်။ ထို့ကြောင့် သူတို့ အသက်ထင်ရှားရှိတုန်း ဝတ္တရားကျေပစ်လိုက်ချင်ပုံရ၏။ သို့သော် ကလေးမကလေးက အခက်တွေ့နေ၏။ ဆက်ဖတ်ကြည့်ပါ။

'ဒါပေမဲ့ ပြဿနာက ကျွန်မရဲ့ စိတ်ဝါသနာနဲ့ ကိုက်ညီမယ့် ကောင်လေးကို ယနေ့ထက်တိုင် မတွေ့သေးပါ။ သင့်တော်သလိုလို ထင်ရတဲ့ တစ်ယောက်ကတော့ မျက်စိရောဂါဗေဒဌာနက ပါမောက္ခပါ'

ဟောဗျ။ မှန်ပါ၏။ မှန်ပါ၏။ သူ စောစောကပင် ပြောထားပါသည်။ သူ၏ ရည်မှန်းချက်လိုဘက မြင့်ပါသည်တဲ့။ ပါမောက္ခလောက်မှ သူက ရည်မှန်းပါသည်။ ရှိစေ ... ဆက်ဖတ်ကြပါဦးစို့။

'သူဟာ လက်မထပ်သေးတဲ့ လူလွတ်ဖြစ်ပါသည်။ သူ စာကို သင်ယူပြီး တက်နားထောင်ရတဲ့အချိန်က စပြီး ကျွန်မတို့တစ်တွေဟာ သူ့ သင်ပုံ သင်နည်းတွေ၊ သူ့ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို စိတ်အာရုံဝယ် စွဲထင်သွားကြပါတော့သည်'

အောင်မယ် ... မိန်းကလေး တစ်ယောက်တည်းမဟုတ်။ တစ်အုပ်စုလုံးတွေက စိတ်ဝင်စားသွားကြသည်။ ပုလဲတို့ ထွန်းအိန္ဒြေဗိုလ်တို့ဆိုသလို 'မိန်းကလေးတိုင်းက သူ့တော့ စိတ်ဝင်စား' ဆိုသလို ဖြစ်နေလေပြီ။ ပါမောက္ခက ဆင်စွယ်ရောင်နဲ့များ ပြုံးပြသလား မသိပါ။

'ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဟာ နားလည်မှုရှိထားသော တတ်သိသော၊ စတိုင်ကျသော ဆရာကို ကျွန်မတို့ရပြီလို့ သိကြတာကိုး။ စာမေးပွဲတွေဖြေခိုက်မှာ ကျွန်မရဲ့ နာတာရှည် မျက်စိရောဂါကြောင့် သူ့ ဆေးခန်းကို သွားပြီး စစ်ဆေးကြည့်ရာမှ သူ့ ပညာကိုကော၊ သပ်ရပ်လှတဲ့ သူ့ ဆေးခန်းကိုကော ချက်ချင်း အထင်ကြီးမိသွားပါ၏။ နောက်ပြီး ကျွန်မ တွေ့ရှိရတာက တနင်္ဂနွေနေ့တွေမှာဆိုရင် လူနာတွေကို အခမဲ့ ကုပေးတယ် ဆိုတာပဲ'

ဤအတိုင်းဆိုလျှင် တနင်္ဂနွေနေ့များတွင် သူ့ဆေးခန်းဝန်းကျင်၌ ဆိုက်ကား၊ တက္ကစီကားတွေ ပြည့်ကျပ်နေရှာမည်။ လိုအပ်လျှင် ဈေးသည်ကလေးတွေပါရောက်နိုင်၏။ သိန်းပေါင်းများစွာတန်သော ကားကြီးပေါ်က ဆင်းလာပြီး ကျပ်တစ်ဆယ်တန် ပြောင်းဖူးစားသည့် အဒေါ်ကြီးတွေကိုလည်း ရေစက်ဆုံလျှင်တွေ့နိုင်မည်ဟု ကျွန်တော် ထင်ပါသည်။

သူ့စာက မဆုံးသေးပါ။ ဆက်ဖတ်ကြည့်ပါဦးစို့။

'သူ့ ဆေးခန်းမှာ ဂုဏ်ပြုလက်မှတ်တွေ၊ ဆုတံဆိပ်တွေဆိုတာ ပြည့်နှက်နေပါတယ်။ လူမှုရေးတွင်လည်း ထူးချွန်သူ ဖြစ်ပါတယ်။ သူဟာ ဘဝကြင်ဖော်ရှာနေတယ်လို့ လူတိုင်းက ပြောနေကြပါတယ်။ ဤ ပါမောက္ခကို ယူမယ်ဆိုရင် ကန့်ကွက်စရာမရှိဘူးလို့ ဖေဖေကလည်း ပြောပါတယ်'

'ကျွန်မရင်ဆိုင်နေရတဲ့ တစ်ခုတည်းသော ပြဿနာက ကျွန်မဟာ ကိုယ့်ထက် ၁၃ နှစ်လောက်ကြီးနေသူကို ကျွန်မနဲ့ လိုက်ဖက်ညီနိုင်ပါ့မလား'

အင်း ... ပါမောက္ခကြီးရဲ့ အတွေးအခေါ်တွေ 'ဒိတ်အောက်' နေမှာ ကြောက်လေရော့သလား မသိပါချေ။

'ပြီးတော့ သူကတော့ လူပျိုအဖြစ် ဒါလောက်အကြာကြီး နေလာပြီးမှ အိမ်ထောင်သည်အဖြစ် သူ့ကိုယ်သူ ပုံသွင်းနိုင်ပါ့မလား။ ကျွန်မ ဘာလုပ်သင့်သလဲ။ သူ့ကို ယူရမလား။ စာကိုပဲ ဆက်ပြီး လုပ်ရမလား။ ဒါမှမဟုတ် ဆရာဝန်အရင်လုပ်၊ ပြီးတော့မှ သင့်တော်တဲ့ လူကို ရှာရမလား'

ဆရာဝန်အရင်လုပ်ပြီးမှ သင့်တော်တဲ့ လူကို ရှာရင် သူ့မိဘတွေ မြေးကို ရှင်ပြုလိုက်ရမှာ မဟုတ်တော့ဘူးဟု ယူဆရပါသည်။

မှန်ပါသည်။ အိမ်ထောင်ပြုခြင်း ကိစ္စသည် ယောကျ်ားလေးများ အတွက် သိပ်အရေးမကြီးပါ။

သို့သော် မိန်းကလေးများအတွက်တော့ လေ့ကားသုံးထစ်ဆင်းရုံဖြင့် အပျိုပြန်မဖြစ်ပါ။ တစ်ရပ်တစ်ကျေးပြောင်းပြီး အခန်းပေါ်ပေါ် တိုက်တွေမှာနေမှ အပျိုပြန်ဖြစ်နိုင်ပါသည်။ ဒီတော့လည်း ဆေးကျောင်းသူ ကလေး ပူပန်ရှာသည်။

ကောင်းပြီး ပါးလ်ပါဒမ်စီ (Pearl Padamsee) က မည်သို့ ပြန် ဖြေကြားပါသလဲ ကြည့်ကြပါမည်။

'၁၃ နှစ် ကွာခြားမှုအရေးမကြီးပါ။ သူ့အသိဉာဏ်နဲ့ သူ့အတွေ့ အကြုံကို သင်က လိုက်မမီမှာသာ စိုးရပါတယ်။ သူ့မိတ်ဆွေဖြစ်အောင် အရင်ကြိုးစားပါ'

ဟောဗျာ ... ဟုတ်သား ... မှန့်ဆီကြော်ကဖြင့် မကြော်ရသေး၊ နှုတ်ခမ်းနာသမားက ပျာလောင်ခတ်နေသည်။ ဖြစ်ရလေ။

●

အိုခြင်း၊ နာခြင်း အံ့တုခြင်း

ရေးလိုက်ပါဦးမည်၊ လက်အငြိမ်မနေနိုင်လို့ပါ။

လူသည် မွေးလာကတည်းက တစ်နေ့တော့ သေမည်ဆိုတာကို လူတိုင်း သိသည်။ ဤသေခြင်းတရားသည် မုချ ရောက်လာမည်ဆိုသည်ကိုလည်း လူတိုင်းသိသည်။ ထိုနည်းတူစွာပင် ဇရာ (ဝါ) အိုခြင်းတရားသည်လည်း လူတိုင်းဆီသို့လာမည်ကို ဆိုသည်ကို သိကြပါ၏။

အထူးသဖြင့် ကျွန်တော်တို့ မြန်မာလူမျိုးတွေ သိကြပါ၏။ အချို့က အိုခြင်းကို အရိပ်အရောင်ကလေး ဝင်ရုံနှင့်ပင် ကြိုဆိုနေကြ၏။ အသက်လေးဆယ်လောက် ရောက်လာလျှင်ပင် ဟာသတွေ ဘာတွေကို မဖတ်တော့ဘဲ တရားထိုင်ချင်သလိုလို၊ ပုတီးစိပ်ချင်သလိုလို ဖြစ်လာကြ၏။

'တို့တော့ အိုပြီ၊ မအိုသေးတာတောင်မှ တော်တော်ကြာ အိုတော့မှာ။ ဒီတော့ နောက်ဘဝဈေးကွက်မှာ သူများတွေထက် ဦးအောင် အစကတည်းက ကောင်းမှုတွေ လုပ်ထားမှပဲ'

ဤသို့တွေးသူတွေက တွေး၍ ကုသိုလ်ရေးတွင် ရှေ့က ပြေးကြ

သည်။ မရယ်မပြုံး ဣန္ဒြေကြီးတွေလုပ်ကာ အိုရုပ်ဖန်တီး ကြသည်။ အိုခြင်းတရားကို ရှီးတိုးရိပ်တိပ်ကလေး မြင်ရုံနှင့်ပင် နက်ဖြန် သူအိုရုံသွားတော့မည်ကဲ့သို့ သဘောထားကို ပြင်လိုက်ကြ၏။

ဟာသတွေကို လျှော့ကြသည်။ သည်တော့ ဘာဖြစ်သလဲ။ ကျွန်တော်ကဲ့သို့ ဟာသမှီ၍ စားသောက်နေကြသူတွေ မျက်လုံးပြူးကုန်ကြရ၏။ ဟုတ်ကဲ့ လည်ချောင်းတွင် ထမင်းလုတ်နင်ကြရပါသည်။ ဤအလုတ်ပြီးလျှင် နောက်အလုတ် စားစရာ ငွေရပေါက်ရှိပါဦးမည်လားပူပန်မိကြသည်။

ကမ္ဘာက လူတွေကတော့ ဤသို့မဟုတ်ကြချေ။

သေခြင်းတရားလာမည်ကို သိ၏။ သို့သော် မေ့သူတွေက မေ့ထားကြ၏။ မမေ့သူတွေကလည်း ဆေးမျိုးစုံမှီဝဲ၍ သေမင်းကို ဗီဇာထုတ်မပေးရအောင် ကြံဆောင်နေကြသည်။

သေမင်းကိုပင် တစ်ပတ်ရိုက်ချင်တော့ အိုခြင်းလောက်တော့ အပျော့ဖြစ်ပါသည်။ ဆံပင်တွေ ဖြူလာသလား၊ ဆေးဆိုးပစ်လိုက်၏။ ဟဲ ... ဟဲ ... ငါမအိုသေး။

သွားကျိုးသလား၊ ငယ်သွားထက် ပြည့်အောင်ပင် စိုက်ပစ်လိုက်ကြသည်။ ဟဲ ... ဟဲ .... လာခဲ့စမ်း ပဲကြီးလှော် ငါ မအိုသေး။

မျက်စိမှုန်သလား၊ မျက်မှန်နှင့် မလုံလောက်လျှင် 'လင်းစ်' တွေကို လဲပစ်လိုက်သည်။ ကန်ထရိုက်တိုက် အပေါ်ဆုံးထပ် ပြတင်းပေါက်တွင် ရပ်နေသော လုပ္ပိုဖြူ၏ စံပယ်တင်မှဲ့ကလေးကို ပလက်ဖောင်းပေါ်မှ တစိမ့်စိမ့် ကြည့်နိုင်သည်။ ဟဲ ... ဟဲ ... ငါမအိုသေး။

အလောင်းစည်သူမင်းကြီး စွမ်းရည်ရှိသော်လည်း လက်ပျဉ်းကျသေး၏။ ယခုထက် ကမ္ဘာလူသားများသည် အရေပြားတွေ ယိုယွင်းလာခဲ့၏။ မပူကြပါ။ အရေပြားတွေကို ထိန်းသိမ်းယုယစောင့်ရှောက်နည်းတွေ

ထောင်နှင့်သောင်းနှင့် ဖြစ်လာကြပါပြီ။

ဟော ... သက်ရှိဆဲလ်သွင်း ကုသနည်းဖြစ်သော Living Cell Therapy ကို ကျယ်ကျယ်ပြန့်ပြန့် သုံးနေကြပါပြီ။

ကျွန်တော်လည်း မြန်မာပီပီ ဇရာအိုကြို့နေသည့်ကြားက 'ပြန်လည်နုပျိုနိုင်သည်' ဟု ကြားသဖြင့် ခေါင်းထောင်ကြည့်မိ၏။ သက်ရှိဆဲလ်သွင်းကုသနည်းဆိုတာ ဘာပါလိမ့်ဟူ၍ လေ့လာမိသည်။ ဟဲ ... ဟဲ ... ငါမအိုချင်သေး။

ဤကုသနည်းကို စတင်ခဲ့သူဟု နာမည်ကြီးခဲ့သူကား ဆွစ်လူမျိုးဆေးဆရာ ပေါလ်နီဟန်းစ် (Paul Niohans) ဖြစ်သည်ဟု ဆိုပါသည်။ သူသည် ၁၈၈၂ တွင် မွေးဖွားခဲ့သည်မှန်သော်လည်း နောက်သုံးနှစ်ကြာသောအခါ မြန်မာနိုင်ငံမှ သီပေါမင်း ပါတော်မူသွားသည်ကတော့ သူမွေးဖွားလာခြင်းနှင့် မဆိုင်နိုင်ပါ။

နီးဟန်းစ်သည် ဘဝခရီးတစ်လျှောက်တွင် စွမ်းပကားရှင် လူတော်ကြီးဟု ယူဆသူက ယူဆ၍ လူလိမ်လူညာပါဟု စွပ်စွဲသူတွေက စွပ်စွဲသည်။ မြန်မာပြည်တွင် ကြပ်ကလေးကို ကြည်ညိုသူတွေက ကြည်ညိုသည်။ ငပေါထင်သူတွေက ထင်သကဲ့သို့ ဖြစ်ပေလိမ့်မည်။ မည်သူ၏အထင်က မှန်သည်ကို အချိန်က သက်သေပြမည်။

ကြည့်ပါ၊ နီးဟန်းစ်၏ ကိစ္စရပ်တွင် အချိန်က သက်သေပြများ၏။ ၁၉၅၄ ခုနှစ်တွင် သူသည် ၁၂ ကြိမ်မြောက် ပုပ်ပိုင်းယပ်စ်ကို ဆေးကုခွင့်ရသဖြင့် ကုသလိုက်ရာ ရဟန်းမင်းကြီးသည် ပြင်းထန်သော ရောဂါဝေဒနာမှ ထမြောက်လာသည်တွင် နီးဟန်းစ်လည်း ကျော်စောထင်ရှားလာရ၏။

ဤတွင် ဂျာမနီက ဆစ်ဖရိုက်ဘလော့ (Siegfried Block) အမည်ရှိ ဆရာဝန်က နီးဟန်းစ်ထံ လာရောက်၍ ဆည်းပူးပါရစေဟု စာရေးအားမေတ္တာရပ်ခံရာ နီးဟန်းစ်က လက်ခံလိုက်သဖြင့် ဘလော့၏ ဆရာဖြစ်လာ

သည်။ ပုံနှိပ်ရေးဆိုင်ရာ ဘလော့ဆရာ၊ ဖလင်ဆရာတော့ မဟုတ်ပါ။ အမှတ်မှားလျှင် ဦးထွန်းဆိုင် နာမည်ကြီးသွားစရာ ဖြစ်ရော့မည်။

နောင်တွင် ဘလော့သည် ဂျာမနီသို့ ပြန်ပြီး ဆေးခန်းဖွင့်၍ ရောဂါများကို ကုသရာရောဂါဖြစ်သူများသာမက တရွေ့ရွေ့ ချဉ်းကပ်လာနေသော အိုခြင်းတရားကို ရင်ဘတ်ဆီးတွန်း၍ နုပျိုသော အသားအရေများကို ထိန်းသိမ်းထားလိုကြသူများပါ ရောက်ရှိလာကြသည်။

နုပျိုလှပလိုကြသူများတွင် မိန်းမများသာမက ယောကျ်ားများလည်း ပါဝင်လာကြ၏။ လှသည်ထက် လှမည်ဆိုလျှင် ဟဲ ... ဟဲ ... ကျွန်တော်လည်း လှချင်ပါသည်။ နုပျိုချင်ပါသည်။ သွားစိုက်ပြီး ဆံပင်ဆိုးထားတာသာ ကြည့်ပါတော့။ ထိပ်ပြောင်တာကိုတော့ လမ်းထွက်လျှင် ဦးထုပ်ဆောင်းပါသည်။ လမ်းတွင် အလကားနေရင်း ဦးထုပ်ကြီးဆောင်းထားရမှာ သဘာဝမကျသောကြောင့် ပြောင်ပြောင်ပဲ နေလိုက်ရပါတော့သည်။

ဒေါက်တာဘလော့သည် ယခုတော့ မအိုသော်လည်း သေသွားပါပြီ။ သူ၏သမီးဖြစ်သူ ဒေါက်တာ ပက်ထရာဘလောက် (Petra Block) က ဆက်လက်၍ ဆေးကုသနေ၏။ သူ့လက်ထက်တွင် ဆဲလ် များကို ရေခဲသေတ္တာကြီးများထဲတွင် ထားနိုင်ပြီဖြစ်၍ ဆေးပြားများ၊ ဆေးအိတ်ကလေးများ အသွင်ပြုလုပ်ကာ အရေပြားအတွက် အလှပြင်ဆေးများအဖြစ် ထုတ်လုပ်လျက်ရှိသည်ဟု သိရပါသည်။

ပိုက်ဆံရှိလျှင် သူအိုတွေ သူပျိုပြန်ဖြစ်မည်။ ပိုက်ဆံအရမ်းရှိလျှင် တောင်ဝှေးနှင့် သွားနေရသူများ လေးဖက်ပြန်သွားကြရတော့မည်။

ဆဲလ်ဖြင့် ဖော်စပ်ထားသော အလှပြင်ပစ္စည်းများကို အသက် ၃၀ ကျော်သူတိုင်း စိတ်ပါဝင်စားကြသည်ဟု သိရပါ၏။

သက်ရှိဆဲလ်ချင်း ကုသခြင်းအကြောင်းကို နည်းနည်းလေ့လာကြပါဦးစို့။ မိမိအနေဖြင့် မကုသနိုင်တော့ သွားရည်ကျနိုင်ပါ၏။

ဖြိတိသျှ နန်းရင်းဝန်ကြီး ဆာဝင်စတန်ချာချီ၊ ပြင်သစ်မှ ချားလ်စ်၊ ဒီးဂေါလ်၊ ဝင်ဆာမြို့စားကြီးနှင့် မြို့စားကတော်တို့ ကုသခံခဲ့ကြသည်ဟု ဆိုရာ သူတို့သည် ကွယ်လွန်သောအခါတွင် ပျို့ပျို့ရွယ်ရွယ်နှင့် ကွယ်လွန်ကြသည် ဖြစ်ရာ သေပန်းလှသည်ဟု ခေါ်ရမည်လားမသိပါ။

ဆဲလ်သွင်းကုသခြင်းမှာ လျင်မြန်ပြီး သွေးနမူနာယူသလောက်ပင် နာကျင်မှုမရှိဟု ဆိုသည်။

ဆေးထိုးခါနီး တစ်နာရီလောက်အလိုတွင်မှ ဆဲလ်အလှူရှင်ထံမှ ဆဲလ်များကို ရယူခြင်း ဖြစ်၏။ ဆဲလ်အလှူရှင်များကား သိုးတစ်ကောင်၊ ကိုယ်ဝန်ဆောင်သိုးတစ်ကောင်၊ ယုန်ငယ်တစ်ကောင်တို့ ဖြစ်ကြ၏။ အသက်တစ်နှစ်မကျော်ဟု သိရသည်။

ထိုတိရိစ္ဆာန်များကို ကျန်းမာရေးနှင့် ပြည့်စုံနေခိုက်တွင် အထူးလေ့သေနတ်ဖြင့် မနာမကျင် သတ်ပစ်ရသည်။ ဆဲလ်လှူရှင်များ အထူးသဖြင့် သန္ဓေသားတို့ထံမှ ဆဲလ်များကို မျိုးပေါင်း ၈၀ မျှ ထုတ်ယူကာ ကော်ရည် အသွင်ပြောင်းပြီး ဆေးထိုးပြွန်ဖြင့် ဆေးထိုးရသည်။

ဆေးထိုးခြင်းသည် စက္ကန့် ၃၀ ကြာသည်။ ကုသခံသူသည် ပျမ်းမျှ ခြင်း ၈ ကြိမ်မှ ၁၀ ကြိမ် ဆေးထိုးခံကြရ၏။ ဆေးထိုးပြီးနောက် ဒုတိယနေ့တွင် ဆေးကုသခံသူသည် လမ်းလျှောက်ခွင့်ရပါသော်လည်း ရက်သတ္တတစ်ပတ်တော့ နားနေရ၏။ ဤအချိန်တွင် သွင်းလိုက်သော ဆဲလ်များ ခရီးသွားရသောကြောင့် ဖြစ်သည်။ ခရီးစရိတ်ရသည်ဖြစ်စေ၊ မရသည် ဖြစ်စေ ဦးနှောက်ဆဲလ်တို့သည် ဦးနှောက်ဆီသို့ လည်းကောင်း၊ နှလုံးဆဲလ်သည် နှလုံးဆီသို့လည်းကောင်း ခရီးလမ်းကို မေးမြန်းစုံစမ်း၍ သွားကြရ၏။ ပြင်ဆင်ထုပ်ပိုးချိန်ရော ခရီးသွားချိန်ရော စုစုပေါင်း ရက်သတ္တတစ်ပတ်ရသည်။

လတ်ဆတ်၍ ကျန်းမာသော ဆဲလ်များက အိုမင်း၍ နာမကျန်း

ဖြစ်သဖြင့် အလုတ်ပြုတ်သွားသော ဆဲလ်များ၏ ရာထူးကို ဝင်ရောက်လက်ခံကြ၏။ သူတို့သည် သက်ဆိုင်ရာနေရာသို့ ရောက်ရှိရန် တစ်ပတ်သာ အချိန်ယူသော်လည်း အလုပ်လက်ခံ၍ နေသားတကျဖြစ်ခြင်းကား သုံးလလောက်ကြာသည်ဖြစ်ရာ ထိုအခါကျမှ အကျိုးအာနိသင် ပေါ်ပေါက်လေသည်။

ဆဲလ်များသွားရာတွင် လမ်းမှားသွားကြသည်ဟုတော့ မကြားဖူးပါ။ သို့သော် ကျွန်တော်က ကြပ်တွေးတွေးမိပါသည်။ အကယ်၍များ နှလုံးဆဲလ်များသည် မျက်လုံးနေရာကို ဝင်၍ ရာထူးလက်ခံကြသော် ကာယကံရှင်၏ မျက်လုံးကြီးများသည် ခုန်ဆွခုန်ဆွ ဖြစ်နေကြမည်ဖြစ်ရာ ရှေ့က ထိုင်နေသော မိန်းမပျိုက မျက်စောင်းထိုးပေရော့မည်။

●

သန့်ရှင်းချမ်းသာ တို့နေရာ

ရေးလိုက်ပါဦးမည် လက်အငြိမ်မနေနိုင်လို့ပါ။

လွန်ခဲ့သော သင်္ကြန်မကျမီ ဧပြီလ ၁၀ ရက်နေ့က ထင်သည်။ ကျွန်တော်၏ သားကြီးဖြစ်သူ ကိုအောင်သူက အထပ်ထပ်သတိပေးနေသည့်ကြားက ကျွန်တော် လမ်းလျှောက်ထွက်ခဲ့၏။ လျှောက်လိုက်သမျှ နီးနီးနားနား မဟုတ်။ ရေကျော်မှသည် ကျောက်မြောင်းဈေးကျော်၍ မဂ္ဂင်လမ်းသို့ ရောက်ခဲ့၏။ မိတ်ဆွေဖြစ်သူ ကိုအောင်ခင်၏ထံသို့ အလည်သွားခြင်း ဖြစ်၏။

နံနက်ရှစ်နာရီခွဲလောက်ပြန်မည်မှန်း၏။ စကားတွေ လက်ဆုံကျနေသဖြင့် မပြန်ဖြစ်။ ကိုးနာရီခွဲလောက်မှ ထပြန်ရသည်။ စကားမပြတ်ချင်။ အသက်ရှည်လာလျှင် လျှာတွေလည်း ရှည်လာပုံရ၏။ နှစ်ယောက်စလုံး လျှာရှည်ကြရာ စကားတွေ ကျနေ၏။

ကိုအောင်ခင်က 'ဒီနားတွင်ပါ ... ဒီနားတွင်ပါ' နှင့် အတူလိုက်လာရင်း စကားတွေပြောပြန်သည်။ မအူကုန်းထိပ်သို့ ရောက်သောအခါ

ပလက်ဖောင်းပေါ်တွင် ရပ်၍ စကားပြောကြပြန်၏။ ပြီးမှ သူက လှည့်ပြန်သည်။ ကျွန်တော်က ရေကျော်ဘက်ဆက်လျှောက်လာ၏။

နံနက် ဆယ်နာရီခွဲခန့်ရှိပါပြီ။ ကျွန်တော့်တွင် ထီးပါသည်။ ဦးထုပ်ပါသည်။ သို့သော် နေပူဒဏ်ကိုကားခံလိုက်ရပုံပေါက်၏။ ရုပ်မြင်သံကြားက သတိပေးနေသည်။ သားကြီးကိုအောင်သူက သတိပေးနေသည်။ ဒီကြားထဲက ကျွန်တော် ဇွတ်လုပ်သဖြင့် အပူမိရခြင်း ဖြစ်၏။

သကြိန်ရက်ထဲတွင် အစားပျက်ကာ ထမင်းလေးနပ်လောက် ကောင်းကောင်းမစားနိုင် ဖြစ်ခဲ့ရသည်။ အတက်နေ့ ညဦးပိုင်းတွင် နေမကောင်းသဖြင့် ဆေးခန်းသွားမည်ပြုရာ မသွားနိုင်သဖြင့် ဆရာဝန်ကို အိမ်သို့ ပင့်ရ၏။ အဖျားရှိနေသည်။ ဆရာဝန်က အကြောဆေးထိုးပေး၏။ သောက်ဆေးတွေကိုလည်း ပေးသည်။

သူပြန်သွား၍ အိပ်လိုက်၏။ နံနက်လေးနာရီခွဲလောက် နောက်ဖေး ထွက်ရာတွင် သတိလစ်သလိုဖြစ်သည်။ သားနှစ်ယောက်အနားတွင် ရှိ၍ တော်တော့၏။ ဆရာဝန်ကို ချက်ချင်းပင့်ရသည်။ သွေးပေါင်ကျသွားခြင်း ဖြစ်သည်ဟု သိရ၏။ အကြောဆေးနှစ်လုံးထိုးရ၏။ တင်ပါးတွင် ဆေးတစ်လုံး ထိုးရ၏။

ဒီကြားထဲ စာရေးချင်စိတ်ပေါက်၍ နှစ်ရက်လောက်ရေးရာ ဇက်တွေ ထိုးလာသည်။ မခံမရပ်နိုင်သဖြင့် အော်ဟစ်နေရ၏။

အိမ်သားတွေအားလုံး ဒုက္ခရောက်ရသည်။ ဇနီးဖြစ်သူက ဟော လစ်၊ ကွေကာအုပ် စသည်တို့ကို ဖျော်တိုက်ရ၏။ သားနှစ်ယောက် နှိပ်နယ် ပေးကြရ၏။ ချွေးမဖြစ်သူကလည်း ချက်ပြုတ်ကျွေးရရုံမက ကျွန်တော် ဇက်ထိုးသည်ကို ဝိုင်း၍ နှိပ်ပေးရသည်။ မြေးဖြစ်သူ မောင်ဇေယျာအောင်နှင့် မြေးဝမ်းကွဲ မထက်မြက်မွန်တို့ကလည်း ကူ၍ နှိပ်ပေးကြရ၏။ သုံးနှစ်ခန့် မြေးမကလေး နန္ဒီမိုးမြင့် တစ်ယောက်ပဲ လွတ်၏။

အနီးက လူတွေသာမက ဝေးက လူတွေလည်း မနေရချေ။ တူတွေ၊ တူမတွေလည်း ပြေးလာကြရသည်။ အစ်မလည်း လိုက်လာရသည်။ သွေးမစပ်သူများလည်း မနေသာပါ။ ကိုဖိုးနိုင်လင်း (ဟက်ကာ) ဆိုလျှင် ဝွတ်မောနင်းကိတ်မုန့်၊ ဟောလစ်စသည်တို့ဖြင့် လူနာမေးလာသည်တွင် ကျွန်တော်က ဆီး၍ တာဝန်ပေးသဖြင့် သူ့ခမျာ ကျွန်တော့် စာမူတွေလည်း ရှာပေးရ၏။ သင်္ကြန်အပြီးတွင် မဂ္ဂဇင်းတွေ ထွက်လာသဖြင့် စာအုပ်ယူခြင်း၊ စာမူခတွေ ယူခြင်းများပြုလုပ်ပေးရ၏။

'လစဉ် ဆရာတော့ ဘယ်လိုလုပ်တယ် မသိဘူး၊ ကျွန်တော် အခု လောက် လုပ်ပေးရတာတောင် အိမ်ပြန်သွားရင် ဒူးတွေ ချောင်လာတယ်'

ကျွန်တော်၏ အသက်တစ်ဝက်နီးပါးလူက ညည်း၏။ တာရာ မင်းဝေ ခမျာလည်း ပါလိုက်ရသေးသည်။ သူလာတော့ ကျွန်တော် နေကောင်းစပြုပါပြီ။ အားမွေးနေရဆဲ ဖြစ်၏။ ဒါကို သူသိသွားသော် နောက်နေ့တွင် အားဆေး ၁၀၀ ပါ ပုလင်းတစ်ပုလင်းနှင့် မီကိုဆီရီယယ် တွေ တစ်ထုပ်ကြီး ပို့လာသည်။

ဆရာဦးခန့်ကျော်နှင့် တက္ကသိုလ် မောင်အောင်ဆွေတို့ကတော့ အိမ်နီးချင်းများ ဖြစ်ကြ၍ နှစ်ရက် တစ်ခါ၊ သုံးရက်တစ်ခါလောက် လာကြ သည်။ ဆရာဦးခန့်ကျော်က ကျွန်တော့်ဇနီးဘက်လှည့်၍ 'ဆရာဟာ လူကြီးစကားနားမထောင်လို့ ဖြစ်ရတာနော်' ဟု နောက်ပြောင်ပြောပါသည်။ တကယ်တော့ လူကြီးက ကလေးစကား နားမထောင်ခြင်းကို သူက ရယ်စရာ ပြောသွားခြင်း ဖြစ်၏။

ဩော် ... ကျွန်တော်တစ်ယောက်ကြောင့် ပတ်ဝန်းကျင်က လူများ ဒုက္ခတွေ များကုန်ကြရသည်။

လောကတွင် နှမ်းတစ်လုံးကြောင့် ဆီမဖြစ်သော်လည်း လူတစ်ဦး တစ်ယောက်ကြောင့် လူအများ ဒုက္ခရောက်နိုင်ကြောင်းကို တွေးမိပါသည်။

ဤအချက်နှင့် ဆက်စပ်၍ ရန်ကုန်မြို့ကြီး မသန့်ရှင်းမှုကို တွေးနေမိ၏။

'ငါတို့က အခွန်တွေ ဆောင်ထားတာပဲ။ မြို့တော်သန့်ရှင်းရေးက စည်ပင်သာယာရဲ့ တာဝန်ပဲ'ဟု သဘောထား၍ ဖြစ်ပါမည်လား။

မြို့တော် သန့်ရှင်းရေးသည် စည်ပင်သာယာတစ်ခုတည်း အပေါ်တွင် တာဝန်ပုံချထားသင့်ပါသလား။ နိုင်ငံတိုးတက်ကောင်းမွန်လာဖို့အတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည် မဟုတ်ပါလား။

ဆင်ခြေဖုံးတွင် ရှိသော ပညာမတတ်သူများ၊ ဆင်းရဲသူများ နေရာအရပ်ကို မစဉ်းစားဘူးထားပါဦး။ ချမ်းသာသူများ၊ ပညာတတ်သူများ နေထိုင်ရာ ဖြစ်သည့် မြို့လယ်ကောင် သန့်ရှင်းရေးကကော အဘယ်မျှကောင်းပါသနည်း၊ မြို့သားအားလုံးက စိတ်ဝင်စားနေကြပါသလား။

ဝေးလှပါသေးသည်။ နာလန်ထခါစမို့ ကျွန်တော်သည် လသာလမ်းမှ ဘဏ်ခွဲ (၅) သို့ ပင်စင်ထုတ်ရန်အသွားတွင် တက္ကစီငှားစီးသွားရ၏။ ကားမောင်းသူလူငယ်လေးသည် တစ်လမ်းလုံး မကြာခဏပင် ခေါင်းပြူ၍ ကွမ်းတံတွေးတွေကို ထွေးထွေးချ၏။

'မြို့တော်သန့်ရှင်းရေးကို ကိုယ်တစ်ယောက်တည်း လုပ်နေလို့ ရပါ့မလား'ဟု ပြောတတ်ကြသည်။ ကိုယ်တစ်ယောက်တည်း မသန့်မရှင်းလုပ်သဖြင့် ဘေးလူတွေ အလုပ်ရှုပ်ရသည်။ ရောဂါဖြစ်လာလျှင်လည်းဝိုင်း၍ ခံကြရသည်။ ကျွန်တော် နေမကောင်းသဖြင့် ပတ်ဝန်းကျင်က လူတွေ ဒုက္ခများကုန်ရသလို ဖြစ်သည်။

'မြို့တော်ကြီးက ညစ်ပတ်နေတာ ကိုယ်တစ်ယောက်က အမှိုက်ထပ်မပစ်လို့ သန်းခေါင်ထက်တော့ တိုးပြီး ညဥ့်မနက်တော့ ပါဘူး'ဟူသော သဘောထားမျိုးကို မွေးမြူမထားသင့်ပါ။

တိုက်မြင့်မြင့်ပေါ်က လူများသည် အမှိုက်တွေ စွန့်ပစ်ချင်ကြလျှင်

နောက်ဖေးလမ်းကြားထဲသို့ ပစ်ချသည်။ အားနားက အိမ်နိမ့်နိမ့် ရှိနေလျှင် အိမ်ခေါင်မိုးပေါ်သို့ ပစ်ချကြသည်။ ခေါင်းအုံးအစုတ်၊ မွေ့ရာအစုတ်တွေကို တောင် ပစ်ချကြသည်။ ကိုယ်အိမ် သန့်ရှင်းရေးအတွက် ပတ်ဝန်းကျင်ကို ညစ်ပတ်စေသည်။

လူတွေသည် သန့်ရှင်းမှုကိုတော့ လိုလားကြ၏။ သို့သော် မြို့တော် အဝန်း သန့်ရှင်းရေးအတွက်တော့ ပါဝင်ဆောင်ရွက်ခြင်း မပြုလိုကြချေ။

နိုင်ငံခြားကို အသာထားဦး။ ပြည်တွင်းတောင်မှ လမ်းထိပ်က လက်ဖက်ရည်ဆိုင်လောက်သာ ရောက်ဖူးသော ကျွန်တော်သည် သူများ ပြောစကားဖြင့် ပြောရလျှင် နိုင်ငံခြားတွင် အမှိုက်ပစ်စရာ ခွဲခြားထားသော နေရာများ ရှိသည်ဟု ဆို၏။ စက္ကူ၊ သံဘူး၊ မှန်၊ ပလတ်စတစ် စသည်ဖြင့် သူ့နေရာနှင့်သူ ပစ်စရာနေရာတွေ ခွဲခြားထားသည် ဆို၏။

ရန်ကုန်မြို့တွင် စက္ကူ၊ သံဘူးစသည်တို့ကို လိုက်ဝယ်သော သူများ ရှိနေသဖြင့် အမှိုက်ဟူ၍ ပစ်စရာမရှိပါ။ သို့သော် သူတို့ဝယ်သော စက္ကူစ များ၊ ကျွတ်ကျွတ်အိတ်များကတော့ ပြန့်ကျဲနေသည်။ မြောင်းတွေ ပိတ် သည်။ မြောင်းတွေ ပိတ်ပြီး အဖုံးအကာမရှိလျှင် ပိုးမွှားတွေ ပေါက်ဖွား မည်။ ကျန်းမာရေးထိခိုက်တော့ ဆင်းရဲ ချမ်းသာ မျက်နှာမရွေး ထိခိုက်မည် သာ ဖြစ်၏။ တစ်ခုတော့ ရှိသည်။ ချမ်းသာသူတွေကတော့ ဖျားနာမှု ဒဏ်ကို ပို၍ ခံနိုင်ရည်ရှိမည်။ သို့သော် ခံနိုင်ရည်ရှိသည်ဆိုပြီး ကျန်းမာရေး ကို အလကားနေရင်း ထိခိုက်အောင် ပြုလုပ်ဖို့တော့ မကြိုးစားသင့်ပါ။

ကဲ ... ကျွန်တော်တို့အားလုံး လုပ်ကိုင်နိုင်မည့် သန့်ရှင်းရေး လုပ်ငန်း ကလေးများကို တင်ပြပါရစေ။

၁။ မော်တော်ကား၊ ရထား စသည်တို့ကို စီးနင်းခိုက်တွင် ပတ်ဝန်းကျင်ကို မညစ်ပတ်ပါစေနှင့်။ စွန့်ပစ်မည့် အမှိုက်များကို ကျွတ်ကျွတ်အိတ်ဖြင့် ထည့်ထားပြီး သင့်လျော်သည့် နေရာ

တွင်သာ စွန့်ပစ်ပါ။

၂။ ဘေးအိမ်များ၊ လမ်းမများကို ညစ်ပတ်စေသည့် ကိုယ့်အိမ် သန့်ရှင်းမှုမျိုးကို မလိုလားသင့်ပါ။

၃။ ကွမ်းစားသူများသည် လမ်းများ၊ အုတ်နံရံများကို ထွေးခံလို သဘောမထားကြပါနှင့်။

၄။ နီးစပ်သူများအား သန့်ရှင်းမှုအရေးကြီးကြောင်း သင်ကြားပေး ပါ။

ဤစာများကို ကျွန်တော်ရေးရခြင်းမှာ လက်အငြိမ်မနေနိုင်လို့ပါ။

●

ရောဂါနဲ့ ကောလာဟလ

ရေးလိုက်ဦးမည်၊ လက်အငြိမ်မနေနိုင်လို့ပါ။

ယခုခေတ် လူများသည် ကျွန်တော်တို့ ငယ်ငယ်ခေတ်က လူတွေနှင့် မတူကြပါ။ ကျွန်တော်တို့ ငယ်ငယ်က ကျန်းမာရေးသည် ဆေးသမားများ (ခေါ်) ဆေးဆရာများ၏ အပူဟု သဘောထားကြကာ နေ့စဉ်ဘဝတွင် ကျန်းမာရေးကို ဂရုစိုက်လှသည်ဟူ၍ မရှိပါ။ ယခုခေတ်လူတွေကတော့ ကျန်းမာရေးကို ကိုယ့်အရေးဟု သဘောထားကာ တော်တော်ပင် ဂရုစိုက်ကြ၏။

ဤသို့ ဖြစ်ခြင်းကား ကျွန်တော် ငယ်ငယ်က လူတွေ ရောဂါကင်းကြပြီး ယခုခေတ်လူတွေ ရောဂါထူပြောကြခြင်း ကြောင့်လည်း ဖြစ်နိုင်၏။ ထို့ပြင် ကျွန်တော်တို့ ငယ်ငယ်က ကျန်းမာရေးအတွက် ကုန်ကျစရိတ် သက်သာပြီး ယခုခေတ် နေမကောင်း ဖြစ်လိုက်လျှင် မွဲလိုခြင်း၏ နိဒါန်း ဖြစ်တတ်ပြီး မတော်တဆ သေသွားလျှင် ထားရခက်၊ ပစ်ရခက်ကြီး ဖြစ်တတ်သောကြောင့် ယခုခေတ်လူတွေ ကျန်းမာရေးကို နင်းကန် ဂရုစိုက်ကြ

ခြင်းလည်း ဖြစ်ချင်ဖြစ်မည်။ မဖြစ်ဘဲလည်း နေချင်နေမည်။ (မဖြစ်ဘဲနှင့် ဖြစ်မည်ဟုထင်လျှင် ကောင်မလေးတော့ နာပြီမှတ်)

ဘာပဲဖြစ်ဖြစ် ယခုခေတ် လူတို့သည် ရောဂါ ဝေဒနာများအကြောင်းကို လေ့လာကြသည်။ 'ဆေးစာဖတ်ရာ နားထောင်ပါ။ ရောဂါပျောက်နိုးနိုး' ဟူသော သံပေါက်နှင့်အညီ လူများက ဝေဒနာတွေအကြောင်း နားထောင်ရုံဖြင့်ပင် ရောဂါ ပျောက်သလိုထင်ကာ သွားရည်တမျှားမျှား ကျတတ်ကြ၏။

စာရေးဆရာကလည်း ရောဂါဝေဒနာတွေ အကြောင်းရေးရလျှင် နာမည်ကြီးသည်ထင်ကာ ကိုယ်မသိသည့် အကြောင်းအရာကို မတတ်သည့် သူများအတွက် ကြားဖူးနားဝနှင့် ရေးကြ၏။ (ဥပမာ – ကြပ်ကလေး)

သည်တော့ ဘာတွေ ဖြစ်လာသလဲ။

ဆေးကောလာဟလတွေ၊ ရောဂါ ကောလာဟလတွေ ဖြစ်ပေါ်လာတော့၏။ ဘယ်ဆေးမြီးတိုက ဘယ်လောက်စွမ်း၍ တစ်ခွက်သောက်ရုံဖြင့် ခေါက်ကနဲ ဖြစ်သည် စသည်ဖြင့် ကျော်ကြားလာ၏။ ထိုနည်းတူပင် ပေါင်မုန့်တွေ၊ အာလူးတွေစားရင် ကိုယ်အလေးချိန်တွေ တိုးလာတတ်သတဲ့ ဟူသော စကားတွေ ထွက်ပေါ်လာသည်။

ဤတွင် ဆေးဗဟုသုတ တလွဲတွေ ပေါ်ကြွယ်ကုန်တော့၏။ ဤသို့ မဟုတ်တာတွေကို ဟုတ်တာထင်တော့ ဘာဖြစ်သနည်း။ မမှန်တာနဲ့ တလွဲတွေ ဖြစ်ကုန်တော့သည်။

ထိုအခါ ကျွန်တော့်တွင် တာဝန်ရှိလာသည်။ ဘာတာဝန်လဲ။ တလွဲတွေကို ဖော်ထုတ်ပြီး အယူအဆတွေကို မှန်ကန်သော လမ်းကြောင်းပေါ်တင်ပေးဖို့ တာဝန်ရှိလာပါသည်။ မည်သူကပေးသည့် တာဝန်နည်း။ ကိုယ့်ဘာသာကိုယ်ယူသော တာဝန်ဖြစ်ပါသည်။ ဤတာဝန်ကို ထမ်းဆောင်သ

ဖြင့် ကျွန်တော့်တွင် ဘာအကျိုးရှိပါသနည်း။ ဟုတ်ကဲ့ ... ကျွန်တော် စာမူခ (ယဉ်ယဉ်ကျေးကျေးခေါ်လျှင် ဉာဏ်ပူဇော်ခ၊ မိုက်မိုက်ရိုင်းရိုင်းခေါ်လျှင် မသဒ္ဓါရေစာ)ကို ရရှိပါသည်။ ဒီတော့လည်း လက်အငြိမ်မနေနိုင်တာ မှန်သလို ဖြစ်နေ၏။

ကောလာဟလ – အသုံးမပြုသော ကြွက်သားများသည် တဖြည်းဖြည်း အဆီတွေ ဖြစ်သွားနိုင်၏။ သို့သော် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းလုပ်ပေးလျှင် ကြွက်သားပြန်ဖြစ်၏။

တတ်သိနားလည်သူတွေက ဤအမှတ်အသားတလွဲကြီး ဖြစ်သည်ဟု ဆိုပါသည်။ ကြွက်သားနှင့် အဆီတို့ကို ဖွဲ့စည်းသော တစ်ရှူးများသည် ဘာမှ မတူညီသော တစ်ရှူးများဖြစ်၍ ကြွက်သားကလည်း တစ်နေ့တွင် ကြွက်လှုကြီး ဖြစ်ကောင်းဖြစ်နိုင်သော်လည်း အဆီတော့ ဘယ်တော့မှ မဖြစ်ပါ။ အဆီကလည်း ရာရာစစ ကြွက်သားမဖြစ်ပါ။ သို့သော် ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းက ကြွက်သားနှင့် အဆီတို့၏ ထုထည် အနေအထားကို ပြောင်းလဲပစ်နိုင်၏။

ဥပမာ–လက်မောင်းနှင့် ခြေထောက်ကြွက်သားများကို လေ့ကျင့်ပေးလျှင် ကြီးထွားလာ၏။ ကိုယ်ခန္ဓာအနေအထား ဤသို့ ပြောင်းလဲသွားရာတွင် ကယ်လိုရီကို ပို၍ သုံးစွဲသဖြင့် အဆီများကို ပို၍သုံးလေရာ အဆီစုပုံခြင်းများ တဖြည်းဖြည်းနှင့် နည်းပါးသွား၏။

ဆန့်ကျင်ဘက်အားဖြင့် အသုံးမပြုဘဲ ထားခြင်းဖြင့် ကြွက်သားတွေ ရှုံ့ကုန်ရသည်။ ထိုအခါ ကိုယ်ခန္ဓာက လိုအပ်သည်ထက် ပို၍ ရယူထားသော ကယ်လိုရီတွေ စုပုံလာပြီး အဆီတွေ ဖြစ်ကုန်သည်။ ထိုအခါ အဆီများသည် ကြွက်သားပေါ် စုပုံသွားတတ်၏။

ကြွက်သားသည် ရှုံ့နေသည့်တိုင်အောင် အဆီထက်ပိုလေးသဖြင့် ကိုယ်ခန္ဓာ အလေးချိန်တိုးတိုင်း အဆီတွေ များလာခြင်း မဟုတ်ပါ။ အဝတ်

အစားတော်သည်၊ မတော်တော့ဟူသော သတိပေးချက်ကိုသာ ဂရုပြုပါ။ ကိုယ်အလေးချိန်ကို သိပ်အာရုံမစိုက်ပါနှင့်။

ထိုနည်းတူစွာပင် လေ့ကျင့်ခန်း ယူပါလျှက်နှင့် အလေးချိန် လျော့မလာခြင်းအတွက် စိတ်မပျက်ပါနှင့်။ ကြွက်သားတွေ ထွားလာသဖြင့် အလေးချိန် မကျခြင်း ဖြစ်တတ်ပါသည်။ ဘောင်းဘီချောင်ကျသွားပလား လို့သာ သတိပြုပါ။

ကောလာဟလ – သကြားတုများကို မှီဝဲလျှင် အလေးချိန် လျော့သည်။

ကောလာဟလတို့၏ ထုံးစံအတိုင်း လွဲပြန်ပါပြီ။ ဤစကားသည် သိပ္ပံပညာအရ သက်သေမပြနိုင်ပါ။ (သက်သေစရိတ်မပေး၍ မဟုတ်ပါ)။ အမေရိကန်နိုင်ငံတွင် သကြားအတုကို မှီဝဲသော အသက် ၅၀ မှ ၆၉ အထိ အမျိုးသမီးပေါင်း ၇၈,၀၀၀ ကို ၁ နှစ်တာ စမ်းသပ်ကြည့်ရာ သကြားတုကို မသုံးဘဲ သကြားကို ရဲရဲစားသော မျိုးသမီးများထက် ၁၆ ရာခိုင်နှုန်းခန့် ကိုယ်အလေးချိန် ပို၍ တိုးလာကြသည်ကို တွေ့ရသည် ဆို၏။

လူများက ကော်ဖီထဲသို့ သကြား ၁ ဇွန်း (၁၆ ကယ်လိုရီခန့်) ကို ထည့်ရန် ကြောက်ကြသော်လည်း အဆီရွှမ်းသော ဘီစကိတ်များ၊ သစ်သီးနှံ့ ထည့်ထားသည့် ဒိန်ချဉ် (သကြား ၆ ဇွန်းထက် ပိုစားနိုင်၏) တို့ကိုတော့ မြိန်ရေရှက်ရေ စားသောက်ကြသည်။ (ကျွန်တော်တောင် သွားရည်ကျလာ၏)

သကြားက အဆာမပြေသဖြင့် အစားအစာတွေကို များများစား၍ ဝလာနိုင်သည်။ သကြား (ဂလူးကို့စ်) ကမူ အဆာကို ပြေစေ၍ တင်းတိမ်စေသည်။

ထို့ကြောင့် သကြားတစ်ခွက် ကောက်လွှင့်ပစ်လိုက်ရုံဖြင့်တော့

ပိန်မသွားနိုင်ပါ။ ကယ်လိုရီများကို လျှော့စားခြင်း၊ လေ့ကျင့်ခန်းယူခြင်းဖြင့် ကိုယ်ထဲက ကယ်လိုရီတွေကို ပို၍ သုံးစွဲခြင်းဖြင့်သာ ကိုယ်အလေးချိန် လျော့ပါးနိုင်ပါ၏။ (ဝသူတွေ မဝရေစာ စားကြစေသတည်း)

ကောလာဟလ – ကိုယ်အလေးချိန်လျော့ချင်လျှင် ပေါင်မုန့်နှင့် အာလူးတွေကို ရှောင်ပါ။

ဤစကားသည် ပေါင်မုန့်ဖိုများကို လည်းကောင်း၊ အာလူးပေးနေသော ကျွန်တော့်ကို လည်းကောင်း ထိခိုက်စေပါသည်။ ကိုယ်ခန္ဓာသည် နေ့စဉ်ပင် ကာဘိုဟိုက်ဒြိတ်၊ ပရိုတိန်း၊ အဆီစသော လောင်စာတွေကို လောင်ကျွမ်းအောင် လုပ်ပြီး မောင်းနှင်နေရပါသည်။ စတာ့ချ်ပေါသော ပေါင်မုန့်၊ အာလူးစသော အစားအစာများသည် ကာဘိုဟိုက်ဒြိတ်ပေါကြွယ်လှ၏။ ကာဘိုဟိုက်ဒြိတ်သည် ကိုယ်ခန္ဓာထဲတွင် ပရိုတိန်း၊ အဆီများထက် လောင်ကျွမ်းရလွယ်ကူ၏။ ကိုယ်ထဲတွင် လောင်ကျွမ်းစရာ အဆီမရှိတော့မှ ကာဘိုဟိုက်ဒြိတ်တို့သည် အဆီများအဖြစ် စုဝေးကြခြင်း ဖြစ်ပါသည်။

တကယ်တော့ အဆီများသည်ကိုယ်ထဲတွင် စုပုံလွယ်ပြီး လောင်ကျွမ်းရာတွင်လည်း အခက်ခဲဆုံး ဖြစ်သည်။ (အဆီများသူ၏ ကိုယ်ထဲတွင် မီးသတ်သမားတွေ အလုပ်လက်မဲ့ ဖြစ်နိုင်သည်) ထို့ကြောင့် သတိထားရမည်က ထောပတ် ဖြစ်၏။ ထို့ကြောင့် အနောက်နိုင်ငံက စားသလို အာလူးမီးဖုတ်ကို မလိုင်နှင့်စားသည်ဆိုလျှင် မလိုင်ကိုသာ သတိပြုရမည် ဖြစ်သည်။ အာလူးက အပြစ်ကင်းပါ၏။ (အာလူး လွတ်စေ)။

ကောလာဟလ – ဗီတာမင်စီသည် အအေးမိခြင်းကို ကာကွယ်နိုင်၏။

လူပြောများသော ကောလာဟလဖြစ်သော်လည်း သိပ္ပံနည်းကျ သက်သေပြနိုင်ခြင်း မရှိသေးပါ။ ထို့ကြောင့် သံပရာရည် ချဉ်ချဉ်ကို

သောက်လျှင် မျက်နှာရှုံ့မဲ့၍ မျက်နှာချင်းဆိုင်က လူကို ပြောင်ပြနိုင်သော်လည်း အအေးမိခြင်းကိုတော့ ကာကွယ်နိုင်မည် မဟုတ်ပါ။

သို့သော် ဗိတာမင်စီကို အာဟာရအဖြစ် နေ့စဉ် မှီဝဲသင့်ပါ၏။ နေ့စဉ် လိမ္မော်ရည်တစ်ခွက်လောက်သောက်၍ နောက်တစ်ခွက်ကို ကျွန်တော့်အား မုန်မုန်တိုက်လျှင် သူတော်ကောင်းများ ချီးကျူးပါလိမ့်မည်။ ဗိတာမင်အတွက် ကိုယ်ခန္ဓာတွင်းဝယ် ဂိုဒေါင်ဆောက်ထားခြင်း မရှိသဖြင့် ပိုသွားသော ဗိတာမင်စီများသည် ဆီးအဖြစ် တိတ်တိတ်ပုန်းထွက်ပြေးကြကုန်၏။

ကောလာဟလ - သကြားစားလျှင် ဝလာမည်။

ဆေးသိပ္ပံပညာက ချောင်းဆိုးချင် ချောင်းဆိုးမည်။ ဝတော့ မဝလာပါဟု ဆို၏။ လူကို ကီလိုတွေတိုးစေသည်က ထောပတ်၊ မလိုင်၊ ချောကလက် စသည်တို့ ဖြစ်ကြ၏။ မာကြောသော သကြားလုံးများတွင် အဆီဓာတ်နည်းပါး၏။ ထို့ကြောင့် သွားအတွက် သိပ်မကောင်းလှသော်လည်း သကြားလုံးသည် ကိတ်မုန့်၊ ကွတ်ကီးတို့ထက်တော့ အဆီဓာတ်နည်းသော သရေစာဖြစ်ပါသည်။ (ကျွန်တော်တို့ မစားပါ။ ယောပြောပွဲများတွင် အိမ်က မြေးတွေအတွက် လစ်သလို နှိုက်လာတတ်ပါသည်။)

ကောလာဟလ - ပျားရည်သည် သကြားထက်ကောင်း၏။

ပျားရည်ကောင်းသည်ဆိုခြင်းမှာ ဈေးကောင်းတာသာ ဖြစ်သည်။ ကယ်လိုရီအနေဖြင့်တော့ သကြားထက် နှစ်ဆနီးပါးလောက် ရှိ၏။ ပျားရည် စားပွဲဇွန်း ၁ ဇွန်းလျှင် (၆၁) ကယ်လိုရီ ရှိပြီး သကြားကတော့ (၄၆) သာ ရှိသည်ဆို၏။

ပျားရည်ကို သကြားအစား ရွေးချယ်ပါက ကြိုက်တတ်လို့သာ ဖြစ်သင့်ပါကြောင်း ...။

လက်အငြိမ်မနေနိုင်လို့ပါ [၃]

ရေးလိုက်ပါဦးမည်၊ လက်အငြိမ်မနေနိုင်လို့ပါ။

မျောက်ဝံမဟုတ်၊ မျောက်မဟုတ်။ ဝက်ဝံမဟုတ်။ ဖွတ်ကျားမဟုတ်။ လူသားဟူ၍ ဖြစ်လာခဲ့သည်မှစ၍ လူသည် သေခြင်းတရားကို ကြောက်လန့်ခြင်းနှင့် အံ့သြခြင်းတို့ဖြင့် ရှုမြင်ခဲ့၏။ 'အောင်မာ ... မင်းက ကမ္ဘာဦးလူသားရဲ့ ဒိုင်ယာရီကို ကောက်ရထားလို့ သူတို့၏ သုံးသပ်ချက်အမြင်ကို သိရတာလား ...' ဟု မေးစရာ ရှိ၏။ မေးစရာရှိသော်လည်း မမေးပါနှင့်။ ကျွန်တော်မပြောတတ်ပါ။ တကယ်တော့ ကျွန်တော်သည် ကမ္ဘာဦးလူသား၏ ဒိုင်ယာရီကို လည်းကောင်း၊ တိတ်ခွေကို လည်းကောင်း၊ စီဒီရွှန်ကို လည်းကောင်း ကောက်ရထားခြင်းလည်း မရှိ၊ ခါးပိုက်နှိုက်ထားခြင်းလည်း မရှိပါ။ စပ်ဖြဲဖြဲနှင့် ဝန်ခံရမည်ဆိုလျှင် ကျွန်တော် မှန်းဆ၍ ရမ်းချလိုက်ခြင်းသာ ဖြစ်ပါ၏။

သမိုင်းစဉ်တစ်လျှောက် ကြည့်ပါ။ အချို့က သေခြင်းတရားကို အခန်းသစ်တစ်ခု၏ နိဒါန်းဟု ယုံကြည်ကြ၍ အချို့ကမူ ဝတ္ထုတစ်ခု၏

နိဂုံးဟု ယုံကြည်ကြပေ၏။ အရှယ်ကောင်းတုန်း သေသွားကြသူများ အတွက်သော်ကား ဝတ္ထုကြီးတစ်ဝက်တစ်ပျက်နှင့် စုတ်ပြဲသွားခြင်း ဖြစ်သည်ဟု ကျွန်တော်က ကြားဝင်၍ ယုံကြည်ပေးလိုက်ရပါသည်။

မည်သို့ပင် ယုံကြည်ကြစေကာမူ ယဉ်ကျေးမှုဓလေ့စရိုက်အမျိုးမျိုး၊ လူမျိုးနွယ်စု အမျိုးမျိုးတို့က သေပြီးသား အလောင်းကောင်ကို အမျိုးမျိုး ပြုလုပ်ကြသည်။ အချို့က အလောင်းကောင်သည် ဓာတ်ကြီးလေးပါး အစုအဝေးကြီး ဖြစ်သည်ဆိုကာ မီးရှို့ပြာချလိုက်သည်။

အချို့ကျတော့ 'ဟာ ... မလုပ်နဲ့၊ တစ်နေ့ကျရင် ဒီအလောင်းကောင် ကြီးထဲကို အသက်ပြန်ဝင်လာမှာကွ' ဟု ဆိုကာ အလောင်းကောင်ကြီးကို မပျောက်ပျက်၊ မချွတ်ယွင်းရအောင် ဆေးတို့ဖြင့်စီမံကာ အလောင်း ထိန်း သိမ်းရေးကို အပတ်တကုတ် အားထုတ်ကြိုးပမ်းကြတော့သည်။ ယနေ့ အထိတော့ အလောင်းထဲသို့ အသက်ဝင်လာခြင်းကို လည်းကောင်း၊ အတူးဝင်လာခြင်းကိုလည်းကောင်း မတွေ့ရသေးပါ။

အချို့လူများကျတော့ အလောင်းကြီးကို တခမ်းတနား သယ်ယူလာ ကြပြီး 'ဆိတ်ငြိမ်မှု မျှော်စင်' ပေါ်တွင် အဝတ်အစားကင်းမဲ့စွာ ချိတ်ဆွဲထားခဲ့ ကြပြီး ဆာလောင်မွတ်သိပ်နေကြသော လင်းတများကို အလှူဒါနပြုကာ စေတနာ ကျေးမွေးခဲ့ကြ၏။

အချို့ကျတော့ ပုပ်စော်နံ၍ လေထုညစ်ညမ်းဖွယ်ရှိသည်ဆိုကာ အလောင်းကို မြေကြီးထဲမြှုပ်၍ တီကောင်များ၊ ပိုးမွှားများကို ရိက္ခာပံ့ပိုး ကြ၏။ မည်သို့ပင်ဖြစ်စေ၊ လူသေလျှင် ငွေကုန်သည်ချည်း ဖြစ်၏။

ခေတ်အဆက်ဆက်က အလောင်းကြီးကို အထက်ပါအတိုင်း အမျိုး မျိုး ကိုင်တွယ်ပြုလုပ်ခဲ့သော်လည်း အတတ်ပညာ ပြန့်ပွားရန်အတွက် လှူဒါန်းမည်ဟူသော စိတ်ကူးသည် မကြာသေးမီကအထိ မပေါ်ပေါက်ခဲ့ ကြချေ။

ကျွန်တော်တို့၏ဘိုးဘေးဘီဘင်များသည် မိမိတို့သေလျှင် အလောင်းကို ဆေးပညာဘက်ဆိုင်ရာ ကျောင်းသို့ လှူဒါန်းသည်ဟူ၍ မကြားဖူးခဲ့ပါ။ ထို့ကြောင့် ထိုခေတ်က ဆေးပညာသင်ယူသူများသည် အလောင်းကို အလစ်တွင်သာ ခွဲစိတ်၍ ပညာယူခဲ့ကြရပုံရ၏။ ထိုသို့မှ မဟုတ်လျှင်လည်း အနိပ်ကျမ်းများကဲ့သို့ လူတစ်ကိုယ်လုံးကို သစ်မြစ်တွေ တွယ်နေသလို ရုပ်ပုံဖော်ပြ၍ ထိုရုပ်ပုံကိုသာ အဟုတ်ကြီးမှတ်ပြီး သင်ယူခဲ့ ကြရပုံ ပေါ်လေသည်။

ဒီကြားထဲ စိတ္တဗေဒပညာရှင်များက ဝင်နှောက်ကြသေး၏။

မိမိသေဆုံးခဲ့သော် မိမိ၏ ကိုယ်ခန္ဓာကို လှူဒါန်းပါသည်ဟု ဆိုသူ များသည် တစ်မျိုးအားဖြင့် လူသားတို့၏ အကျိုးကိုဆောင်ကာ အသက်မရှိ သော ကိုယ်ခန္ဓာကိုပင် အများကောင်းကျိုးအတွက် လှူကြခြင်း ဖြစ်သည်ဆို ၏။ ဟင်း ... တော်ပါသေးရဲ့။

နှောက်တစ်မျိုးအားဖြင့်သော်ကား အသက်ရှင်နေချိန်တွင် မတော် မတရားတွေလုပ်ခဲ့၍ သေဆုံးသောအခါ လူ့အဖွဲ့အစည်းအတွက် အသုံးဝင် စေခြင်းဖြင့် လျော်ကြေးပေးခြင်း ဖြစ်သည်ဟု ဆို၏။ ဟင်း ... တော်ပါသေး ရဲ့။

သို့သော်အဖြစ်ကား အဖြစ်တည်း။ ဆရာဝန်လောင်းများ၊ ဆေး သမားလောင်းများသည် လူသေအလောင်းများကို စိတ်တိုင်းကျ လေ့လာခွင့် ရမှသာဆေးသိပ္ပံသည်တိုးတက်ရလေသည်။ ရှေးခေတ်အခါက အလောင်း များကို ဖောဖောသီသီ စိတ်တိုင်းကျ မလေ့လာခဲ့ကြရသဖြင့် ဆေးသိပ္ပံ တိုးတက်မှု နှေးကွေးရလေသည်။ သမိုင်းစဉ်တစ်လျှောက်တွင် ပက်ကျိ ခြေလှမ်းဖြင့်သာ တိုးတက်ခဲ့သည်။

ဤသို့ ဖြစ်ရခြင်းမှာလည်း ရှေးခေတ်အခါက အယူအဆမှာ သေသူ၏ အလောင်းသည် ရှိသေထိုက်ဖွယ် ဖြစ်သဖြင့် ထိုရုပ်အလောင်းကို

ဝက်သားထုတ်ထိုး ပြုလုပ်တော့မည်ကဲ့သို့ ခွဲစိတ်လိုးဖြတ်ခြင်းသည် ကြီးလေးသော အပြစ်ကျူးလွန်မှုတစ်ခုသဖွယ် သဘောထားခဲ့ကြ၏။

'ဟော့ ... မင်းတို့ ဆေးသိပ္ပံမတိုးတက်ချင်မှ နေတော့၊ ငါတို့ ဖဲဝိုင်း အလောင်းကြီးကိုတော့ ရုပ်ပျက်ဆင်းပျက် မလုပ်ကြနဲ့ကွာ' ဟူ၍ ပြောသကဲ့သို့ ရှိတော့သည်။

နောင်ခေတ်များတွင်ကား ဂရိတို့သည် (ဂရိဆိုသည်မှာ လူမျိုးဖြစ်၏။ ရှစ်ဆယ့်ခုနစ်ကျပ်ကို ပြောသည်မဟုတ်ပါ) အခါအားလျော်စွာ အလောင်းကောင်ကို ခွဲစိတ်ကြည့်ခွင့်ပေးကြသည်။ ဤသို့ဖြင့် ဂရိနိုင်ငံတွင် ဆေးသိပ္ပံစနစ်တကျထွန်းကားခဲ့၏။ ထိုအချိန်တွင် အခြားနိုင်ငံများတွင် ဆေးမြီးတိုအားကိုးဖြင့် ဆေးကုသကြသည်။ ဆောင်းပါးတွေ ရေးကြသည်။ ဤသို့ဖြင့် ကွမ်းရွက်တွေ၊ လမ်းဘေးက သစ်ပင်တွေ ဈေးကြီးကုန် ကြသည့် ကြောင်များအတွက်ပင် ဆေးမြီးတိုတွေ ပေါ်လာ၏။ ရှိစေ၊ ကျွန်တော် လက်အငြိမ်မနေနိုင်သည်မှာ လူများအတွက်သာဖြစ်ပြီး တိရစ္ဆာန်များ အတွက် မဟုတ်သဖြင့် ကြောင်ကိစ္စကို မှောင်ရိပ်ချထားပါရစေ။

ဂရိနိုင်ငံကို ရှေ့သွားသာဓကပြု၍ ကျန်သော ဥရောပနိုင်ငံများက အလောင်းကို ခွဲစိတ်လေ့လာခြင်းသည် ဆေးသိပ္ပံ၏ လုပ်သင့်လုပ်ထိုက်သော ပညာဆည်းပူးမှုတစ်ရပ်အဖြစ် အသိအမှတ်ပြုလေရာ အလောင်းကို ခွဲစိတ်လေ့လာခြင်းသည် တရားဝင်ကိစ္စရပ်တစ်ခု ဖြစ်လာလေ၏။

သို့တိုင်အောင် ယနေ့ကာလ၌ပင်လျှင် စကားအချေအတင်တွေ ရှိနေသေး၏။ မိမိအလောင်းကို လှူဒါန်းခြင်းသည် အနောက်နိုင်ငံများ၌ ကိုးကွယ်ရာ ဘာသာတရားနှင့် ညီညွတ်ခြင်းရှိမရှိ ငြင်းခုံကြသည်။ ကြွင်း ကျန်ရစ်သော ရုပ်ကလာပ်၏ သိက္ခာကို စော်ကားရာ ရောက်မရောက် စကားများနေကြ၏။ ကွယ်လွန်သူကို ရိုသေလေးစားမှုကင်းမဲ့ရာ ရောက် မရောက် အချေအတင်တွေ ပြောနေကြ၏။

သို့ဖြစ်ရာ ကွယ်လွန်သူက သူမကွယ်လွန်မီ ဆန္ဒအလျောက် ကိုယ်ခန္ဓာကို ဆေးဘက်ဆိုင်ရာသို့ လှူဒါန်းသွားသည် မှန်သော်လည်း ကျန်ရစ်သူ ဆွေမျိုးသားချင်းများက အလောင်းကို လှူဒါန်းလိုက်ရမှာ လက်တွန့်နေကြသည်။ နှမြောသလို ဖြစ်နေကြသည်။

ဆေးပညာသင်ကြားမှုတွင် လက်တွေ့လေ့ကျင့်မှုအတွက် အလောင်းကောင်များသည် အရေးပါလှသည်ဖြစ်ရာ ကိုယ်ခန္ဓာလှူဒါန်းခြင်းများ ထွန်းကားသင့်သည်။

တစ်ခါက ကွယ်လွန်သူသည် မိမိ၏ရုပ်အလောင်းကို ဆေးဘက်ဆိုင်ရာသို့ လှူဒါန်းခဲ့ရာ မျက်စိမမြင်သော လူနှစ်ဦးသည် သေသူထံမှ မျက်ကြည်လွှာကို ရကြသဖြင့် မျက်စိအလင်းရသွားခဲ့သည်။ လူသေသော်လည်း မျက်လုံး မသေခြင်းပင် ဖြစ်၏။

ဤသို့ဖြင့် သေဆုံးလျှင် သေဆုံးချင်း ထုတ်ယူနိုင်ခဲ့ကာ၊ မျက်ကြည်လွှာ၊ ကျောက်ကပ်၊ နားစည်၊ အရေပြား စသည်တို့သည် မသေသေးသော လူနာပေါင်းများစွာကို ကူညီစောင်မနိုင်ပါ၏။ လူတစ်ယောက်၏ နိဂုံးသည် အခြားလူပေါင်းများစွာအတွက် နိဒါန်းဖြစ်လာနိုင်လေသည်။ သူတို့နှစ်ဦးပေါင်း၍ စာအုပ်ဖြစ်လာလျှင် ကျပ်နှစ်ရာမှ ကျပ်ငါးရာထိ ရောင်းစား၍ ရဖွယ်ရာရှိသည်။

သို့သော် ဤသို့ သေပြီး ကိုယ်ခန္ဓာကို လှူဒါန်းမှု ကျယ်ပြန့်တိုးပွားလာရေးအတွက်ကား ဆောင်ရွက်စရာတွေ ရှိပါသေး၏။

အလောင်းကို လှူဒါန်းခဲ့သည်တွင် သေဆုံးသောအချိန်၌ သက်ဆိုင်ရာက ခပ်သွက်သွက်ကလေးလာယူဖို့အတွက် လုပ်ထုံးလုပ်နည်း ပိုင်ပိုင်နိုင်နိုင်ရှိဖို့ လိုပါသည်။ မဟုတ်ပါက မသာရှင်သည် အလောင်းကြီး တဖုတ်ဖုတ်နှင့် ဘာလုပ်ရမှန်းမသိ ဖြစ်နေနိုင်ပါသည်။

သက်ဆိုင်ရာ ပုဂ္ဂိုလ်တို့သည် သေပြီးအလောင်းကောင်ကို လေး

လေးစားစား ဆက်ဆံ၍ မဖွယ်မရာ မပြုကျင့်ရန် အာမခံသင့်သည်။ သေသူက ဘာမှမဖြစ်သော်လည်း ကျန်ရစ်သူများက မသေသေး၍ ဒေါသတွေ ထွက်နိုင်၏။ သေသူကတော့ သည်းခံမည် ဖြစ်ပါသည်။

သေသူက မိမိဆန္ဒအလျောက် လှူဒါန်းသွားခြင်း ဖြစ်ပါက သေပြီးသောအခါ ကျန်ရစ်သူများက သေသူ၏ ဆန္ဒကို လေးစားလိုက်နာသင့်ပါ၏။ အကယ်၍ သေသူက သူ၏ ရုပ်အလောင်းကို ဆေးဘက်ဆိုင်ရာသို့ ရောင်းချရန်နှင့် ရောင်းချ၍ ရသောငွေကို ကြပ်ကလေးအား ပေးပါဟု ဆန္ဒပြုခဲ့လျှင် မပျက်မကွက်လိုက်နာသင့်သည်သာ ဖြစ်ကြောင်း လက်ဆော့လိုက်ရပါသည်။

●

နန္ဒင်းကိုသာ

ရေးလိုက်ပါဦးမည်၊ လက်အငြိမ်မနေနိုင်လို့ပါ။

မြန်မာစာတွင် 'ရေးတော့ အမှန်၊ ဖတ်တော့အသံ' ဖြစ်နေသည်မှာ တော်တော်ခွကျသည်။ ဟော ... ကြည့်ပါဦး။ 'ဠကျ' ကိုပင် 'ခွကျ' ဟု ရေးနေရသည်။ မတော်တဆကြားရသူများက 'ခွကြ' ဟူ၍များ မှတ်သွားကြလျှင် စက်ဘီးတွေ၊ မော်တော်ဆိုင်ကယ်တွေကိုများ ပြေးစီးနေမည်လား မဆိုနိုင်။

မြန်မာ့စကားဘာသာ မြန်မာစကားရှုပ်နေရသည့်အထဲ ပါဠိတွေက ဝင်လာသေးသည်။ ပါဠိဘာသာတွင် အသတ်ကို မသုံး။ အက္ခရာတွေ ကုန်းပိုးကုန်ကြသည်။ ဒီတော့ အသတ်ကိုသာ မျက်စိယဉ်နေကြသည့် မြန်မာများ မဖတ်တတ်ကြ။ ရေးကတော့ ဖတ်တတ်ကြပါသည်။ သင်ပုန်းကြီး'ကုန်' ဖို့ဝေးစွ၊ သင်ပုန်းကြီးကိုတောင် မမြင်ဖူးလိုက်ရှာကြသည့် မျိုးဆက်သစ်လူငယ်တွေသည် ကုန်းပိုးထားသောအက္ခရာတွေကို မဖတ်တတ်ကြတော့ပါ။ 'အစ္ဆုတ္တ' ဟူသော ပါဠိစကားလုံးတွင် ကုန်းပိုးထားသော အက္ခရာတွေက များနေသဖြင့် 'အာ့ဇက်စာ' ဟူ၍ အသံထွက်ဖတ်သည်ကိုပင် ကြားလိုက်ရဖူးသည်။

ပါဠိစကားကလည်း မျက်စိလည်ရ၏။ အသတ်တွေ မသုံးချင်လျှင်

လည်း ကုန်းချည်းပိုးကြပါတော့။ ယခုတော့ ကားရိုက်လက်တွဲမှုများလည်း ရှိနေသည်။ ပါဠိဘာသာတွင် 'ည' သည် 'ဉ' နှစ်လုံးဆင့်ထားခြင်း ဖြစ်၏။ သူ့ကျတော့ ကုန်းမပိုးချေ။ 'ချစ်တော့ ချစ်တယ်အစ်ကိုရယ် ဒီလိုမလုပ်နဲ့' ဆို၍ ကုန်းပိုးမခံဘဲ ဘေးတိုက်လက်ချင်းတွဲထား၏။

ထို့ကြောင့် ဟ 'အညာသိ' ကို 'အာဉာသိ' ဟူ၍မဖတ်ရဘဲ 'အင်ဉာ သိ' ဟူ၍သာ ဖတ်ရသည်။ မျက်စိတွေသာမက ဦးနှောက်ပါ လည်ချင်စရာ ကောင်းလှပါ၏။

ကျွန်တော် ဒါတွေရေးနေရသည်မှာ အကြောင်းရှိ၏။

ယခု ကျွန်တော်ရေးလိုသည့် အကြောင်းအရာမှာ 'နနွင်း' အကြောင်း ဖြစ်၏။ 'နနွင်း' ဟု ကျွန်တော်က လက်ငြိမ်မနေနိုင်၍ ရေးလိုက်သည် ထားပါဦး။ ဖတ်သူက 'ဆနွင်း' ဟူ၍ ပါးစပ်အငြိမ်မနေနိုင်ဘဲ ဖတ်စေ ချင်ပါသည်။ သို့မဟုတ်ပါက 'ဘာအကြောင်းတွေကိုများ ရေးနေပါလိမ့်' ဟူ၍ နီးလျက်နှင့် ဝေးရပါလိမ့်မည်။

'ဟာ ... ဆနွင်းကိုတော့ လူတိုင်းသိတာပေါ့။ ဂေါ်ရင်ဂျီ ကုလားမ ကြီးများကတောင် 'အာရေ ... နားလည်တိတာပ'လို့ ပြောကြမယ်။ ခုတော့ နနွင်းဆိုတော့ ဘယ်နှာကြီးမှန်းလည်း မသိပါဘူး'

ဤသို့ ပြစ်တင်ကြသည်။ 'မြန်မာစကားအပြောကျမ်း' မရှိသေး သဖြင့် ပြောချင်သလို ပြောပါ။ ကျွန်တော်ကတော့ ရေးထုံးအတိုင်း ရေးရ ပါသည်။

ရင်းနေတဲ့အနာကို ပိုးမဝင်အောင် လိမ်းရတဲ့ လိမ်းဆေးများသည် သမိုင်းဦးလူသားတွေ မသိကြပါ။ သူတို့ခေတ်က ပါမစ်ထုတ်ပေးမည့် ဌာနလည်း မရှိတော့။

ဆေးဝါးစက်ရုံတွေကို မတည်ထောင်နိုင်ကြပေ။ ဒီတော့ သူတို့ သည် ရင်းနေသောအနာကို ပိုးမဝင်အောင် ခဲခဲယဉ်းယဉ်းတွေ လုပ်မနေကြ

တော့ဘဲ နန္ဒင်းကို တာဝန်ပေးအပ်လိုက်တော့သည်။

နန္ဒင်းတက်ကို ကြိတ်ပြီး အနာပေါ်သို့ အုံပေးလိုက်သည်။

'အနာပေါ်သို့ အုံပေးလိုက်သော အချိန်မှစ၍ အနာမကျက် မချင်း အနာတွင်းသို့ ပိုးတစ်ကောင် ဖြစ်စေ၊ ထို့ထက်အများဖြစ်စေ ဝင်ရောက်ခြင်းမှ ကာကွယ်ရန်သည် သင်၏ တာဝန်ဖြစ်စေရမည်။ တာဝန် ပျက်ကွက်ပါက ကျောတစ်ရာ ရင်တစ်ရာ (အကယ်၍ ကျောတွေ ရင်တွေ ရှိခဲ့လျှင်) ကြိမ်ဒဏ်ခတ်၍ မြို့ရင်ရပ်ကို နှင်စေ။ (အကယ်၍ မြို့ရင်ရပ် ရှိခဲ့လျှင်)

ဤသို့ အမိန့်တော် မပြန်ခဲ့ပါသော်လည်း ရင်းနေသော အနာတွင်းသို့ ပြင်ပမှ ပိုးများ မဝင်စေရန်၊ ဝင်လျှင်လည်း သေကုန်စေရန် နန္ဒင်းက တာဝန်ယူခဲ့ပါသည်။ မဇ္ဈိမဒေသက လွန်စွာ အားထားသော 'အာယုဗ္ဗေဒ' ကျမ်းတွင် နန္ဒင်းလိုပူ၍ အနံ့ပြင်းကြောင်းနှင့် လက်ခံထားရာ အနာကို နန္ဒင်းအုံခြင်းသည် ရေနွေးနှင့် ဆေးပေးသကဲ့သို့ ရှိရာတွင် သူက ပိုးမဝင်အောင် ကာကွယ်ခြင်း၌ ရေနွေးထက်သာသည် ဆိုကြ၏။

ရှေးခေတ်က လူတို့သည် အကျိတ်အဖုများကို နန္ဒင်းမှုန့်၊ ဂျုံမှုန့်တို့ကို မုန်ညင်းဆီဖြင့်နယ်၍ အကျိတ်အဖုကို အုံဆေးပြုလုပ်ပေးကြရာ မကြာမီ အကျိတ်သည် စူ၍ ခေါင်းပေါ်လာ၏။ ထို့နောက် ပေါက်ထွက်၍ အနာဖြစ်သွားသောအခါတွင်လည်း ထိုအနာကျက်အောင် နန္ဒင်းကပင် တာဝန်ယူသွားသည်ဟု အမှတ်အသားများ ရှိခဲ့၏။

ဆေးဝါးကုသမှုအယူအဆတွင် နန္ဒင်းသည် တော်တော်ပါလေရာ လုပ်ခဲ့သည်ကို ကျွန်တော်တို့တွေ့ကြရသည်။ အထက်တွင် အစီရင်ခံပြီးခဲ့သလို အကျိတ်အဖုများကိုသာပျောက်ကင်းစေသည် မဟုတ်သေး။ ပိုးကောင်ထိုးခြင်း၊ ပိုးမွှားကိုက်ခြင်းမှစ၍ အရေပြားပေါက်ပြဲခြင်းများ၊ အပိမ့်ထခြင်း၊ ယားယံခြင်းများကို ပျောက်ကင်းစေသည်။ ထို့ပြင်လည်း နှာဗ်ကြောကိုက်ခြင်းကိုပင် သက်သာစေသည်ဆို၏။

ယခုကဲ့သို့ ဆေးဝါးအဖြစ်သာ အသုံးခဲ့ခြင်း မဟုတ်သေးချေ။ အလှပြင်ဆိုင်တွေ၊ ပေါင်ဒါ၊ အလှဆီ၊ ကရင်မ်တွေ ထုတ်လုပ်သည့် စက်ရုံတွေ မပေါ်ပေါက်သေးသော ရှေးခေတ်အခါက မဇ္ဈိမဒေသ အလှပျိုဖြူများ (ဥမ္မာဒန္တီ၊ ပဘာဝတီတို့ပင် ပါချင်ပါနေမည် ကျောက်စာ မတွေ့သေး၍သာ ကျွန်တော် ရဲရဲ မပြောဝံ့ခြင်း ဖြစ်ပါ၏) သည် နနွင်းမှုန့်ကို စန္ဒကူးမှုန့်ဖြင့် ရောကာ ဆီကလေးအနည်းငယ် ထည့်၍ မျက်နှာတွင် လိမ်းကျံကြသည် ဆို၏။ ထိုအခါ အသားအရေသည် ဝါဝင်းစိုပြည်လာသည်ဆို၏။ ဖြစ်နိုင်ပါသည်။ နနွင်းက ဝါဝင်းစေရန် ဆီက စိုနေပါစေလိမ်းမည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း ကျွန်တော်ငယ်ငယ်က သနပ်ခါးတွင် နနွင်းမှုန့်ထည့်၍ လိမ်းသော အဒေါ်ကြီးများကို တွေ့ဖူးပါသည်။ အသားအရေ ဝါဝင်းမှုကိုတော့ ကျွန်တော် သတိမထားမိ။ အနားသို့ ကပ်လျှင် နည်းနည်းတော့ နံသည်ကိုတော့ အထူးပင် သတိထားမိပါသည်။

ယခုခေတ်တွင်ပင် အိန္ဒိယနိုင်ငံ၌ မင်္ဂလာဆောင်သည့်နေ့တွင် သတို့သမီးကို အထက်တွင် ဖော်ပြထားသော နနွင်းလိမ်းဆေးဖြင့် မျက်နှာ၊ လက်၊ ခြေတို့ကို ဖောဖောသီသီ လိမ်းကျံပေးကြသည်။

ပြီးတော့ အသားထဲစိမ့်ဝင်စေရန် နာရီဝက်အချိန်ပေးသည်။ နာရီဝက် ကြာပြီးမှ ရေချိုးစေသည်။ ထိုအခါတွင် သတို့သမီး၏ အသားအရေသည် ပို၍ နူးညံ့စိုပြည်လာကာ ချစ်စရာကောင်းလာသည်ဆို၏။ ဤအတိုင်းဆိုလျှင် သတို့သားကတော့ 'ဟဲ ... ဟဲ ... ဟဲဟဲ' နှင့် နွားပြာကြီး အောက်သွားမရှိ ဖြစ်ရချေတော့မည်ကား မလွဲချေ။

စေးထန်းသော အထက်ပါ နနွင်းမှုန့်ကော်ဆေးသည် အမွေးအမျှင်များ ကျွတ်စေရန်လည်း သုံးနိုင်ရုံမက အနံ့အသက်တွေကိုလည်း ပျောက်စေနိုင်သည်ဟု အဆိုရှိလေသည်။

ထို့ပြင် မျက်နှာကို မှန်မှန်လိမ်းပေးလျှင် ချစ်သူ လင်ယောကျ်ားက နှာခေါင်းရှုံ့ချင် ရှုံ့မည်။ ဝက်ခြံတွေကိုတော့ ကာကွယ်ပေးနိုင်သည်ဟု အယူအဆရှိကြ၏။ လိမ်းတာနောက်ကျ၍ ဝက်ခြံက သီးသန့်လက်မှတ် ကြိုတင်ယူထားမည်ဖြစ်သောကြောင့် ပေါက်နှင့်ပြီးဖြစ်ပါကလည်း အရုပ်ဆိုးလောက်အောင် ပြင်းထန်ခြင်းကို မဖြစ်ရအောင် ထို့နောက်ပျောက်ကင်းအောင် နနွင်းလိမ်းဆေးက ဆောင်ရွက်သည်ဟု ပြောကြ၏။ 'ဝက်ခြံရေ...၊ တို့ကတော့ တို့ကတော့ ခပ်နံ့နံ့ပဲ' ဟုဆိုကာ လိမ်းကြစေ။

နနွင်းတက်သည် ပွေးများ၊ ဝဲများကိုလည်း နိုင်နင်းသည်ဟုလည်း ဆိုကြသေးသည်။

ဟင်းခတ်အနေဖြင့် နနွင်းသည် အစားအစာကို အရောင်လည်း လှစေ၏။ သို့သော် သရက်သီးမှည့်၊ သဘော်သီးမှည့်၊ ရွှေဖရုံသီးများကို ဝါစေသည်ကတော့ နနွင်းသည် တရားခံမဟုတ်ပါ။

သူတို့ ပယောဂနှင့် သူတို့ ဝါကြခြင်း ဖြစ်သည်။

နနွင်းသည် အစာကိုလည်း ကြေစေရုံမက အာယုဗ္ဗေဒသမားများက အတွင်းအနာများကိုလည်း ကျက်စေသည်ဟုပင် ယုံကြည်ကြသည်။ အထူးသဖြင့် ပဲကို စား၍ အစာကြေခြင်းတွင် နနွင်းက အနိုင်ဆုံး ဖြစ်သည်ဟု ဆိုကြ၏။

နနွင်းတက်ကို မှိုင်းတိုက်၍ နနွင်းမှိုင်းကို ရှူလျှင် တုပ်ကွေး၊ အအေးမိခြင်းတို့ကို ကာကွယ်နိုင်ရုံမက၊ ပန်းနာကိုပါ သက်သာစေသည် ဟုလည်း ပြောကြ၏။

သို့သော် ... ကျွန်တော်တို့အတွက် ကြုံတွေ့နေရသော အခက်အခဲကား ဈေးတွင် နနွင်းမှုန့်စစ်စစ်ဝယ်ရာတွင် အခက်အခဲကြီးစွာ ရှိနေခြင်းဖြစ်၏။

●

ကောင်းတာကလေးတွေ

ရေးလိုက်ဦးမယ်။ လက်အငြိမ်မနေနိုင်လို့။

'ကြည့်ပါဦး ... ကြည်ပါဦးဟယ် ...၊ ရွှရွှရွှနဲ့ ... အလယ့် ... ခါသဟ'

ဟုတ်ကဲ့ ... တီဗီကြော်ငြာကို ပြောနေခြင်း ဖြစ်၏။ သူတို့တွေ လှုပ်သမျှ အသည်းနှလုံးတွေ ပြုတ်ကျမတတ် ခံစားရသည်။ သူတို့တွေ ခါသမျှ အသည်းဗလာကျရတော့မည်။

ဤကား ... စက္ကူအာရုံ (ခေါ်) အမြင်၏ ကောင်းတာကလေးတွေ။

နားကတော့ ပြေး၍ မလွတ်ပါ။ လက်ဖက်ရည်ဆိုင်တွေ ပတ်လည်ဝိုင်း ... တန်ခူးလရောက်လေတိုင်း။ မဟုတ်သေးပါ။ တန်ခူးလမှ မဟုတ်။ ၁ နှစ်လျှင် ၁၂ လ ဖြစ်သည်။ လက်ဖက်ရည်ဆိုင်မှ မဟုတ်။ အနီးအနားက အိမ်တိုင်းသည် အချိန်တိုင်းအခါတိုင်းပင် ကက်ဆက်ခွေတွေကို ကောင်းမှုဆိုသော ဆောင်းဘောက်ကြီးတွေနှင့် ဖွင့်၏။ ကားတွေ အားရပါးရ ခေါင်းချင်းဆိုင်တိုက်နေကြသလား မှတ်ရသည်။ မိုးလင်းကမိုးချုပ်

အထိ ဒုန်း ... ဒုန်းနှင့် ဆူညံနေသည်။ သူတို့တွေ ဒုန်းသမျှ အသည်းနှလုံးတွေ ပြုတ်ရမလားထင်ရသည်။

ဤကား သောတာရုံ (ခေါ်) အကြား၏ ကောင်းတာကလေးတွေ။

ဆံပင်ညှပ်ခတွေ ဈေးကြီး၏။ ကြီးမည့် ကြီးတော့ မထူးပါဘူး။ ကောင်မလေးတွေ ဆံပင်ညှပ်ပေး၊ ခေါင်းလျှော်ပေးသည့် အလှပြင်ဆိုင်တွေကိုပဲ သွားရသည်။ သူတို့လေးတွေ လျှော်သမျှ အသည်းနှလုံးတွေ အရည်ပျော်ရသည်။

ဤကား ဖောဋ္ဌဗ္ဗာရုံ (ခေါ်) အကိုင်အတွယ် ညင်သာတာကလေးတွေ။

ရန်ကုန်မြို့ ဘယ်ရပ်ကွက်တွင်နေနေ ရပ်ကွက်က အရေးမကြီးပါ။ အိတ်ထဲမှာ ပိုက်ဆံပါဖို့သာ အရေးပါသည်။ လက်ဖက်ရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်စသော သရေစာဆိုင်တွေ ရှိကြသည်ချည်း ဖြစ်၏။ ထို့ပြင် သူတို့တွေ ရောင်းသမျှ ကောင်းတာတွေချည်း ဖြစ်၏။ ထမင်းကြော်ပင်လျှင် သူတို့ရောင်းတဲ့ မြန်မာထမင်းကြော်သည်ပင် အိမ်က ကြော်သော ထမင်းကြော်ထက် စားလို့ကောင်းနေ၏။ သူတို့တွေ ကောင်းသမျှ အသည်းနှလုံးတွေ အထောင်းခံနေရသည်။

ဤကား ဇိဝှါရုံ (ခေါ်) အစားအာရုံ၏ ကောင်းတာကလေးတွေ။

ဟော ... ကျွန်တော်တို့ကို အာရုံငါးပါးတည်းက နှိပ်စက်နေပါသလား။ မဟုတ်သေးပါ။

မိုးလင်းလျှင် 'ရှယ်' ရောင်းသည် ကော်ဖီဆိုင်တွေထံ သွားကြည့်ပါ။ အရသာကို မခံစားပါနှင့်ဦး။ မွှေးကြိုင်လှသော ကော်ဖီရနံ့ကလေးသည် စိတ်ကို ဆွတ်ပျံ့စေပါသည်။

တောက လူတွေအတွက် ပန်းရနံ့ကလေးတွေက လေတွင်ပါလာပြီး လူသားတွေကို အားသစ်လောင်းပေး၏။ မြို့ကလူတွေအတွက် ပန်းရနံ့

တော့ မကပါ အနားပတ်ဝန်းကျင်တွင် ဥဒဟို ဖြတ်သန်းသွားလာနေကြပါသော အမျိုးသမီး ငယ်ငယ်ရွယ်ရွယ်၊ လှလှပပ (တကယ်တော့ ယခုခေတ် အမျိုးသမီးများသည် ကြီးလည်း လှလှပပသာ ဖြစ်ကြပါ၏။) ကလေးများထံမှ ထွက်ပေါ်လာသည့် ရေမွှေးနံ့သာ နံ့များသည် လောကကို အကျိုးပြုနေ၏။ အထူးသဖြင့် ကျားလောကကို အကျိုးပြုနေ၏။ (အနံ့နောက် အမီလိုက်ရသဖြင့် ပလက်ဖောင်းစောင်းတွင် ခြေခေါက်လဲသဖြင့် အကျိုးရှိသွားရခြင်း ဖြစ်သည်။)

ဟုတ်ပါ၏။ အနံ့အကြောင်းကို ရေးလိုက်ပါဦးမည်။ လက်အငြိမ်မနေနိုင်လို့ပါ။ (လက်ကတော့ ပလက်ဖောင်းမှာ ခေါက်မလဲနိုင်ဟု ထင်ပါသည်)။

အနံ့သည် အခြားသော အာရုံများထက် ပို၍ ထိရောက်ပြီး စိတ်ကိုပို၍ဆွပေးနိုင်သည်ဟု ပညာရှင်တို့ဆိုကြ၏။ ထို့ပြင် မည်သည့် အကြောင်းကြောင့် ဟူ၍တော့ မသိရသေးပါ။ အနံ့သည် လက်ငင်းဖြစ်ပေါ်နေသော စိတ်အနေအထားနှင့် မှတ်ဉာဏ်တို့အပေါ်တွင်လည်း အကျိုးသက်ရောက်မှုရှိသည်ဆို၏။ စိတ်ပေါ်သို့ အနံ့၏ အကျိုးသက်ရောက်မှုများ ကျယ်ပြန့်လည်း ကျယ်ပြန့်၏။ နက်ရှိုင်းသည်၊ တစ်နည်းဆိုရသော် ကျယ်နက်ကြီးဖြစ်နေ၏။ သမုဒ္ဒရာနှင့်ပင် တူသေးတော့သည်။ ထို့မျှသာမကသေး အနံ့အာရုံသည် အခြားသော အာရုံများထက် သိမ်မွေ့သလောက် အခြားသော အာရုံများထက် သိသာလွယ်၏။ (မယုံလျှင် လူကြားထဲတွင် အသံတိတ်လေလည်ကြည့်ပါ။ မပြောသာ၍ ဘာမှပြောကြမည် မဟုတ်သော်လည်း မျက်နှာ ပေါင်းဆယ်ခုတွင် ကိုးခုလောက်က ချက်ချင်းပင် ရှုံ့မဲ့ဖြစ်ကြပါလိမ့်မည်။ ကျန်သော မျက်နှာ တစ်ခုက နှာစေးနေ၏။)

'သင့်ရဲ့ အသည်းနှလုံးကို အရည်ပျော်သွားစေတဲ့ နေရာမှာ အနံ့တွေဟာ အသံတွေ၊ အမြင်တွေထက်ပိုပြီး သေချာတယ်' ဟု စာရေးဆရာကြီး

ကစ်ပလင်က ပြောဖူးသည်။ (ကစ်ပလင်ကတော့ ဟင်းချိုပန်းကန်ထဲ ရောက်နေသည်။)

လူသားများပေါ်စက (မှန်၏။ ကမ္ဘာဦးလူသားများ အဝတ်မဝတ်ကြပါ။) မွေးကြိုင်သော ရနံ့ထွက်သည့် ပစ္စည်းများကို လူတွေ သုံးဆောင်ဖို့ ထက် နတ်များအား ပူဇော်ပသရာတွင် အသုံးပြုခဲ့ကြသည်။ (သုတေသီများသည် ဘယ်လိုဖြစ်ပြီး ကမ္ဘာဦးက ဂျာနယ်တွေကို တွေ့သွားကြသည်တော့ မသိပါ။)

ရေမွှေးများကို အသုံးပြုရာတွင် ရှေးဟောင်း အီဂျစ်လူမျိုးများသည် ရှေ့ဆောင်လမ်းထွင်သူများ ဖြစ်ကြသည်ဆို၏။ (သုတေသီတို့သည် တွန်တန်ခမန်၏ သင်္ချိုင်းဂူနံရံတွင် ထက်ထက်မိုးဦးက ရေမွှေးပုလင်း ကိုင်ထားပုံကို ဖီးကွက်တွေ၊ ငှက်မွှေးတွေ၊ ဝပ်နေသော ခြသေ့်တွေ၊ လူ့ မျက်လုံးကြီးတွေအကြားတွင် တွေ့သွားပုံရ၏။)

ရှေးဟောင်း အီဂျစ်လူမျိုးများသည် ရေမွှေးများကို အသက်ရှင်သူများအတွက် နတ်ကန်တော့ရာတွင် သုံး၏။ အလှပြင်ရာတွင် သုံး၏။ သေပြီးသူများအတွက်တော့ ရေမွှေးကို ကျပ်စည်းရာတွင် အသုံးပြုကြသည် (ယခုခေတ် လူတွေကလည်း အားကျမခံ။ သေနေသော အလောင်းကို ရေမွှေးဖျန်းပေးကြပါသည်။)

ထိုအချိန်မှစ၍ ရာဇဝင်သည် ရေမွှေးရနံ့တွေ ဖုံးလွှမ်းကျန်တော့သည်။ ကလီယိုပက်ထရာသည် မတ်အန်ထော်နီကို သိမ်းသွင်းရာတွင် ရေမွှေးကို ဖောဖောသီသီသုံးခဲ့၏။ ကနောင်မင်းသားနှင့် လှိုင်ဇထိပ်ခေါင်တင်တို့ စကားများသည့် ကိစ္စမှာလည်း သနပ်ခါးကိစ္စ ဖြစ်သည်။

အိန္ဒိယ စာရေးဆရာကြီး ကာလီဒါဆက 'ရှာကွန်တလာ' ပြဇာတ်တွင် ဖခင်ဖြစ်သူက နတ်များထံ ဆုပန်ရာ၌ မွှေးကြိုင်သော ပန်းများ၊ နံ့သာအခိုးအငွေ့များဖြင့် ဆုပန်ကြောင်း ရေးသားခဲ့သည်။

အာရပ်နိုင်ငံမှ ဟင်းခတ်အမွှေးအကြိုင်များ ချောချောမောမောရရှိဖို့ ရှိဘာဘုရင်မသည် ဆော်လမွန်ဘုရင်ထံ လာခဲ့သည်။ စစ်ဘုရင် နပိုလီယံသည် အိုဒီကလုံးရေမွှေးကို ဖောဖောသီသီ သုံး၏။ စစ်စခန်းတွင်ပင် မျက်နှာသစ်ပြီးတိုင်း ရေမွှေးကို လည်ပင်းနှင့် ပခုံးများပေါ်သို့ ဆွတ်ဖျန်းသည် ဆို၏။

ရာစုနှစ်များနှင့်ချီ၍ ဓာတုဗေဒဆရာတို့သည် ရေမွှေးများကို သုတေသနပြု၍ အသစ်အသစ်တွေ ထုတ်လုပ်လျက်ရှိကြရာ ယနေ့တွင် လမ်းထွက် ဖို့ပြင်ဆိုလျှင် ရေမွှေးမပါလျှင် မပြီးတော့ချေ။

လူသည် မျောက်က ဆင်းသက်သောကြောင့်လား မျောက်မျက်နှာပင် လူနှင့်အပေါင်းမှား သလားမသိပါ။ လူသည်လည်း အနံ့ကို အားကိုးသည်။ ဖိနပ်ဝယ်လျှင် ကိုယ်လိုချင်သော ဖိနပ်ဟုတ်မဟုတ် သားရေနံ့ခံကြည့်သည်။ ချောကလက်ဝယ်လျှင်လည်း အကြိုက်တွေ့မတွေ့ နမ်းကြည့်မိသည်။

ဤကား အနံ့သည် မှတ်ဉာဏ်ထဲတွင် စွဲထင်ကျန်နေတတ်သဖြင့် ယခင်က ကြိုက်ခဲ့ဖူးသော ရနံ့ကို စွဲနေခြင်းကြောင့် ဖြစ်၏။

ချစ်သူထံမှရသောစာကို နမ်းကြည့်ခြင်းမှာလည်း ဤစာကို တစ်ရှူးပေပါဖြင့်တော့ မရေးတန်ရာဟူ၍ ယုံကြည်သောကြောင့် ချစ်သူထံမှ အစစ်ဟုတ်၊ မဟုတ် နမ်းကြည့်ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံတွင် လူများစိတ်ကြည်လင်စေရန် ဟိုတယ်များ၊ စက်ရုံများနှင့် မွှေးရနံ့များကို အဲယားကွန်းစနစ်မှ တစ်ဆင့် ဖြန့်ဖြူးပေးသည် ဆို၏။ မွှေးတဲ့အနံ့သည် လူများအတွက် ကိုယ်ကျန်းမာရေး၊ စိတ်ချမ်းသာရေးအတွက် အားကောင်းသော အကျိုးသက်ရောက်မှု ဖြစ်စေသောကြောင့် ဖြစ်၏။

ရေမွှေးတို့သည် ဂီတနှင့် နီးနွယ်၏။ ဂီတသံစဉ် သီကုံးဖွဲ့နွဲ့ရာတွင်

သံမြင့်၊ သံလတ်၊ သံနိမ့်တို့ကို ကောင်းမွန်စွာ ပေါင်းစပ်သီကုံးရသကဲ့သို့ပင် ရေမွှေးကောင်းတွင်လည်း အလွှာသုံးလွှာ သုံးရပ်ဟူသော အင်္ဂါရပ်နှင့် ပြည့်စုံရသည်။

ရေမွှေး၏ သံမြင့်လွှာကား အရေပြားပေါ် ကောက်ဆွတ်လိုက်လျှင် ထောင်းခနဲ မွှေးကြိုင်သွား၏။ သို့သော် ခဏအကြာတွင် ထိုအနံ့ မှေးမှိန်သွားသည်။ ထိုရနံ့မှေးမှိန်သွားတော့မှ သံလတ်ဖြစ်သော အနံ့ကလေးသည် ထင်ရှားလာ၏။ တစ်ဖန်ထိုသံလတ်လွှာ မွှေးရနံ့ မှိန်ပြယ်သွားလေသော် သံနိမ့်ဖြစ်သော ထုံသင်းမှုကလေး နက်ရှိုင်းစွာ ကျန်ရစ်နေ၏။ ရေမွှေးကောင်းလျှင် မွှေးထုံမှုကလေးသည် တစ်ရက်၊ နှစ်ရက်တိုင်အောင်ပင် ကြာရှည်ခံနေသည်ဟု ဆိုသည်။

ရေမွှေးကျွမ်းကျင်သူများက ရေမွှေးပုလင်းကို မသုံးသည့်အခါများတွင် သေချာစွာ အဖုံးပိတ်ဆို့ပြီး အေးမြပြီး မှောင်မိုက်သော နေရာတွင် ထားရမည်ဟု ပြောသည်။ ပုလင်းထဲသို့ ခပ်များများ ဝင်လျှင် သံမြင့်လွှာ ရနံ့တွေ ပြယ်တတ်သည်။

တကယ်ကောင်းသော ရေမွှေးသည် ပုလင်းမဖွင့်ဘဲထားလျှင်သော် လည်းကောင်း၊ ရေမွှေးအပြည့်နီးပါးရှိနေလျှင်သော် လည်းကောင်း ၁၀ နှစ်မှ အနှစ် ၂၀ ခန့်ကြာအောင်ပင် မွှေးရနံ့ရှိနေသည်ဆို၏။ ရေမွှေး ပုလင်းကို ဖွင့်သုံးပြီဆိုလျှင်ကား ၁ နှစ်၊ ၂ နှစ်အတွင်း ကုန်အောင်သုံးပစ် သင့်သည်ဆို၏။

●

သုံးနဲ့စား ... ပြတ်တယ်

"ဟေ့ကောင် ... ဘယ်နှယ့်လဲ ...၊ ဟန်ကျရဲ့လား"

ဦးဘထူးသည် အင်္ဂလိပ်သတင်းစာ တစ်စောင်လုံးကို အလွတ်ကျက်နေရာမှ မျက်မှန်ကို ဖြုတ်လိုက်ပြီး ညနေချိန် ရုံးမှ ဆင်းလာသော သားတော်မောင် အောင်ချစ်ကို လှမ်း၍မေးလိုက်သည်။ ဤနေရာမှ ရှေ့သို့ မဆက်မီ ထူးဆန်းအံ့သြဖွယ်ကောင်းသော ဦးဘထူးအကြောင်းကို ရှင်းပြလိုပါသည်။ သို့မှသာ စာရှုသူတို့ ရှင်းလင်းမည် ဖြစ်၏။ ဦးဘထူးသည် နယူးမရော်လော်ဂျီခေါ် အင်္ဂလိပ်ဂဏန်းဗေဒင်ကို ဘာတစ်လုံးမျှ နားမလည်သော်လည်း သူတို့ခပ်ငယ်ငယ်က ခေတ်စားခဲ့သော "နဝင်းဂိုဏ်း၊ တြင်းဂိုဏ်း စသည့် ဂိုဏ်းအသီးသီးများအနက် တြင်းဂိုဏ်းဝင် တစ်ဦး ဖြစ်ခဲ့လေသည်။ မည်သည့်နေရာတွင်မဆို သုံးဂဏန်းကို အလွန်ယုံကြည်ပြီး ဦးစားပေးခဲ့၏။ ထို့ကြောင့်ပင် သူ့အမည်နာမကို လည်းကောင်း၊ သူ့သားနာမည်ကိုသော် လည်းကောင်း နံသင့်ကောက်၍ရသော ဂဏန်းများမှာ သုံးနှင့်စား၍ပြတ်အောင် မှည့်ခေါ်ထားခြင်း ဖြစ်သည်။

"ဒီမှာသားရဲ့ လောကကြီးမှာ သုံးဂဏန်းဟာ ဘယ်လောက်တန်ဖိုးရှိပြီး တန်ခိုးကြီးထွားတယ်မှတ်လဲ။ ဟော ... ရတနာ သုံးပါးတဲ့။ တို့မြန်မာပြည်ကို လွတ်လပ်ရေးရအောင် လုပ်ခဲ့တာ သုံးရောင်ခြယ် အလံကွ။ လောကအလယ်မှာ ဆွေမျိုးအရင်းကြီး သုံးခုပဲ ရှိတယ်။ အဖေ ... အမေ...။ ရင်သွေးကွ။ ခရစ်ယာန်ဘာသာမှာတောင် အဖဘုရားသခင်၊ ယေရှုခရစ်တော်နဲ့၊ သန့်ရှင်းသော ဝိညာဉ်တော်ဆိုပြီး သုံးခုရှိတယ်။ ဟိန္ဒူ ဝါဒမှာလည်း ရှိဝ၊ ဗိဿနိုးနဲ့ မဟာဗြဟ္မဆိုပြီး လောကကို စိုးမိုးတဲ့ ဘုရား သုံးဆူရှိတယ်။ လမ်းစဉ်များမှာလည်း အစွန်းနှစ်ဖက်၊ မဇ္ဈိမပဋိပဒါဆိုပြီး သုံးလမ်းရှိတယ်။ ဘဝအစဉ်မှာလည်း ဥပါဒ်၊ ဌီ၊ ဘင် ဆိုပြီးသုံးမျိုး၊ လက္ခဏာရေးကလည်း သုံးပါး၊ ဒီလိုတွေရှိတယ်မဟုတ်လားကွ အို ... ကုန်ကုန်ပြောရရင်ကွာ အခု ကမ္ဘာကို ချယ်လှယ်နေတာ ကြီးသုံးကြီး မဟုတ်လားကွ။ ဒီတော့ သုံးဂဏန်းဟာ အလွန်ပဲအရေးကြီးတယ်။ နောက်ပြီး သုံးနဲ့စားရင်ပြတ်တဲ့ ဂဏန်းတွေကို အမြဲမှီဝဲရမယ်။ နံသင့်ကောက်ရာမှာ ရာဟုကို 'လေး' ယူရတယ်။ ဒါမှ မင်းကြီးပွားမယ်။ ဒါကြောင့် မင်းတခြားမှာ အလုပ်လုပ်တာ ငါမကြိုက်ဘူး။ အေဂျီရုံးမှာ လုပ်ရမယ်။ အေ ... ကတစ်၊ ဂျီက နံသင့်ကောက်ရင် နှစ်။ ပေါင်းလိုက်ရင် သုံးရတယ် မဟုတ်လားကွ၊ အေး ... မင်းအဲဒီရုံးမှာပဲ လုပ်ကိုလုပ်ရမယ်..."

ဦးဘထူးသည် စကားအရှည်ကြီးပြောလိုက်ရသဖြင့် မောသွားဟန်နှင့် "ဟူးကနဲ" လေပူကြီးမှုတ်ထုတ်လိုက်ပြီး ရှေ့တွင်ရှိသော ရေနွေးကရားထဲမှ လက်ဖက်ရည်ကြမ်းကို သုံးခွက်တိတိငှဲ့ယူလိုက်ပြီး တကျိုက်ကျိုက်သောက်နေလေတော့သည်။

ဤသို့နှယ်ပင် အောင်ချစ်အပေါ် ပုဗ္ဗောဝါဒထားရှိခဲ့လေသည်။ ထို့ကြောင့်ပင် အောင်ချစ်မှာ ဖွဲလုံ့လကြီးစွာဖြင့် အေဂျီရုံး (ငွေစာရင်းမင်းကြီးရုံး) မှ အလုပ်လျှောက်လွှာအကြိမ်ကြိမ်ခေါ်တိုင်း စာမေးပွဲဝင်ဝင် ဖြေဆို

နေခဲ့ရာ ဤတစ်ချီတွင်မတော့ ချိတ်မိသွားပေပြီ။ ယနေ့ပင် အလုပ်စတင်ဝင်ရောက်ရသည်ဖြစ်၍ ညနေလေးနာရီထိုး ရုံးဆင်းလာခဲ့ရာ သူ့ဖခင်က အလုပ်စတင်ဝင်ရောက်သည့်နေ့ အတွေ့အကြုံကို သိလိုသဖြင့် ဤဝတ္ထုတွင် ဖော်ပြခဲ့သည့်အတိုင်း စကားခေါ်လိုက်ခြင်း ဖြစ်ပေသတည်း။

အောင်ချစ်သည် သူ့ဖခင် တြင်းဆရာကြီး နံဘေးက ကုလားထိုင်တွင် ကျုံ့ကျုံ့ကလေး ဝင်ထိုင်လိုက်ပြီး သူ၏ လုပ်ငန်းခွင် ပထမဆုံးနေ့ အတွေ့အကြုံများကို ရှိသေစွာ အစီရင်ခံလေတော့သည်။

"ဦးဆုံး ဒီကနေသွားတော့ ကျွန်တော်ဟာ လက်ထောက်ငွေစာရင်းမင်းကြီး ဦးလှမောင်နဲ့ တွေ့ဆုံရပါတယ်"

"ဘယ်သူ ... ကွ"

"ဦးလှမောင် ... ပါ"

"ဦးကိုဖယ်ထား။ လှက ... လေး၊ မောင်က ငါး၊ ပေါင်းလိုက် ... ကိုး။ ဟယ်နိပ်ဟ၊ သုံးနဲ့စားပြတ်တယ်။ မင်းကတော့ စကတည်းက ယဉ်သကိုပဲဟေ့ ..."

ဘေးကလူသာဆိုလျှင် ဦးဘထူးကို တော်တော်မျက်စိနောက်မည်ဆိုသော်လည်း ဆွေမျိုးအရင်းခေါက်ခေါက်ကြီး ဖြစ်နေသော သူ့သားမှာ ကျင့်သားရနေပြီ ဖြစ်လေသည်။

"အောင်မယ် ... ဦးလှမောင်အခန်းထဲမှာ လူကြီးတစ်ယောက်တွေ့သေးတယ်"

"နိပ်ဟ ... မင်းပါဆို သူ့အခန်းထဲမှာ သုံးယောက်၊ ကြီးပွားဦးမှာပဲ..."

"ငွေကိုင်စာရေးကြီးလည်း ရှိသေးတယ် ဖေဖေ ..."

"အို ... သူ့နောက်ဖေး နောက်ဖီထွက်ရင် သုံးယောက်ပေါ့ကွာ၊ ကဲ ... ဆက်ပြောစမ်းပါဦး ..."

"အဲဒီလူကြီးက ကျွန်တော်စာမေးပွဲ သွားဖြေတုန်းကလည်း တွေ့တယ်။ အောင်မယ် သူကတယ်ပြီး ခန့်ညားတာကိုး၊ ဆေးပြင်းလိပ်ကြီး ခဲလို့။ အစက သူ့ကို ကျွန်တော်က စာရင်းစစ်ချုပ်ဆိုတာလား၊ ငွေစာရင်းမင်းကြီး ဆိုတာလား မှတ်နေတာ။ သူက ခန့်ညားတာကိုး၊ အသံသြဇာနဲ့လည်း ပြည့်စုံတယ်။ တစ်ခုတော့ရှိတယ်။ အမြဲပဲ သူဟာ ပျာလောင်ခတ်တဲ့ အမူအရာကို ဆောင်နေတယ်။ နောက်မှ သူဟာ တခြားသူမဟုတ်ဘူး၊ အေဂျီရုံးမှာ ဘယ်နေရာမဆို သူမပါရင်မပြီးတဲ့ ပဲခူးဆား ဦးချစ်တင်ဆိုတာ သိလိုက်ရတော့တယ် ..."

"အောင်မယ် ... ဟန်ကျလိုက်တာကွယ်။ သူက ဦးချစ်တင်ဆိုတော့ ဦးက အများသုံးနာမ်မို့ဖယ်ထား။ ချစ်က နှစ်၊ တင်က ခုနှစ် ပေါင်းလိုက်တော့ ကိုး သုံးနဲ့စားပြတ်တယ်။ မင်းကတော့ တကယ့်ကို သူဌေးလောင်းလျာလေးပဲကွယ်၊ အင်း ဆိုပါဦး ..."

အောင်ချစ်သည် သူ့ဖခင်ကြီး၏ စကားဆုံးသွားသောအခါ တံတွေးကို ငွပ်ကနဲ မျိုချလိုက်ပြီး ဆက်လက်၍ အစီရင်ခံရပြန်လေ၏။

"အဲဒီ ဦးချစ်တင်ဆိုတဲ့ လူကြီးက ဗိုက်ကတော့ ရွှဲနေတယ်"

"ဒါက ဗွက်အိုင်ထဲ မှောက်ရက်လဲတာ ဖြစ်မှာပေါ့ကွ၊ ဒါကြောင့် တစ်ကိုယ်လုံး မစိုဘဲ ဗိုက်တစ်ခုထဲ ရွှဲနေတာ ..."

"မဟုတ်ပါဘူး ဖေဖေရဲ့၊ ဗိုက်ပူနေတာကို ပြောတာပါ ..."

"ဟဲ့ ... ဒါဖြင့်ရင် အဲဒါ ဖျင်းစွဲတာ ကွ ..."

"ခက်ကုန်ပါပြီလေ၊ ဝတာခင်ဗျ ... ဝတာ။ ဒါထက် ဒီနေ့တော့ ဒုတိယငွေစာရင်း မင်းကြီး ဦးသိန်းဟန်နဲ့ တွေ့ဖို့ မလိုတော့ဘူး"

"အလို ... ဒုတိယငွေစာရင်းမင်းကြီးကလည်း ဦးသိန်းဟန်တဲ့လားဟေ့။ ဦးကိုဖယ်ထားပြီး သိန်းနဲ့ဟန်ကို နံသင့်ကောက်၊ ပေါင်းရင် တစ်ဆယ့် နှစ်ရတယ်။ သုံးနဲ့စား ပြတ်တယ်၊ မင်းတော့ ကြီးပွားဦးမှာပါပဲ"

"ပထမတုန်းကတော့ ကျွန်တော့်ကို တီ–အမ်ကို ပို့မလို့တဲ့ ..."

"ဘာလဲကွ ... တီ–အမ် ဆိုတာ"

"ဌာနစိတ်တစ်ခုရဲ့ အခေါ်အဝေါ်ပါ ..."

"အော် ... ဒီဌာနကလူတွေက အန်လိုက်ရင် တီကောင်တွေ ပါပါလာတတ်လို့လား၊ ဒီရောဂါမျိုး ငါတော့ မကြားဖူးဘူးကွ"

အောင်ချစ်သည် 'အဟီး' ဟုရယ် ချလိုက်မိပြီး ...

"မဟုတ်ပါဘူး ဖေဖေရဲ့၊ ငွေတိုက် (ထွေ) လို့ မြန်မာလို ခေါ်တယ်"

"ဩော် ... ငွေတိုက်ထဲမှာ အရက်မူးတတ်ကြသကိုး ..."

အောင်ချစ်သည် သူ့ဖခင်ကို ရှင်းပြရန် မရည်ရွယ်ရတော့ကား သူပြောပြစရာ ရှိသည်များကိုသာ ဆက်လက်၍ ပြောနေလေ၏။

"နောက်တော့ ကျွန်တော့်ကို ပြန်တမ်းသုံးဆိုတဲ့ ဌာနစိတ်ကို ပို့တာပဲ"

"ဟန်ကျပြန်ပြီဟေ့၊ ပြန်တမ်းသုံးကို စာလုံးနဲ့ပေါင်းရင် ဆယ့်ရှစ်ရတယ်။ ပြန်တမ်းကို နံသင့်ကောက်ပြီး ဆယ့်နှစ်ထား၊ သုံးကို သုံးအတိုင်းထားပြီး ပေါင်းရင် ဆယ့်ငါး ရတယ်။ ဘယ်လိုဖြစ်ဖြစ် သုံးနဲ့ စားပြတ်တယ်၊ မင်းတော့ ကြီးပွားဦးမှာပဲ ... အင်း ဆက်ပါဦး"

"အဲဒီက အရာရှိက ဦးယုကြည်ဆိုပဲ ..."

"ပွင့်ခဲ့လေပြီးသော ဘုရားအဆူဆူကများ မင်းကိုမှ ရွေး ... မနေရှေ့လားကွာ။ ဦး ... ကိုဖယ်၊ ယုနဲ့ကြည်ကို ပေါင်းရင် ခြောက်ရတယ်၊ ရာဟုကို လေးဂဏန်းယူကွ၊ သုံးနဲ့စား ပြတ်တယ်။ မင်းတော့ကြီးပွားဦးမှာပါပဲ၊ အင်း ... ဒီရုံးက မင်းအတွက် ဘူမိနက်သန်မှန်တယ် ..."

အောင်ချစ်မှာ သူ့ဖခင်၏ ဆန္ဒအတိုင်း ရုံးအလုပ်ကို ကြိုးစားလုပ်၏။ ဤရုံးမှလွှဲ၍ အခြားရုံးသို့ မပြောင်းဟုပင် သံန္နိဋ္ဌာန်ချထားလေသည်။ ဤသို့ဖြင့် အလုပ်လုပ်ခဲ့ရာ ရှစ်လကျော် ကြာမြင့်သောအခါတွင် အောင်ချစ်

မှာ ရုံးလက်တွေ့ စာမေးပွဲများကိုဖြေဆိုရန် စာများ ကျက်မှတ်နေပြီ ဖြစ်သည်။ သားအား ကြီးပွားလိုစိတ် ပြင်းပြလှသော ဖခင်ဦးဘထူးသည် သားစာကျက်ရာသို့ ရောက်လာပြီး မေးစမ်းကြည့်ရှာလေသည်။

"မင်းခုံနံပါတ်က ဘယ်လောက်လဲ ..."

"သုံး ... ခင်ဗျာ့ ..."

"ပွတာပဲဟေ့ ... ဘာတွေ ဖြေရမလဲကွ ..."

"ပထမဆုံး ... ပရေးဆီး ဖြေရမယ် ဖေဖေ ..."

"ပရေဆီးကတော့ နံသင့်ကောက်ရင် ဆယ့်နှစ်ရပြီ၊ သုံးနဲ့စား ပြတ်တယ်"

"နောက်ဖြေရမှာတွေက အက် ... ဖာ ..."

"နေစမ်းပါဦး ... အက်ဖာဆိုတော့ ခြောက်၊ ဒါလည်း သုံးနဲ့စား ပြတ်တာပဲကွ။ နောက်ကော ..."

"စာရင်းကိုင်"

"စာ ... ရင်း ... ကိုင် ... ဆိုတော့ ကိုး သုံးနဲ့စား ပြတ်ပြန်ပြီ ...၊ အင်း ..."

"နောက်ဆုံးဘာသာရပ်ကတော့ စီ ... အေ ... စီ"

"ဒါတော့ သုံးနဲ့စားလို့ မပြတ်ပါလား၊ ဒါပေမဲ့ စာလုံးအရေအတွက်ကတော့ သုံးလုံးပဲကွ ...။ ဒါထက် အဲဒီ စီအေစီကို မြန်မာလို ဘယ်နှယ့်ခေါ်သလဲ ..."

"မြို့ပြစာရင်း ကိုဒေပဒေ ... လို့ ခေါ်မယ် ထင်ပါတယ် ..."

"ငါး၊ ငါး၊ သုံး၊ လေး၊ နှစ်၊ ခုနှစ်၊ တစ်၊ ငါး၊ ခုနစ်ဆိုတော့ ... အောင်မယ် သုံးဆယ့်ကိုး၊ သုံးနဲ့စားရင် ပြတ်တယ် ...။ သေချာပါပြီကွာ၊ မင်းတော့ နောက်တစ်ခါ စာမေးပွဲ ထပ်ဖြေရတော့မှာ မဟုတ်ဘူး ...။ ကောင်းကွာ ... တယ်ကောင်း ..."

ဦးဘထူးကတော့ "ကြိုက်ပြီ ဆရာ" ဖြစ်နေသည်။ အောင်ချစ်ခမျာ မှာမူကား စာတွေ နင်းကန်ကျက်မှတ်နေပါသော်လည်း လူသစ်ဖြစ်သည်က တစ်ကြောင်း၊ စာလုံးများမှာ ခက်ခဲသည့်အခါတွင် ခက်ခဲနေ၍ လည်း ကောင်း အတော်ပင် နွမ်းနယ်နေရှာတော့သည်။ မည်သို့ပင်ဖြစ်စေ၊ စာမေး ပွဲကို ဖြေဆိုပြီး၍ မကြာမီပင် အောင်စာရင်းများ ထွက်လာခဲ့လေသည်။ အောင်ချစ်သည် ရုံးမှအောင်စာရင်းကို မြင်ပြီးသည့် ညနေတွင် အိမ်သို့ တိုက်ရိုက်ပြန်လာခဲ့ကာ သူ့အဖေကို အားရပါးရ အော်ပြောလိုက်လေ သည်။

"အဖေရေ ... အဖေ၊ အဖေပြောခဲ့တာ မှန်တယ် ... ခင်ဗျ ..."

"ဘာမှန်တာလဲကွ ... လုပ်စမ်းပါဦး"

"ကျွန်တော် နောက်တစ်ခါ စာမေးပွဲ မဖြေရတော့ဘူး ..."

"ဟော ... ဒါဆို မင်းအောင်သွားပြီလား။ ငါပြောတယ် မဟုတ်လား၊ အမှတ်တွေကကော ဘယ်လောက်ရတုန်း ..."

"ပထမမေးခွန်းလွှာမှာ ခြောက်မှတ်၊ နောက်သုံးမှတ်၊ နောက် ကိုးမှတ်နဲ့ နောက်ဆုံးက ဆယ့်နှစ်မှတ် ..."

"ဟ ... တစ်ဘာသာချင်းစီရတဲ့ အမှတ်တွေရော၊ လေးဘာသာလုံး ပေါင်းလိုက်လို့ရတဲ့ အမှတ်ရော တိုက်တိုက်ဆိုင်ဆိုင် အားလုံးက သုံးနဲ့ စားလို့ ပြတ်တဲ့ ဂဏန်းတွေချည်း ဖြစ်နေပါလား။ ထူးခြားလိုက်တာကွာ၊ ဒါနဲ့ မင်းတို့ရုံးက အမှတ်နည်းနည်းလေးတွေရလည်း အောင်တာပဲလား..."

"မအောင်ဘူး ... ခင်ဗျ"

"နို့ မင်းပြောတော့ နောက်တစ်ခါ မဖြေရတော့ဘူးဆို ..."

"ဒါကတော့ ရတဲ့အမှတ်တွေက အားလုံးလိုလို နည်းလွန်းတော့ "ဒီဘား" ထိပြီး ရာထူးစာမေးပွဲဖြေဆိုခွင့် သုံးနှစ်တိတိ ပိတ်လိုက်တာကို ပြောတာဗျ ..."

“ဟယ် ... အောင်မယ် ...၊ ဒီဘားဆိုတော့ ဆယ့်နှစ်ဆိုတော့ သုံးနဲ့စား ပြတ်တယ်။ နောက်ပြီး ပိတ်လိုက်တာကလည်း တိုက်တိုက်ဆိုင်ဆိုင် သုံးနဲ့စား ပြတ်တဲ့ သုံးနှစ်။ ဆက်ပြီး ... ကြိုးစားပါဦးကွာ၊ မင်းကြီးပွားမှာ သေချာနေပါတယ် ...”

အောင်ချစ်သည် သူ့ဖခင်၏စကားများကို ကြားလိုက်ရသောအခါ သူ့ကိုယ်သူ လက်သီးနှင့် သုံးချက်တိတိထိုး၍ လောကကြီးကို မေ့ပစ်လိုက်လေတော့သတည်း။

●

အကဲစမ်းတဲ့ အစွဲအလမ်းလေးတွေ

နေရာတော်တော်များများ၌ အစွဲအလမ်းကြီးတတ်ခြင်းသည် မကောင်းကြောင်းကို ပြောချင်နေပါ၏။ အဲ ခြွင်းချက်တစ်ခုတော့ ရှိသည်။ "ငါကတော့ လစဉ်ထုတ်မဂ္ဂဇင်းတွေကို စောင့်စောင့်ဖတ်နေရတာဟာ ကြပ်ကလေးရဲ့ အူကြောင်ကြောင် ဆောင်းပါးတွေကို သိပ်စွဲနေလို့" ဟူသည့် အစွဲအလမ်းကြီးမှုမျိုးကတော့ အပြစ်ကင်းစင်ပါသည်။ ကျန်းမာရေးကိုလည်း မထိခိုက်နိုင်ပါ။ ကြပ်ကလေးဟာ အရက်လည်း မဟုတ်သဖြင့် ပြဿနာမရှိပါ။ ဘိယာပင် မဟုတ်သဖြင့် ကြပ်ကလေး စွဲနေခြင်းအားဖြင့် ဗိုက်ကြီးရွှဲလာစရာ အကြောင်းလည်း မရှိပါချေ။

သို့သော် များစွာသော သူတို့သည် အကြောင်းမတန်တာကို အစွဲအလမ်းကြီးနေတတ်ကြ၏။ အယူသီးနေတတ်ကြ၏။ အချို့သော ကိစ္စရပ်များသည် လိုလိုမည်မည်ထက် ပို၍ စွဲလမ်းလျှင် မိမိ၏ အကျိုးပျက်စီးတတ်လေသည်။ "ဥပါဒါန်ကြောင့် ဥပါဒ်ရောက်" ဟူသော မြန်မာစကားပုံသည် ဤကဲ့သို့သော ကိစ္စရပ်မျိုးအတွက် ထားခဲ့ခြင်းဖြစ်သည်။ (ထားခဲ့

သူတို့ကတော့ ဤသို့မပြောပါ။ ဘယ်နေရာမှ မျက်စိအလစ်မပေးတတ်၍ ကောက်ရသော ကျွန်တော်က လူတတ်လုပ် ပြောခြင်းဖြစ်ပါ၏။) လူသည် မကောင်းကျိုးကို မလိုလားပါ။ မကောင်းကျိုးဖြစ်ပေါ်စရာကို လုပ်ချင်သာ လုပ်မည်။ မကောင်းကျိုးကိုတော့ လက်မခံချင်ပါ။ လူတိုင်းလိုလိုတွင် ဤ ပျော့ကွက်ရှိနေသဖြင့် "ဟ ဘာကတော့ဖြင့် မလုပ်ကောင်းဘူး" ဟု ပြောလိုက်လျှင် ကြားရသူသည် မျက်ကလဲဆန်ပျာဖြင့် ထိတ်ခနဲ ဖြစ်သွား တတ်ပေ၏။

ရှောင်မှ ဖြစ်တော့မည်။ (တကယ်တော့ ဘယ်သူကမှ ခဲဖြင့် လာပစ် ပေါက်နေခြင်း မရှိပါလေ။) "ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ရှောင်တာက မမှားဘူး" ဟူ၍ သဘောထားတတ်ကြ၏။ အင်္ဂလိပ်စကား မတောက် တခေါက် တတ်သော ဘိုရူးများက အင်္ဂလိပ်စကားလေးကိုပင် ညှပ်၍ ပြောသေးသည်။ "တူဘီအွန်သည် ဆေ့ဖ်ဆိုက်" (To Be On The Save Side) တဲ့။ ကျွန်တော်လက်မခံချင်ပါ။ မှတ်ကျောက်တင်ကြည့်မှ ရွှေဟုတ် မဟုတ်ကို သိရှိရမည်။ ထို့ကြောင့် အစွဲအလမ်းကိစ္စတွင်လည်း မှတ် ကျောက်တင်သည့် သဘောဖြင့် လုပ်ကြည့်မှသာ တကယ်မှန်၊ မမှန်ကို လက်တွေ့သိရမည် ဖြစ်၏။ သို့သော် အသက် သေဆုံးတတ်သည်ဆိုသော ကိစ္စမျိုးကိုတော့ သူများကို အစမ်းခိုင်းခြင်းက ပိုမိုကောင်းမွန်သေချာသော လုပ်နည်းလုပ်ဟန် ဖြစ်ပါသည်။

မှတ်မှတ်ရရ လွန်ခဲ့သော သုံးနှစ်ခန့်က ဖြစ်ပါသည်။ ကျွန်တော် သည် မိသားစုနှင့်အတူ ပုဂံ၊ ပုပ္ပား စသည်တို့ကို ဘုရားဖူး ထွက်ခဲ့၏။ ဤခရီးတွင် ပုပ္ပားတောင်ကလပ်ကို တက်ရာ၌ အပေါ်နားတစ်နေရာတွင် မတ်စောက်လှသော လှေကားခပ်တိုတိုကလေးနှင့် ကြုံရသည်။ တက်သွား စဉ်ကတော့ လွယ်လွယ်ကူကူ ချောချောမောမောပင် ဖြစ်၏။ ပြန်ဆင်းသွား သောအခါတွင်မူ အခက်အခဲတွေ့ရတော့၏။ အထူးသဖြင့် အသက်ခုနစ်

နှစ်ခန့်သာ ရှိသေးသော မြေးဖြစ်သူ "ဖေယျာအောင်" အတွက် အခက်အခဲ ဖြစ်သည်။ ဤတွင် ကျွန်တော်က မြေးဖြစ်သူကို "ဒီလိုဆင်းကွ" ဟု ဆိုကာ လှေကားထစ်များကို အတက်ပုံစံအတိုင်း နောက်ပြန်ဆင်းပြသည်။ ထိုအခိုက်အောက်က တက်ရောက်လာသော လူရွယ်တစ်ဦးက လှမ်း၍ အော်ပြောသည်။

"လှေကားကို နောက်ပြန်ကြီး မဆင်းကောင်းဘူး အဘ"

ကျွန်တော့် စိတ်ထဲတွင် အောင့်သီးအောင့်သက် ဖြစ်သွားသည်။ ယင်းသို့ ခံစားရခြင်းမှာ အကြောင်းရှိ၏။

၁။ ကျွန်တော်က မြေးဖြစ်သူကို ဆရာလုပ်၍ သွန်သင်နေခိုက် သူ့စကားက နှောင့်ယှက်ချေဖျက်သလို ဖြစ်နေခြင်း။

၂။ တစ်သက်လုံးက ဘာမလုပ်ကောင်းဘူး၊ ညာမလုပ်ကောင်းဘူးဟူသော စကားများကို လူကြီးတို့ကသာ လူငယ်တို့ကို ခြိမ်းခြောက်ရာ၌ သုံးလေ့ရှိရာ ယခုကိစ္စတွင် ကျွန်တော်၏ တူအရွယ်၊ သားအရွယ်က ဆရာလုပ်လိုက်ခြင်း။

၃။ ဤသို့သော ကိစ္စရပ်များတွင် ကျွန်တော့်ကို သူ့လောက် သုတမပြည့်စုံသူဟု ထင်မှတ်သွားရာ ရောက်နေခြင်း။

ဤအကြောင်းကြောင်းများကြောင့် ကျွန်တော်သည် အတ္တ၏ သားကောင်ပီပီ အောင့်သီးအောင့်သက် ဖြစ်သွားရသည်။ သို့သော် လူမှုရေး အရသော်လည်းကောင်း၊ သူထားရှိပုံရသော စေတနာကောင်းကြောင့်လည်းကောင်း ကျွန်တော်သည် မြေးဖြစ်သူကိုသာ ဖေးမပြီး တည့်တည့်ပြန်၍ ခဲခဲယဉ်းယဉ်း ဆင်းခဲ့ပါသည်။

ယင်းအစွဲအလမ်း မည်သို့မည်ပုံဖြစ်ခဲ့ရသည်ကို ကျွန်တော် သိပါသည်။ မြန်မာလူမျိုးတို့၏ ရှေးအယူအဆမှာ သေသူသည် သေဆုံးပြီး ခုနစ်ရက်အတွင်း မကျွတ်လွတ်သေးဘဲ အိမ်တွင် နေခွင့်ရှိရာ ရက်လည်

ဆွမ်းသွတ်မှ အိမ်ကခွာရမည်ဟု ယူဆကြသည်။ ယင်းသို့ ထွက်ခွာရာ၌ အဆင်းအတက် လှေကားတွင် ပြာတွေ ဖြူးထားလျှင် ဆင်းသွားသော ကွယ်လွန်သူ၏ ခြေရာကို တွေ့ရမည်ဆိုခဲ့လျှင် ခြေရာမှာ နောက်ပြန်ဆင်း သွားသော ခြေရာဖြစ်နေရမည်ဆို၏။

ယင်းကို ကျွန်တော် ကိုးနှစ်သားအရွယ်လောက်က စမ်းသပ်ခဲ့ဖူးပါ၏။ ဖေဖေ၏ အဖေ ဘိုးဘိုးဦးရွှေစင် ကွယ်လွန်စဉ်က ဖြစ်၏။ ရက်လည် ဆွမ်းသွတ်သောအခါ ကျွန်တော်တို့ ကလေးတစ်သိုက်သည် ဖိနပ်ချွတ် နေရာသို့တက်ကာ လှေကားထစ်များ၌ အလယ်နား လှေကားထစ်ပေါ်တွင် မီးဖိုထဲမှ ပြာများကို ယူ၍ဖြူးထားလိုက်ကြသည်။ ပြီးတော့ မလှမ်းမကမ်း မာလကာပင်အောက်နားမှ စောင့်ကြည့်ကြ၏။ တရားနာကြသည်မှာ အချိန်တော်တော်ကြာ၍ ပျင်းစရာကောင်းလှ၏။ ကျွန်တော်တို့ ညီအစ်ကို တစ်သိုက်သည်လည်း စကားပြောဆိုရင်း စောင့်ဆိုင်းနေကြရာ နာရေး အိမ်ပေါ်မှ အမျှဝေသံကြားသော် ပြာမှုန့်များ ဖြူးချထားသော လှေကားထစ် ဆီသို့ ပြေးကြည့်ကြ၏။ ယောကျ်ားတစ်ဦး၏ လက်ယာဘက် ခြေရာကြီး ထင်ကျန်နေ၏။ ကျွန်တော် စဉ်းစားကြည့်မိသည်။ ဆုံးသွားသော ဘိုးဘိုး မှာ ပုပုကလေးဖြစ်၍ ကိုယ်လုံးကိုယ်ဖန်သေးကွေးသည်။ ခြေရာမှာ တော် တော်ပင်ကြီးနေ၏။ လူသည်သေသွားလျှင် ထွားကျိုင်းသွားသည်ဟု မကြားဖူးပါ။ ကျွန်တော်တို့ စကားတွေ များနေကြရင်း လစ်သွားခိုက် လူကြီးတစ်ယောက်ယောက် အိမ်ပေါ်သို့ တက်သွားခြင်း ဖြစ်ပါလိမ့်မည်။

ရှေးက အယူအဆတွင် သေဆုံးသူသည် လှေကားမှ နောက်ပြန် ဆင်းသဖြင့် ရှင်သူတွေက လိုက်ဆင်းကြလျှင် မင်္ဂလာမရှိ ဖြစ်တတ်သည် ဟု စွဲလမ်းထားကြပုံရသည်။ သို့ရာတွင် တိုက်နံရံ ဆေးသုတ်သော သူများသည်လည်းကောင်း၊ သင်္ဘောသားက ကြိုးလှေကားကို အသုံးပြုကြ သူများသည် လည်းကောင်း တက်သည့် ပုံစံအတိုင်းပင် ပြန်ဆင်းကြသည်

ကို ကျွန်တော်မြင်တွေ့ရပါသည်။ ဆင်းသည့်ပုံစံဖြင့် အပြင်ဘက်သို့ လှည့်ကာ လှေကားထစ် တစ်ထစ်၊ နှစ်ထစ်ဆင်းပြီး ပြုတ်ကျလာသူတွေကို ကျွန်တော် မတွေ့ဖူးသေးပါ။ ထို့ပြင် သူတို့တစ်တွေ အမင်္ဂလာဖြစ်ခြင်း၊ ရက်တိုတိုနှင့် သေကုန်ကြခြင်းများကိုလည်း မကြားမိပါ။

ထို့ကြောင့် အစွဲအလမ်းဟူသည် ဥပါဒါန်ဖြစ်အောင် အရမ်းမွေးမြူ ပျိုးထောင် မထားသင့်ပါ။ စမ်းသပ်လို့ရလျှင် စမ်းသပ်ကြည့်သင့်ပါသည်။ ဤနေရာတွင် ကျွန်တော်၏ အစ်ကို ဦးတင်ဦးအကြောင်း ပြောပြချင်ပါ၏။ သူ လူပျိုပေါက်အရွယ်က ဖြစ်၏။ တစ်နေ့တွင် ဆံပင်သွားညှပ်မည်ပြုရာ ဆွေမျိုးသားချင်းထဲမှ အဒေါ်ကြီးက "ဟဲ့ ဒီနေ့ စနေနေ့၊ နင့်မွေးနေ့ ဖြစ်လို့ ဆံပင်မညှပ်ကောင်းဘူး" ဟု ပြောသောအခါ သူက လက်တန်းစပ်လိုက်သော ဆောင်ပုဒ်ကို ကောက်ရွတ်တော့သည်။

"မွေးနေ့၊ သောကြာ၊ တနင်္လာ ကေသာဆံရှင်း ဘေးရန်ကင်း"

အစ်ကိုက ဤစကားအရ ဆံပင်များညှပ်ရပါမည်ဟု ပြောရာ အဒေါ်ကြီးမှာ ကြောင်စီစီနှင့် ကျန်ရစ်ခဲ့သည်။ မူကွဲ လင်္ကာဟုများ မှတ်ထင်သွားရှာလေသလားမသိ။ ကျွန်တော်၏ အစ်ကို ဖြစ်သူသည် ဆံပင်ညှပ်ရာတွင် သူ့အားလပ်ချိန်ကိုသာ ရွေးချယ်၍ နေ့မရွေးဘဲ ဆံပင်ညှပ်လေ့ ရှိပါသည်။ သူသည် အသက် ခုနှစ်ဆယ့်လေးနှစ်အထိ နေသွားရ၏။ ခုနစ်ဆယ့်လေးနှစ်တွင် ကွယ်လွန်သွားရသည်မှာလည်း ဆံပင်ညှပ်သော ကြောင့် မဟုတ်ပါ။ အဆုတ်ကင်ဆာရောဂါ ဖြစ်၍သာ ကွယ်လွန်သွားရ ခြင်း ဖြစ်ပါသည်။ ဤသည်ကိုပင် နေ့ရက်မရွေးဘဲ ဆံပင်ညှပ်မိ၍ ကင်ဆာရောဂါ ဖြစ်ရပါသည်ဟု စကားကတ်သတ်ပြောမည့်သူများ ရှိပါ လျှင် ကျွန် တော် လူမှန်းသိတတ်စ အရွယ်ကစ၍ အသက်ရှစ်ဆယ်နီးပါး သေလွန်သည်အထိ ဆံပင်တစ်ခါမျှ မညှပ်ခဲ့သည့် ကျွန်တော်၏ မိခင် သည်ကော အဘယ့်ကြောင့် ကင်ဆာဖြစ်ရပါသနည်း။

အယူအမှတ်၊ အစွဲအလမ်းအချို့ကား ကြောင်စီစီနိုင်သည်ဟု ထင်မြင်ပါသည်။ ကျွန်တော် အိမ်ထောင်ရက်သားကျပြီးသည်အထိ ဆံပင်ညှပ်ဆိုင်အားလုံးလိုလိုပင် တနင်္လာနေ့ကို ပိတ်တတ်ကြ၏။ ယခုခေတ်ယနေ့ကာလတွင်မတော့ ဆံသဆိုင်များပါမကဘဲ ဖြူးတီးဆလွန်းတွေပါ အလျှိုလျှိုပေါ်ပေါက်လာကြပြီဖြစ်ရာ "တနင်္လာနေ့တွင် ဆံပင်မညှပ်ကောင်း" ဟူသော အစွဲအလမ်းကြီးသည်လည်း ခေတ်ရေစီးကြောင်းကြီးထဲတွင် မျောပါနစ်မြုပ်သွားပြီ ဖြစ်ပါတော့သည်။

●

ကျွန်တော်နှင့် ကဗျာ

ကျွန်တော်သည် တက္ကသိုလ်ကျောင်းသို့ ရောက်ခါမှ မြန်မာစာကို နားလည်လာ၏။ အစကတော့ မြန်မာရှေးကဗျာများတွင် အဓိပ္ပာယ်မရှိသော စကားလုံးတွေ အများအပြားပါဝင်နေသည်ဟု ထင်မှတ်ခဲ့၏။ ထို့ကြောင့် ကျွန်တော်သည် ရှေးကဗျာကြီးများကို ဘယ်တော့မှ မဖတ်ချေ။ ဖတ်မိသရွေ့ကလည်း အဓိပ္ပာယ်တိတိကျကျသိသော စကားလုံးကား နည်းပါးလှ၏။ ဥပမာ ...

မဲဇာတောင်ခြေ၊ စီးတွေတွေတည့်၊ မြစ်ရည်ဝန်းလည်၊ မြိုင်တောဆီက ... ဟူသော ရတုစာပိုဒ်တွင် ကျွန်တော် နားလည်သည်မှာ ... မဲဇာတောင်ခြေ၊ စီး ... တည့်၊ မြစ်ရည်ဝန်းလည်၊ ... တော ... က။ ဤမျှသာ အဓိပ္ပာယ်တိတိကျကျသိ၏။ ကျန်တာတွေကို အလကားပုဒ်ပြည့်အောင် ထည့်ရေးနေသည်ဟု ထင်ခဲ့မိသည်။

တက္ကသိုလ်ရောက်၍ မြန်မာစာကို ဆည်းပူးမိမှ "တွေတွေ" ... ဟူသည်မှာ ... "အဆက်မပြတ် စီးဆင်းခြင်း" ...။

မြိုင် ... ဟူသည် ... "တော" ... ဟုဆိုသော ပေါရာဏစကား (ဝါ) သစ်ပင်တွေ များပြား မြိုင်ဆိုင်လျှက်ရှိသော တော။ "စည်" ဟူသည်ကား ... "ပေါများခြင်း" (ဝါ) "သစ်ပင်တွေ ပေါများခြင်း" ဟူသော အနက်အဓိပ္ပာယ်တွေ ရှိကြောင်းကို သိလာရသည်။ ထိုအခါ စောစောက စာပိုဒ်ကို ပြန်၍ ဖတ်သော် အဓိပ္ပာယ်အားလုံးကို ပြည့်ပြည့်ဝဝ နားလည်သွား၏။ ဤတွင် မြန်မာစာကို ကျွန်တော် အထင်ကြီးလာရသည်။ မြန်မာစာကို ကျွန်တော် မြတ်နိုးလာရသည်။

ဤသို့ဖြင့် ကျွန်တော်သည် မြန်မာစာပေတွင် မွေ့လျော်လာကာ အခြားဘာသာရပ်များကို မဖတ်တော့ဘဲ မြန်မာစာပေကိုသာ လောဘတကြီး ဖတ်ရှုခဲ့သည်။ နားမလည်သရွေ့ မေးမြန်းဖို့ရန် မြန်မာစာ ဌာနကြီး တစ်ခုလုံးအားကိုးရှိ၏။ ထိုအထဲတွင် အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်းသည် ကျွန်တော်၏နှိပ်စက်မှုကို အခံရဆုံးပုဂ္ဂိုလ်ကြီး ဖြစ်ခဲ့ပါ၏။ ကျွန်တော် မှတ်မိပါသေးသည်။ ဝန်ကြီးပဒေသရာဇာ၏ ပိန်းကောလေ့ရှင် အကြောင်းကို ဖွဲ့ဆိုထားသော ... "မိုးဦးကာလ၊ ချောင်းကျပြီဆိုလျှင်"... အစချီသော တျာချင်းကို ကျွန်တော် ဖတ်မိ၏။ ထိုတျာချင်းထဲတွင် "နဘူး ခက်ညိုကိုင်းညွတ်ယိုု၊ ပင်ကိုယ်နှီးသား ပေါင်းငယ်နှင့်လေး" ... ဟူသော အပိုဒ်ကို သွားတွေ့ရ၏။ "နဘူး" ... ဟူသော စကားလုံး၏ အဓိပ္ပာယ်ကို ကျွန်တော် မသိချေ။ ကျွန်တော်တို့လို အောက်သူ၊ အောက်သားများသည် နဘူးကို သိခဲပါ၏။

ထို့ကြောင့် ထုံးစံအတိုင်း ဆရာကြီးဦးလင်းကိုပင် ဆည်းကပ်ရပြန်ပါသည်။ ဆရာကြီးက ပြုံး၍ "မင်း ပေါရာဏတွေ၊ ပါဠိတွေ ခက်ခက်ခဲခဲ မေးမလားမှတ်တယ်။ နဘူးကို မေးတာကိုးကွ။ နဘူးဆိုတာ အပင်နာမည်ကွ။ မင်းတို့ အောက်အရပ်မှာ နဘူးပင်တို့၊ သန်းပင်တို့ကို ဘယ်သိကြပါ့မလဲ၊ မင်းက နဘူးကိုမေးတော့ ငါငယ်ငယ်က ဇာတ်ထဲက သီချင်းကလေး

သွားသတိရမိတယ်” ... ဟု အမိန့်ရှိသည်။ ဤတွင် ကျွန်တော်က တောင်းပန်၍ ဆရာကြီးက သူသတိရမိသော သီချင်းပိုဒ် ကလေးကို ဆိုပြ၏။ အောက်ပါအတိုင်း ဖြစ်ပါသည်။

“သန်းဒဟတ် ပိတောက်ကုက္ကို၊ ရေချိုနဘူးရုံ စခန်းမှာလ၊ မေပျို ဒူးတုန် ပန်းလှပေါ့၊ ခင်တန်းညာကြော့ ထိုမြေပြင်ဝယ်၊ ရှင်ထမ်းပါတော့... ကိုရွှေစင်ရယ်”

ဇာတ်မင်းသားနာမည်က ကိုရွှေစင် ဖြစ်ဟန်တူ၏။ ကျွန်တော်၏ အဘိုးနာမည်နှင့် တူနေ၍ ကျွန်တော် မှတ်မိသွား၏။ ဆရာကြီးသည် သီချင်းစာပိုဒ်ကလေးကို ပြန်၍ ရွတ်ဆိုပြသောအခါတွင် မျက်နှာမှာ ပြုံးပြုံး ကလေး ဖြစ်နေ၏။ လူသည် ငယ်စဉ်က အဖြစ်များကို ပြန်၍ ဖော်ထုတ် ရလျှင် ငယ်စဉ်ဘဝက ရှင်လန်းခဲ့ရမှုကလေးသည်လည်း တစ်ဖန်ကျော့၍ ရောက်လာတတ်သည်မှာ ဓမ္မတာဟု ဆိုရမလားမသိပါ။ ဤသို့ဖြင့် ကျွန်တော်သည် ရှေးကဗျာများတွင် စကားလုံးတိုင်းကိုသာ အဓိပ္ပာယ် အနက်ဖော်နိုင်ပါက အရသာ အပြည့်အဝခံစားလာရကြောင်းကို လက်တွေ့ သိရှိလာ၏။

အစက “အသားတော် ညိုပြာညက်ကယ်” ဟူသော စကားကိုသာ ကြားဖူးစဉ်က “ပြာ” ဟူသော စကားလုံးသည် “ညိုခြင်း၊ နက်ခြင်း” သဘောတို့ဖြင့် တွဲ၍သာ သုံးသည်။ ညိုခြင်း၊ နက်ခြင်း၊ စိမ်းခြင်း၊ စသည့် အဓိပ္ပာယ်သာ ရှိမည်ဟု ထင်ခဲ့၏။ သို့သော် “ဖြူပြာ၊ မူရာ၊ သူဇာ နေလို နတ်ကယ်” ဟူသော စကားတွင် အဖြူနှင့်တွဲ၍ သုံးထားသည်ကို တွေ့ရ သောအချိန်တွင် ကျွန်တော်မျက်စိလည်ရတော့သည်။ ထိုအခါ ဆရာဦးမောင်မောင်ကြီး၏ ပို့ချသွန်သင်မှုက ကျွန်တော်ကို ရှင်းလင်းစေ ပါသည်။

“ဒီနေရာမှာ “ပြာ” ဆိုတာက လတ်ဆတ်တာကို ဆိုလိုတယ်။

အသားဟာ ဖြူစင်လတ်ဆတ်နေတာကို ဖြူပြာလို့ သုံးတယ်၊ ဒီနေရာမှာ "ပြာ" က ညိုတာကို မဆိုလိုဘူး"

ကျွန်တော် ရှင်းလင်းရပါပြီ။ နောင်တွင် နတ်သျှင်နောင်၏ "ပြာစင်မွန်လတ်၊ ဖြူဝင်းမွတ်လျှင်" ဟူသော စာကို တွေ့ရသောအခါ မယ်၏ အသားသည် စင်ကြယ်ကောင်းမွန် လတ်ဆတ်၍ ဖြူဝင်းချောမွတ်လျက် ရှိသည်ကို အရသာအပြည့်အဝဖြင့် နားလည်ရပါတော့၏။ ဤတွင် ကျွန်တော့်အပေါ်၌ ရေးကဗျာတို့သည် ဩဇာလွှမ်းမိုးကြတော့သည်။ စကားလုံးအနက်တွေဖော်ရလွန်းသဖြင့် ရှာဖွေတွေ့ရှိရသည်များကို ပေထက်အက္ခရာကလည်း တင်လိုသေးသဖြင့် သွေးသောက်မဂ္ဂဇင်းတွင် "ဖြိုးဝေ" ဟူသော ကလောင်အမည်ဖြင့် "မြန်မာစကားလုံး မှတ်စုများ" ဟူသော ဆောင်းပါးများ ရေးသားခဲ့ဖူးပါသည်။

ရှေးကဗျာတွေ ဖတ်လွန်းသဖြင့် ရှေးကဗျာပုံစံကိုသာ အထင်ကြီးမိ၏။ ကဗျာတွေဖတ်လွန်း၍ ကိုယ်တိုင်ပင် ကဗျာစပ်ချင်လာသည်။ အင်းစိန်တွင် နေစဉ်အချိန်က ဖြစ်သည်။ တစ်နေ့တွင် မိုးကြီးသည်းထန်စွာ ရွာနေခိုက် အိမ်ပေါ်ထပ်ပြတင်းပေါက်မှ လမ်းဆီသို့ ကျွန်တော် ငေးမျှော်ကြည့်မိ၏။ မိန်းကလေးတစ်ယောက်သည် ထီးကလေးဖြင့် လေကြီးမိုးကြီးထဲတွင် လမ်းလျှောက်သွားနေ၏။ ပိန္နဲကုန်းဘက်သို့ ဦးတည်၍ သွားနေသည်။ အင်းစိန်သူ ဖြစ်ချင်မှလည်း ဖြစ်မည်။ ကျွန်တော် သူမကို မသိပါ။ ပိန္နဲကုန်းသို့ သွားခြင်းမဟုတ်ဘဲ ဘူတာရုံသို့ သွားခြင်းလည်း ဖြစ်ချင်ဖြစ်မည်။ ဒါကိုလည်း ကျွန်တော်မသိပါ။ ကျွန်တော် သိသည်ကတော့ မိန်းကလေးသည် ဆယ့်ခြောက်နှစ်နှင့် နှစ်ဆယ်ကြားလောက် ရှိမည်ဆိုခြင်း တစ်ချက်၊ ရေစိုရွှဲနေသည့် သူမ၏ ခြေဖျားအထိ မြင်ရသော ခန္ဓာကိုယ်နောက်ပိုင်းသည် လှပ၍ အာရုံကို ဆွဲဆောင်မှုရှိသည်ဆိုခြင်းတစ်ချက်၊ ဤနှစ်ချက်ကိုတော့ ကျွန်တော် ကောင်းကောင်းသိပါသည်။ များစွာသော

မိန်းကလေးတို့သည် သာမန်နေခြင်းထက် ရေစိုရွှဲနေလျှင် ပိုမို၍ လှပ တတ်သည်ကို သကြန်ပွဲတော်တွင် ပျော်ဖူးသူတို့ သိကြပါမည်။

အဆိုပါ မိန်းကလေးကို မြင်မိရာတွင် ကဗျာ၏ ဩဇာကလည်း လွှမ်းမိုးနေချိန်ဖြစ်၍ အောက်ပါဒွေးချိုးလေးကို ကောက်ရေးမိလိုက်၏။

"တိုးဧွကာ၊ မိုးဒေဝါ သူမသနားလို့၊ မေထားပေါ်လောင်း။
လှမပျက်ပါ၊ ဆထက်သာ ရုပ်ဝါတိုးတော့ မိုးရှက်ဖို့ကောင်း...။"

*

ကျွန်တော့် အသက်မှာ ထိုစဉ်က ၁၂ နှစ်ခန့်သာ ရှိသေး၍ အလှ မက်တုန်း အရွယ်ဖြစ်ပါ၏။

မိုးမင်းက မသနား၊ မညှာတာ သွန်းလောင်းလိုက်မှ မိန်းကလေး သည် ပို၍ပင် လှလာရသည်ဟု ကျွန်တော်က "ကရိ ... ကရိ ... မိုးဒေဝါ" ဟူသော ခေါင်းစီးဖြင့် ကဗျာဖွဲ့ခဲ့ပါ၏။ နောင်တွင် ငွေစာရင်းမင်းကြီးရုံး မဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြခဲ့ပါသည်။

ခရီးသည်

ခရီးစဉ်၊ တွေ့မြင်လိုက်သည်၊ တိမ်တိုက်ကောင်းကင်ပါတကား။
ခရီးဆုံး၌၊ မျက်နှာဆိုက်သည်၊ မည်းမိုက်မြေကြီးပါတကား။

ဤသို့သော သံဝေဂ ကဗျာလေးများကိုလည်း ရေးခဲ့ဖူး၏။ ရှေးရတု ကြီးများ၏ ဩဇာသက်ရောက်မှုကို အောက်ပါ ကဗျာလေးတွင် တွေ့ရပါ မည်။

* ငွေခြည်သာယာ၊ လရောင်ဝါ၌၊ မေပြာညက်မြွေ၊ ငါလျှင် ပွေ့သည် ပွေ့ရသို့။
* ရွှေရည်ဝါဝါ၊ သားနုလွှာကို၊ သာယာထိတွေ့၊ ငါလျှင်မွေ့သည်

မွေ့ရသို့။

* ဖြေဆည်ကာသာ၊ ယခုခါမူ၊ မေပြာညက်မြွေ၊ ငါ့ကိုမေ့သည် မေ့ရသို့။

နဝဒေးကြီး၏ ဩဇာများ သက်ရောက်နေကြောင်းကို ကောင်းကောင်းတွေ့ရပါမည်။ တစ်ဖန် "ဖြူသည်" ကိုပင် ရှေးစာဆိုများက "ဖြူရှူ" (ဝါ) "ဖြူရရှူ" ဟူ၍ ရေးတတ်ကြကြောင်းကို တွေ့ရပြန်၏။ "ထူးမခြားနား" သီချင်းထဲတွင်ပင် "ရွှန်းရရွှန်းလင်း" ဟူသော စာပိုဒ်ကို တွေ့နိုင်၏။ ထိုအခါ ကျွန်တော်၏ စိတ်တွင် "ဖြူရရှူ၊ ရွှန်းရရွှန်း" စသော စကားလုံးများ ကျက်စားလေတော့ရာ အောက်ပါ "ကြေးမုံ" အမည်ရှိ ကဗျာကလေး ပေါက်ဖွားလာရတော့၏။

* သင်းမှုန်မခြယ်၊ အာကာလယ်မှ၊ လနယ်မျက်ဝန်း ရွှန်းရရွှန်း။
* ပိတုန်းတောင်ပံ၊ မြရောင်လျှံသည်၊ မြက်ဆံရှည်ပျောင်း မောင်းရရောင်း။
* ချစ်မူဖြင့်ပြုံး၊ ချစ်ရောင်ဖုံးလျက်၊ မျက်လုံးလေးသည် ကြည်ရရည်။
* ရက်ရေတွင်ကျုံး၊ စန်းပျိုသုံးသို့၊ မျက်လုံးမျှင်သေး ကွေးရရွေး။
* စောမိနတ်ကြန်၊ ချစ်ဖွယ်ဖန်သည်၊ နှာတံကြော့ရှင်း စင်းရရင်း။
* ကျီးအာနှိုင်းတမ်း၊ မဲ့ဆေးကွမ်းလည်း၊ နုတ်ခမ်းချွေးချွေး တွေးရရွေး။
* ပီယဝါစာ၊ ရေမုခ်ကြာမှ နှုတ်သံသာချိုလှ မြရရ။

ဤကဗျာလေးကို မြန်မာခုနှစ် ၁၃၀၉ ခုနှစ်က "အိုးဝေ" မဂ္ဂဇင်းတွင် "ကြပ်ကလေး" ကလောင်အမည်ဖြင့်ပင် ဖော်ပြပါရှိခဲ့သည်။ အောက်ပါ "အဆင်သင့်" ဟု ခေါင်းစီးတပ်ထားသည့် ကဗျာလေးကို ကြည့်ပါဦး။ ရှေးကဗျာများ၏ ဩဇာအရှိန်အဝါ သက်ရောက်မှုကို တွေ့ရ ပါလိမ့်မည်။

* ချစ်၍ခေါ်သည်၊ ကြွတော်မူခဲ့၊ မငြင်းလှည့်နှင့်၊ ပျိုလဲ့သူဇာ၊ အိပ်ဖို့ ဌာလျှင်၊ သည်းညွှာဆင်သင့် ပြင်နှင့်ပြီ။

* ချစ်၍ခေါ်သည်၊ ကြွတော်မူခဲ့၊ မငြင်းလှည့်နှင့်၊ ပျိုလှဲ့ တို့ခေါက်၊ လမ်းကိုလျှောက်ရန်၊ ဦးနှောက်ဆင်သင့် ပြင်နှင့်ပြီ။
* ချစ်၍ခေါ်သည်၊ ကြွတော်မူခဲ့၊ မငြင်းလှည့်နှင့်၊ လွမ်းဘွဲ့တေးကြည်၊ နာလိုသည်မူ၊ မျက်ရည်ဆင်သင့်၊ ပြင်နှင့်ပြီ။
* ချစ်၍ခေါ်သည်၊ ကြွတော်မူခဲ့၊ မငြင်းလှည့်နှင့်၊ ပျော်ဘွဲ့တီးလုံး၊ နားဝယ်သုံးသော်၊ အပြုံးဆင်သင့် ပြင်နှင့်ပြီ။
* ချစ်၍ခေါ်သည်၊ ကြွတော်မူခဲ့၊ မငြင်းလှည့်နှင့်၊ ပျိုလှည့်ပြန်ဘိ၊ ဖော်မရှိသော်၊ သတိဆင်သင့် ပြင်နှင့်ပြီ။

(၁၁.၁၂.၁၉၄၉)

ဤကဗျာကိုကား ယခင်က ပုံနှိပ်ဖော်ပြခြင်း မပြုဖူးသေးပါ။ ဤသို့ဖြင့် ကျွန်တော်၏ စိတ်ကို ရေးကဗျာတွေက ကြီးစိုးခဲ့ပါ၏။ သို့ရာတွင် ကျွန်တော်၏ ဘဝကိုကား ဟာသက ကြီးစိုးနေ၏။ ကဗျာတွေကို "သူ" ဟူသော ကလောင်အမည်ဖြင့် အနည်းငယ် ရေးခဲ့၏။ နာမည်မထင်ရှားချေ။ ဤအခိုက်တွင် ဟာသ၏ တောင်းဆိုချက်ဖြင့် "ဖိုးထောင်" ကလောင်အမည်ဖြင့် ဟာသကဗျာတွေကိုရေးလိုက်ရာ လူတွေကြိုက်ကြ၏။ (ကာတွန်း ဖိုးထောင်သည် ကျွန်တော် မဟုတ်ပါ)။ ဥပမာ အောက်ပါကဗျာသည် "ဖိုးထောင်" ကလောင်အမည်ဖြင့် ပုံနှိပ်ခဲ့ပြီးသော "သိုးဆောင်းမေ" အမည်ရှိ ကဗျာဖြစ်ပါသည်။ (၂၇.၉.၁၉၅၀) က ရေးခြင်း ဖြစ်၍ ထိုစဉ်က ရိုးကုမ္ပဏီတိုက် ရှိခဲ့ပါသည်။

* ကပိုကရို၊ နီညိုညို့နှင့်၊ ဆံတိုဂုတ်ဝဲ၊ အလှခဲရယ်၊ ကံမွဲငါ့အား ချစ်ပါလား ... ဟင်။
* ကွေးကွေးဝိုက်ဝိုက်၊ မိုးတိမ်တိုက်မှ "ဘရိုက်ရိုန်းဘိုး" သက်တံမျိုးသို့၊ ချစ်နိုးစဖွယ်၊ မျက်လုံးနွယ်နှင့်၊ ငါ့ဝယ်သနား၊ ချစ်ပါလား ... ဟင်။

* နီလာရောင်လို၊ မဲနယ်လိုနှင့်၊ ရွှင်ချိုဝိုင်းဝိုင်း၊ လုရည်ဆိုင်းသည့်၊ "စကိုင်းဘလူး' မျက်လုံးပြူးနှင့်၊ ကြော့မှူးသက်ထား၊ ချစ်ပါလား ... ဟာ၊။

* သွင်သွင်သွက်သွက်၊ ငါပြောလျက်ပင်၊ တစ်ချက်ငါ့အား၊ ပြန်ကြားမပြော၊ ငေးမောလျက်သာ၊ နေလေပါသော်၊ ငါလည်းစိတ်တို၊ ဒေါသပို၍ "ဟင် ... အို ... ငါ ... တယ် ..."၊ လှုပ်ကိုင်တွယ်သော်၊ ငါ့ ဝယ်ပန်းဟိုက်၊ ရက်စိတ်လှိုက်သည် ရိုးတိုက်ထဲက ဗိုလ်မရုပ်။ ။

ဤအချိန်မှစ၍ ကျွန်တော့် ဘဝတွင် ဟာသတွေ ကြီးစိုးလေတော့ရာ "စာပေလောက" ကိုလည်း ရေးသားချိန် ရောက်လာသည်တွင် ကျွန်တော့်တွင် ရေးသြဇာလွှမ်းမိုးသော "အောက်အော့(ဖ်)ဒိတ်" ကဗျာများကွယ်ပျောက်ကုန်ကာ ဟာသကဗျာတွေချည်း ကွန့်မြူးပါတော့သည်။ "ချိုးနှစ်ကောင် ထနောင်းပင်ညီနောင်က" အစရှိသော ရေးကဗျာကို ကြားဖူးကြပါလိမ့်မည်။ ကျွန်တော့်အတွေးထဲ ရောက်လာသောအခါတွင် အကယ်၍များ ဖိုးတောင်သူသည် ချိုးကူသံကို မကြည်နူးဘဲ နားငြီးသည်ဆိုလျှင် ဘယ်လိုဖြစ်မလဲ ဟူသော အတွေးရှုထောင့်က ဝင်လာတော့၏။ ဤတွင် လက်ရာမြောက်လှပါသော အောက်ပါ ကဗျာလေးကို စပ်မိပါတော့သည်။

* ချိုးနှစ်ကောင်၊ ထနောင်းပင် ညီနောင်က၊ လွှမ်းအောင်ကူချွဲ။

* ဖိုးတောင်သူ၊ နားတွေအူ စိတ်တွေညစ်တော့၊ ပစ်ပေါ့ ... အုတ်ခဲ။

သဘာဝပို၍ကျသည်ဟု ကြံဖန်ချီးကျူးလျှင်တော့ ကျေးဇူးတင်ပါ၏။ ယခုကာလ ကဗျာလေးတွေသည် ခေါင်းစည်းပါထည့်စဉ်းစားမှ အဓိပ္ပာယ်ပြည့်စုံသည်ကို တွေ့မြင်မိသောအခါတွင် ကျွန်တော်သည် အောက်ပါကဗျာလေးကို ရေးမိ၏။

သစ္စာတရား

* ရေစည်သံပတ်၊ သင်ဝါးလတ်သော်၊ ဆတ်ဆတ်မာကျောနေလိမ့်မည်။

သံပြားကို ဝါးကြည့်လျှင် မာကျောနေမည်ဟူသော အမှန်တရားကို တွေ့ရမည်ဟု ဆိုလိုခြင်း ဖြစ်ပေ၏။

သဖင်သည် တော်ဝင်သလို ကဗျာလည်းဆန်ပါ၏။ ထို့ကြောင့် ကဗျာဆရာတွေ သဖင်ကို သီပ်ဖွဲ့ကြသည်။ စာသီပ်ဖွဲ့ကြ၍ မိန်းကလေးတွေက သိပ်ပန်ဆင်ကြသော် တောရွာက လူတွေအတွက် သဖင်နှင့် နီးစပ်၍ မထောင်းသာသော်လည်း မြို့က လူတွေအတွက်မူ သဖင်ပန်းများကို ဈေးကြီးပေးဝယ်ရ၏။ ဤတွင် မောင်မောင်တို့၏ ပိုက်ဆံအိတ်ကို ထိခိုက်လာရသည်။

ဤအဖြစ်ကို ကျွန်တော်သည် အောက်ပါအတိုင်း ကဗျာဖွဲ့ခဲ့ပါသည်။

ပန်းသဖင် ...
ဆံကေတွင်၊ မောင်ပန်ပေးတော့
ခင်လေး ပျော်၏။
မြို့အလယ် ...
ပန်းမကြွယ် ... အဝယ်ခက်တော့ ...
မောင်ဘတ်ဂျက်ထိ။ ။

ကျွန်တော်၏စိတ်ထဲတွင် ရှေးကဗျာများနှင့် ဟာသတို့သည် ရောထွေးယှက်တင်နှင့် နပန်းလုံးကြလေတော့ရာ အောက်ပါရတုပိုဒ်စုံ တစ်ပုဒ် ပေါ်ထွက်လာရလေတော့သည်

"သွေးနှင့်ရေးသော ကဗျာတစ်ပုဒ်"

* လဆန်းခါစ၊ ရှင်ပျပျနှင့်၊ လခထုတ်၍၊ သုတ်သုတ်ပြန်လာ၊

ဘတ်(စ်)ကားမှာလည်း၊ နေရာပြည့်ကြပ်၊ လူညှပ်မိခိုက်၊ ခါးပိုက်နှိုက်ကို ခံလိုက်ရကား၊ အိမ်ရောက်ငြားချ်၊ သက်ထားနတ်မိ၊ ကျိုးကြောင်းသိသော်၊ ရိုက်ဘိသည်လည်း ဖိနပ်နှင့်။

* စပတ်ကလင်း၊ ဝင်းဝင်းပြောင်လက်၊ ရော်ဂျက်နိုင်လွန်၊ လှမျိုးပွန်အောင်၊ ကျွန်မဝတ်လို၊ သူကဆိုသော်၊ အို ... အို ဘယ်နှာ၊ ငါ့လစာကား၊ ပြေးလာရေတွက်၊ ခြောက်ပြားဝက်တည်း၊ မသက်မသာ၊ ငါ့မှာတားမိ ဟန့်သည်ရှိသော်၊ ကိုက်ဘိသည်လည်း ပါးစပ်နှင့်...။

* ကသုတ်ကရက်၊ စိတ်ပျက်ပျက်နှင့်၊ ထွက်မိထွက်ရာ၊ ဝေးကမ္ဘာသို့၊ ပြေးပါချေအံ့၊ မတုံ့မတည်၊ စိတ်ကြံစည်နှင့်၊ ဆွေသည်လှဲ့လှဲ့၊ လှမျိုးပဲကို၊ ထားခဲ့အိမ်မှာ၊ တစ်ယောက်ငါတည်း၊ မျက်နှာငိုက်စိုက်၊ လျှောက်လာခိုက်ဝယ်၊ တိုက်မိသည်လည်း ထရပ်နှင့် ...။

(မှတ်ချက်) စပတ်ကလင်းနိုင်လွန်၊ ရော်ဂျက်နိုင်လွန်များသည် ထိုစဉ်ကာလ ခေတ်စားနေသော မိန်းမဝတ်အင်္ကျီစများ ဖြစ်ပါသည်။

ဤကဗျာလေးကို ၁၉၆၂ ခုနှစ် ငွေစာရင်းမင်းကြီးရုံး နှစ်ပတ်လည်မဂ္ဂဇင်းတွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ရှေးပုံစံဖြင့် စပ်ဆိုထားသော ဟာသကဗျာပင်တည်း။ အောက်ပါ ကဗျာကလေးကား ယခုခေတ်ပုံစံဖြစ်သဖြင့် ခေါင်းစည်းကိုပါ ထည့်သွင်းစဉ်းစားမှ အဓိပ္ပာယ် ပြည့်စုံမည် ဖြစ်ပါ၏။

သစ္စာမဲ့ခြင်း

ကိုသစ္စာသည် ...
သံပုရာသီးကို ဝါးမိ၏။
နောက်တစ်ဖန်သော် ...
ပဲကြီးလှော်ကို ဝါးမိ၏။ ။

ဤသို့သော ကဗျာများကို ရေးခဲ့ရလေသောအခါတွင် ကျွန်တော်

တွေးမိပါ၏။ ငယ်စဉ်အခါက မြန်မာစာ ဆရာကြီး ဦးလင်းထံတွင် ရတုပိုဒ်စုံတစ်ပုဒ်ရေး၍ "အပြစ်ပြ ဆုံးမပါ" ဟု အဆုံးအမခံခဲ့၏။ ဆရာကြီးက အပြစ် ကြီးကြီးမားမားမရှိ၊ သတ်ပုံသတ်ညွှန်း မညီသော အပြစ်သာရှိ၏ဟု ထောက်ပြခဲ့၏။

အထက်တွင် ရေးသားခဲ့သော ဟာသကဗျာများကို ပြသ၍ အဆုံးအမခံရလျှင်ကား ဆရာကြီးက အနည်းဆုံး ခုနစ်ကြိမ်လောက် ဖနောင့်ဖြင့် ပေါက်၍ ဆုံးမခြင်းကို ခံရဖွယ်ရှိလေစွဟု တွေးတောမိခြင်း ဖြစ်ပါလေတော့သတည်း ...။

●

မြန်မာစာတွင် လင်းခဲ့စဉ်က

ဤစာသည် ဟာသမဟုတ်ကြောင်းကို ရှေးဦးစွာ စကားပလ္လင်ခံလို ပါသည်။ ကျွန်တော်၏ ဘဝတစ်ကွေ့မှ မှတ်တမ်းကလေးသာ ဖြစ်ပါ သည်။

ဖြစ်ချင်တော့ ကျွန်တော်သည် ၁၉၈၅ ခု၊ ဒီဇင်ဘာလ ၂၄ ရက် (အင်္ဂါနေ့) ညဦးပိုင်းတွင် စာပေဟောပြောရန် ကြည့်မြင်တိုင်မြို့နယ်၊ ကျောင်းကြီးလမ်း မြို့နယ်အားကစားခန်းမသို့ ရောက်ခဲ့ပါသည်။ ကြည့်မြင် တိုင်မြို့နယ် စာပေလုပ်သားအဖွဲ့မှ ပြုလုပ်ကျင်းပသည့် ဆဋ္ဌမအကြိမ် မြောက် စာဆိုတော်နေ့ အထိမ်းအမှတ်စာပေဟောပြောပွဲ ဖြစ်၏။

ထိုစာပေ ဟောပြောပွဲတွင် ကျွန်တော်သည် ပြောလေ့ရှိသည့်အတိုင်း ပင် လှိုင်ထိပ်ခေါင်တင်မင်းသမီး၏ အလင်္ကာ ပြောင်မြောက်လှပုံတို့ကို "စိန်ခြူး ကြာညောင်" ဘောလယ်၏ ပထမနှင့်ဒုတိယ အပိုဒ်တို့ကို သာကေပြုကာ အကျယ်တဝင့် တင်ပြဆွေးနွေးပါသည်။ ဟောပြောပြီး၍ စင်မြင့်ပေါ်က ဆင်းလာသော အခါတွင် ကျွန်တော်၏ နောက်တွင်ဆက်၍

ဟောမည့် ဆရာကြီး ဦးဆန်းထွန်းက ကျွန်တော့်ကို သူ့နားခေါ်ကာ ကျောသပ်၍ ချီးကျူးစကား ပြောပါသည်။ ယခုဟောပြောချက်ကို သူ အလွန် နှစ်ခြိုက်ကြောင်း၊ သူသည် ကျွန်တော်၏ စာများကို ဖတ်သော စာဖတ်ပရိသတ်ဖြစ်ကြောင်း၊ ကျွန်တော်သည် ဟာသတွေ ရေးနေသော်လည်း ပညာမသေးသည်ဟု အခြားသူများကို ပြောရကြောင်းများ ပါဝင်ပါသည်။

ပညာရှိသူ၏ ချီးကျူးခြင်းခံရသည်မှာ ဤအကြိမ်သည် ဒုတိယ အကြိမ် ဖြစ်ပါ၏။

ကျွန်တော် လေးစားကြည်ညိုရပါသော ပုဂ္ဂိုလ်က ကျွန်တော့်ကို ချီးကျူးခြင်းကိုခံရသောအခါတွင် ကျွန်တော်သည် မျက်ရည်များ လည်အောင် ခံစားရမိပါသည်။ ဆရာဦးဆန်းထွန်း၏ချီးကျူးမှုကို လက်အုပ်ချီ ခံယူရင်း ပထမအကြိမ် ပညာရှိတစ်ဦး၏ ချီးကျူးခြင်းကို ခံခဲ့ရစဉ်က ဝေဒနာကိုလည်း ပြန်လည်၍ သတိရခံစားမိပါသည်။

ဆရာကြီး ဦးဆန်းထွန်းက ကျွန်တော့် စာများကို နှစ်သက်၍ ကျွန်တော်နှင့်တွေ့ဆုံပြီး ဟောပြောချက်ကို နားထောင်ချင်သကဲ့သို့ပင် ကျွန်တော်ကလည်း ဆရာကြီး၏ ပညာကို အထူးအားကျ လေးစားသူ ဖြစ်သည့်အလျောက် ဆရာကြီးကို တွေ့ဖူးမြင်ဖူးချင်သည်။ ဆရာကြီး၏ ဟောပြောချက်များကို အထူးနာခံလိုလှပါသည်။ နှစ်ဦးစလုံး၏ ဆန္ဒသည် ဤပွဲတွင် မမျှော်လင့်ဘဲ ပြည့်ဝသွားရပါ၏။

တစ်ဖန် မမျှော်လင့်သည့် ကိစ္စကြီးနှင့် ကြုံကြိုက်ရ ပြန်ပါတော့ သည်။

ထိုဟောပြောပွဲတွင် သဘာပတိ ပြုလုပ်သူကား ကြည့်မြင်တိုင်မြို့ နယ် စာပေလုပ်သားအဖွဲ့ ဥက္ကဋ္ဌ ဦးလေးမြိုင် ဖြစ်၏။ ပွဲပြီးသောအခါတွင် သူက ကျွန်တော့်အပါးချဉ်းကပ်ကာ ယခုမှ စတင်မြင်ဖူးကြသည့်အဖြစ်ကို

ပင် မေ့လျော့ပြီး အထူးပင် ရင်းရင်းနှီးနှီး စကားပြောသည်။ ကျွန်တော့် ရင်ထဲတွင်လည်း ကွဲကွာနေသော မိတ်ဟောင်းဆွေဟောင်း တစ်ဦးကို တွေ့ရသကဲ့သို့ ရင်းနှီးမိပါသည်။

ဆရာ၏ 'ဗုဒ္ဓ၏ ဥပမာတစ်ထောင်' အစရှိသော စာများကို ကျွန်တော် ဖတ်ဖူးကတည်းက ဆရာ့ကို ကျွန်တော် လေးစားပါသည်။ သို့သော် သူ့အနေဖြင့် ကျွန်တော်၏ စာများကို ဂရုတစိုက် ဖတ်မည်ဟု တော့ လုံးဝမမျှော်လင့်ခဲ့ပါ။ သို့ဖြစ်သောကြောင့် ထိုညတွင် ကျွန်တော့်ကို သူပြောစကားများသည် လုံးဝမမျှော်လင့်ခဲ့ပါသော စကားများ ဖြစ်ပါ၏။

"ဆရာ့ စာပေါလောကကို ကျွန်တော် ဂရုစိုက်ဖတ်ပါတယ်။ ကျွန်တော်နဲ့ ကြုံကြိုက်သမျှ လူတွေကို ပြောပါတယ်၊ ဆရာ ကြပ်ကလေးဟာ ရယ်စရာတွေ ရေးနေပေမဲ့ မြန်မာစာကို နက်နက်နဲနဲတတ်ပြီး အလွန် လေးစားမြတ်နိုးသူဖြစ်တာ သူ့စာတွေထဲမှာ တွေ့ရတယ်လို့ ပြောပြရပါတယ်။ ဒီည ဆရာဟောပြောတဲ့ စိန်ခြူးကြာညောင်အဖွင့်ဟာ မြန်မာစာရဲ့ တန်ဖိုး မြင့်လှပုံတွေ ထင်းကနဲ မြင်ရတယ်၊ ဒါမျိုးတွေများများ ဟောပြောပါ ဆရာ"

သူက ခရီးကြုံသဖြင့် ပြန်လိုက်ပို့သည့် မော်တော်ကားပေါ်အထိ စကားပြောရာ ဆရာဦးဆန်းထွန်း ချီးကျူးစဉ်က ကျွန်တော့် ရင်ထဲတွင် ပေါ်ပေါက်ခဲ့သည့် ပထမဆုံးအကြိမ် ပညာရှိ၏ ချီးကျူးမှုခံရ၍ ဖြစ်ပေါ်လာသော ပီတိကို ပြန်လည်သတိရမိ၏။

ထို့ကြောင့်ပင် ကျွန်တော်သည် လွှတ်ခနဲ ပြောလိုက်သည်။

"မြန်မာစာကို တန်ဖိုးထားမြတ်နိုးဆို ကျွန်တော်က အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်းထံ တပည့်ခံဆည်းပူးဖူးတာကိုး"

ကျွန်တော်က ဤသို့ လွှတ်ကနဲ ပြောကြားလိုက်သောအခါတွင် ဆရာဦးလေးမြိုင်သည် ဖျတ်ခနဲ ဖြစ်သွား၏။

"ဟုတ်လား၊ ပြောပါဦး ဆရာ"

သူက လှုံ့ဆော်ပေးသဖြင့် ကျွန်တော်သည် တက္ကသိုလ် ကျောင်းသားဘဝတွင် ဆရာကြီး ဦးလင်းနှင့် ဆုံဆည်းခဲ့ရသည်နှင့် စာမေးပွဲ တစ်နှစ် အကျခံကာ ဆရာကြီးထံပညာတွေရသရွေ့ ဆည်းပူးခဲ့ကြောင်းများကို ပြန်၍ ပြောပြ၏။

"ဟာ ... ဆရာ အဲဒါတွေကို ရေးစမ်းပါ ဆရာရယ်၊ အင်မတန် အဖိုးတန်တဲ့ မှတ်တမ်းတစ်ခု ဖြစ်လာမယ်လို့ ကျွန်တော် ထင်ပါတယ်။ ဆရာ့ စိတ်တိုင်းကျ မှတ်မိသလောက် ရေးစမ်းပါ"

သူက အထပ်ထပ် တိုက်တွန်း၏။ သူတိုက်တွန်းမှ ကျွန်တော် တွေးမိသည်။ ယခင်က ဤသို့ မှတ်တမ်းတင်ရန် စိတ်ကူးမရှိခဲ့ပါ၊ မှန်လေစွ။ အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်းနှင့် ကျွန်တော် တွေ့ကြုံရသော အတွေ့အကြုံများကို မှတ်တမ်းတင်ရလျှင် ဖတ်ရှုသူများ အကျိုးများနိုင်ဖွယ်ရာ ရှိကြောင်း ကျွန်တော်လည်း သဘောတူပါသည်။

ထို့ကြောင့် ဤစာလေး ဖြစ်ပေါ်လာရခြင်း ဖြစ်သတည်း။

*

ဒုတိယကမ္ဘာစစ်ကြီးကြောင့် ကျွန်တော်၏ ပညာရေးသည် ထိခိုက်ရပါသည်။ ဂျပန်ခေတ် ကုန်ဆုံး၍ အင်္ဂလိပ်များ ပြန်လည်ဝင်ရောက်ပြီးသည့် အချိန်တွင် ကျွန်တော့်မှာ အင်းစိန်မြို့ အစိုးရ အထက်တန်းကျောင်းတွင် ရှစ်တန်းကိုသာ တက်ခွင့်ရပါ၏။ အသက်မှာ ၁၈ နှစ်ခန့် ရှိပါပြီ။

သို့ဖြစ်၍ စိတ်မချမ်းမသာ ဖြစ်နေရဆဲတွင် ၁၉၄၆ ခုနှစ်တွင် မက်ထရစ်စာမေးပွဲ ကျင်းပမည်ဖြစ်ကြောင်း၊ ထိုစာမေးပွဲအောင်လျှင် တက္ကသိုလ် တက်ရမည် ဖြစ်ကြောင်း၊ ထိုစာမေးပွဲကို အသက် ၁၆ နှစ်ပြည့်ပြီးသူတိုင်း ဖြေဆိုခွင့်ရှိကြောင်းနှင့် အင်းစိန်မြို့ အထက်တန်းကျောင်း အုပ်ဆရာကြီး ဦးညီစိန်က ကျွန်တော့်ထံ အကြောင်းကြားခဲ့ပါသည်။

ဤတွင် ကျွန်တော်သည် လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ စစ်ပြီး ခေတ် ပထဆုံး မက်ထရစ်စာမေးပွဲကို ဖြေရန် လုံးပန်းရတော့၏။ ထိုစာမေး ပွဲတွင် အင်္ဂလိပ်စာ၊ မြန်မာစာတို့တွင် ပြဌာန်းစာအုပ်ဟူ၍ အထူးမရှိဘဲ မှီငြမ်းပြုရသည့် စံပြစာအုပ်များသာ ရှိခဲ့ပါသည်။ အထွေထွေသဘော မေးမည်သာ ဖြစ်၏။ ထို့ကြောင့် ပို၍ ဂရုစိုက်လုံးပန်းရပါ၏။

ယင်းသို့ လုံးပန်းရင်းဖြင့် မြန်မာစာပေ၏ နက်နဲပုံကို ပထမဆုံး အကြိမ် ရင်ဆိုင်တွေ့ရသည်။ ကျွန်တော့်ကို မျက်စိဖွင့်ပေးလိုက်သူကား အင်းစိန်မြို့ အစိုးရ အထက်တန်းကျောင်းမှ အထက်တန်း မြန်မာစာပြ ဆရာ ဆရာကြီး ဦးဘိုးမြပင် ဖြစ်ပါပေ၏။

ကျွန်တော်သည် မြန်မာစာနှင့် ပတ်သက်၍ အဆုံးအမကို ခံယူရန် ဆရာဦးဘိုးမြ၏ နေအိမ်သို့ ဦးပုညဝတ္ထုပေါင်းချုပ်စာအုပ်ကို ကိုင်ကာ ရောက်ခဲ့သည်။ ဆရာကြီးသည် သူကိုယ်နှိုက်က စာအုပ်ကို မကိုင်ဘဲ ကျွန်တော့်ကိုသာ ဆဒ္ဒန်ဆင်မင်းဝတ္ထုကို ဖွင့်စေ၏။

ပြီးသော် "ဘယ်အပိုဒ်ကစပြီး ဘယ်နေရာအထိ ဘေးက မဝုရတာ ဂုဏ်လို့ မှတ်ထား၊ ဘယ်နေရာက စပြီး ဘယ်နေရာအထိ ဟာသရသ လို့ မှတ်ထား" စသည်ဖြင့် ဦးပုညဝတ္ထုထဲမှ ဂုဏ်များ၊ ရသများ မြောက် သော အပိုဒ်တွေကို ထုတ်ပြလေရာ ဆဒ္ဒန်ဆင်မင်းဝတ္ထုတစ်ပုဒ်လုံးလိုလိုပင် ဂုဏ်ရသများ မြောက်လှကြောင်းကို ကျွန်တော်သည် မျက်ဝါးထင်ထင် တွေ့မြင်ရပါတော့သည်။

တက္ကသိုလ် ဥပစာ အထက်တန်းစာမေးပွဲတွင်လည်း ဦးပုညဝတ္ထု ပေါင်းချုပ်သည် ပြဌာန်းစာအုပ် တစ်အုပ်ဖြစ်ခဲ့ရာ ဆရာကြီး ဦးဘိုးမြ၏ သင်ကြားပို့ချမှုသည် ထိုစာမေးပွဲအထိ အထောက်အပံ့ ရခဲ့ပါသည်။

ထိုစဉ်မှစ၍ ကျွန်တော်သည် မြန်မာအလင်္ကာ ပေတံဖြင့် တိုင်းတာ ၍ မြန်မာစာပေ၏တန်ဖိုးကို ဖြတ်ရကြောင်း အနည်းငယ် သိလာရပါ

တော့၏။

၁၉၄၆ ခုနှစ်တွင် ကျင်းပသော စစ်ပြီးခေတ် ပထမဆုံး မက်ထရစ် စာမေးပွဲကိုအောင်မြင်ကာ ကျွန်တော်သည် ယောင်ပေယောင်ပေနှင့် ရန်ကုန်တက္ကသိုလ်သို့ ရောက်ခဲ့ပါသည်။ ထိုစဉ်က ကျွန်တော် မက်ထရစ် စာမေးပွဲကို ဝင်ရောက်ဖြေဆိုခဲ့ရာတွင် ရွေးချယ်ခဲ့သည့် ဘာသာရပ်များမှာ အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ၊ ရာဇဝင်နှင့် ပါဠိဘာသာရပ်များ ဖြစ်ပါသည်။ ပထမဆုံး ဘာသာရပ်များမှာ မဖြေမနေရ ဘာသာရပ်များဖြစ်၍ နောက်ဘာသာရပ်နှစ်မျိုးမှာ မိမိသဘောအရ ရွေးချယ်ခွင့်ရှိသော ဘာသာရပ်များ ဖြစ်ပါသည်။ ကျွန်တော် ပါဠိဘာသာ လာရောက်ဖြေချိန်တွင် စုစုပေါင်း ဖြေဆိုသူများမှာ ကျွန်တော် အပါအဝင် လေးယောက်သာ ရှိခဲ့၏။ စာမေးပွဲစောင့်သူမှာ ထိုစဉ်က ရန်ကုန်တက္ကသိုလ် ပါဠိဘာသာ ပါမောက္ခဆရာ ဦးလှအောင် ဖြစ်ပါသည်။

မက်ထရစ် စာမေးပွဲအောင်၍ ရန်ကုန်တက္ကသိုလ်သို့ ရောက်သော အခါတွင် ကျွန်တော်သည် စိတ်ကြိုက်ဘာသာရပ်အတွဲအနေဖြင့် စိတ်ကြိုက် မြန်မာစာ၊ ပါဠိနှင့် ရှေးဟောင်းရာဇဝင် ဘာသာရပ်များကို ယူခဲ့ပါသည်။

ဤတွင် ကျွန်တော်သည် စိတ်ကြိုက်မြန်မာစာသင်ချိန်၌ မြန်မာစာ ၏ ခက်ခဲနက်နဲပုံ၊ ချစ်စရာကောင်းပုံ၊ လေးစားမြတ်နိုးဖွယ်ကောင်းပုံများကို ရင်ဆိုင်တွေ့ရပါတော့၏။

ထိုစဉ်က ကျွန်တော် ဆည်းကပ်ခဲ့ရသော မြန်မာစာ ဆရာများကို မှတ်မိသရွေ့ ဖော်ပြရလျှင် ဦးဝန် (မင်းသုဝဏ်)၊ ဦးတိုးအောင် (ကုသ)၊ ဦးစံထား၊ ဦးဘသောင်း (မောင်သုတ) ဦးမောင်မောင်ကြီး (ကြီးမြင့် သို့မ ဟုတ် တက္ကသိုလ် မောင်မောင်ကြီး)၊ ဦးကျော်ရင်၊ ဒေါ်သန်းဆွေတို့ ဖြစ်ကြ ပါသည်။ ခဏတဖြုတ်အားဖြင့် ဆရာကြီး ဟံသာဝတီ ဦးဘရင်နှင့်

အဂ္ဂမဟာပဏ္ဍိတဆရာကြီး ဦးလင်းတို့၏ သင်ကြားပို့ချမှုကိုလည်း ခံခဲ့ရပါသည်။ ပါမောက္ခ ဆရာကြီး ဦးဇမောင်၏ သင်ကြားမှုကိုကား ဘီအေ အထက်တန်းရောက်မှ ရရှိခဲ့ပါသည်။

အထက်ပါ ဆရာများက မျက်စိဖွင့်ပေးလိုက်သဖြင့် ကျွန်တော်၏ မြန်မာစာပေ မျက်စိမှာ ပွင့်၍ ကျယ်ဝန်းလာရပါ၏။

ဥပမာအားဖြင့် ဖော်ပြပါမည်။

'ပြာ' ဟူသော စကားလုံးသည် သာမန်အားဖြင့် မည်းခြင်း၊ ညိုခြင်းကို ဖော်ပြပါ၏။ 'ညိုပြာညက်' ဟူသော စကားလုံးတွင်ပါသော 'ပြာ' ၏အနက်အတိုင်းပင်တည်း။

သို့သော် 'ဖြူပြာမှုရာ' ဟူသော စကားလုံးမှ 'ပြာ' သည်ကား ညိုမောင်းခြင်းကို ဖော်ပြခြင်း မဖြစ်နိုင်တော့ချေ။ ဤ 'ဖြူပြာ' ဟူသော စကားလုံးမှ 'ပြာ'သည်ကား 'လတ်ဆတ် လန်းဆန်းခြင်း' ဟူသော အနက်ကို ရသည်။ ကျွန်တော်သည် ဤသို့သော သင်ကြားပို့ချမှုကို ရသည်တွင်မှ နတ်သျှင်နောင်၏ 'ပေါ်နွေလလျှင်' ချီရတုတွင် 'ပြာစင်မွန်လတ်၊ ဖြူဝင်းမွတ်လျှင်' ဟူသော အပိုဒ်များထဲမှ 'ပြာ' ဟူသော စကားလုံးကို ဘဝင်ကျကျ အနက်ကောက်၍ ရပါတော့၏။

ဤသို့ပင် မြန်မာကဗျာ၊ လင်္ကာတို့ကို တစ်လုံးစီနားလည်လျှင် အဓိပ္ပာယ်ကို ပြည့်စုံ၍ အရသာ ပိုရှိလာကြောင်းကို တက္ကသိုလ်ရောက်မှ ကျွန်တော် သိရှိရပါသည်။ အမိတက္ကသိုလ်၏ ကျေးဇူးသည် မြန်မာစာနှင့် ပတ်သက်၍ ကျွန်တော့်အပေါ်တွင် လွန်စွာ ကြီးမားပါ၏။

ဤမျှသာမက မြန်မာမှုတွင် တန်ခူး၊ ကဆုန်စသော လများကို စန်းယှဉ်နက္ခတ်များအားဖြင့်လည်း ဖော်ပြသည်။ ရာသီခွင်အားဖြင့်လည်း ဖော်ပြသည်။ ထိုမျှသာမက ရာသီပန်းများအားဖြင့်လည်း ဖော်ပြတတ်ပါပေသည်။ ယင်းသို့ သိလေသောအခါတွင်မှ ကျွန်တော်သည် နတ်သျှင်

နောင်၏ 'မျှော်ချေကလျှင်၊ ကာကလအလျောက်၊ ပိတောက်လျှံကဲ ရွှေရည်စွဲက၊ ပုလဲငုံသွယ်၊ အလှယ်လှယ်တိ၊ စံပယ်ဖြူဖွေး၊ စံကားသေးကို၊ မြတ်လေးစုံမက်၊ ကျွန်ုပ်လက်ဖြင့် ရွေးလျက်ရွရွ၊ မဆင်ရတည့်'ဟူသော အပိုဒ်များထဲတွင် တန်ခူးလ၊ ကဆုန်လ၊ နယုန်လတို့သည် ငုပ်လျှိုးပါဝင်သွားကြောင်းကို သတိမူမိပါတော့၏။

မြန်မာစာကို နားလည်လာလေလေ၊ ချစ်မြတ်နိုးရကောင်းမှန်းသိလာလေလေ ဖြစ်ရပါသည်။ ဤတွင် ကျွန်တော်သည် အချိန်ရရိုက် မြန်မာစာကို ဆည်းပူးပါတော့မည်ဟု စိတ်ပိုင်းဖြတ်လိုက်မိ၏။ ဆရာများထဲတွင် ကြုံသလို ချဉ်းကပ်တီးခေါက်ကြည့်မိသည်။

ကျွန်တော် အနှစ်သက်ဆုံးသော ပုဂ္ဂိုလ်ကား အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်းပင် ဖြစ်ပါတော့သည်။ သို့ဖြင့် ကျွန်တော်သည် ဆရာကြီး ဦးလင်းထံပါးတွင် ဆည်းကပ်၍ မြန်မာစာကို လေ့လာပါတော့မည်ဟု ဆုံးဖြတ်ကာ နွေရာသီ ကျောင်းပိတ်ရက်တွင် မိတ်ဆွေဖြစ်သူ ကိုတင်လှ (ယခု ဆက်သွယ်ရေး ကော်ပိုရေးရှင်းတွင် အလုပ်လုပ်နေသည်) နှင့် အတူ ကမာရွတ်၊ ပဏ္ဍိတလမ်းတွင် ဆရာကြီး၏အိမ်ကို မေးမြန်းစုံစမ်းကာ ဆရာကြီး၏ ခြေတော်ရင်းသို့ ရောက်ခဲ့ပါ၏။

"မင်းက ဘာကိစ္စလဲကွ"

ဆရာကြီးက မေးပါသည်။

"ကျောင်းပိတ်ထားတုန်း ဆရာကြီးဆီမှာ ကဝိလက္ခဏာ သတ်ပုံကျမ်းကို သင်ယူလိုလို့ပါ ဆရာကြီး၊ အချိန်ရရင် ကျွန်တော့်ကို တစ်နေ့တစ်နာရီလောက် သင်ကြားပေးပါ ဆရာကြီး"

"မင်းက ဘယ်အတန်းကလဲ"

"ကျွန်တော်က ဥပစာ အထက်တန်းပါ"

"မင်းအတန်းက ငယ်ပါသေးတယ်၊ ငါက မသန်းဆွေကို သင်ပေး

နေရတယ်။ သူက အမ်အေဖြေရမှာကွဲ့။ ဒီတော့ မင်းဘာသာမင်း ဖတ်ကြည့် ပြီး နားမလည်တာတွေ၊ သိချင်တာတွေ စုထားပြီး ငါ့ကို ကြုံသလို မေးပေါ့ကွာ။ ငါဖြေပေးပါ့မယ်"

မှန်ပါသည်။ ဆရာကြီးဘက်ကကြည့်လျှင် ကျွန်တော့် အရေးက မကြီးလှပါ။

မည်သို့ပင်ဖြစ်စေ ဆရာကြီးကို ကျွန်တော် မေးချင်တိုင်း မေးခွင့်ကို ရခြင်းကပင် ကျွန်တော့်အတွက် ဆုလာဘ်ကြီးတစ်ခု ဖြစ်လေတော့သည်။

ထိုနေ့တွင်လည်း ကဝိလက္ခဏာထဲက သိလိုက မေးဦးဆိုသဖြင့် ကျွန်တော်က မေးခဲ့ပါသေးသည်။

"ဆရာကြီး သတ်ပုံကျမ်းထဲမှာ ကိုးကိုးကွယ်ကွယ် ပုဗ္ဗကြယ်၊ ရည်ရွယ်ပဋ္ဌနာလို့ ပါပါတယ်။ ပုဗ္ဗကြယ်ဆိုတာ ဘာပါလဲ ဆရာကြီး"

ဤသို့ ကျွန်တော်ကမေးလိုက်သည်တွင် ဆရာကြီးက ယခု ကျွန်တော်တို့ ပုန်းမကြည်နတ်ဟုခေါ်နေခြင်းကို သတ်ပုံကျမ်းထဲတွင် ပုဗ္ဗကြယ်ဟု ဆိုထားကြောင်းမှစ၍ သမင်မွေးရင်း ကျားစားရင်း ဇာတ်ကို အကျယ်တဝင့် ပြောကြားပါသည်။ (ယခုအခါတွင် ဆရာကြီး ဦးဆန်းထွန်း၏ ဝိသောဓနီတွင် အကျယ်ဖတ်ရှုနိုင်ပါပြီ။)

ထိုနေ့မှစ၍ ကျွန်တော်သည် မြန်မာစာကို အပြင်းအထန် လေ့လာပါတော့သည်။ ပျို့ လင်္ကာ ကဗျာများကို ရသရွေ့ သိမ်းကျုံး ဖတ်ပါ၏။ သူဇာပျို့၊ မနောဟရီပျို့၊ စန္ဒကိန္နရီပျို့၊ ဘဒ္ဒြာတိယပျို့၊ နေမိမဃ္ဃဒေဝခန်းပျို့၊ ဘုံခန်းပျို့၊ သုဝဏ္ဏသျှံ မြားမှန်ခန်းပျို့ စသည်ဖြင့် များပြားစွာ ဖတ်ခဲ့ပါသည်။

ကျွန်တော်၏ ဖခင်သည် ကိုယ်တိုင်က မြန်မာစာပေကို နက်နက်နဲနဲ မလိုက်စားခဲ့ပါသော်လည်း မြန်မာပညာရှိများကို များစွာ လေးစားသည့်အလျောက် ဆရာကြီး မော်ဘီဆရာသိန်းကို လစဉ်ငွေကြေးထောက်ပံ့ပါ

သည်။ သို့ဖြစ်ရာ ဆရာကြီးကလည်း သူ ပြုစုသမျှသော ကျမ်းများကို ဖခင်ကြီးအား ပေး၏။ ထို့ကြောင့် ကျွန်တော်သည် ပေါရာဏဒီပနီ အပါ အဝင် ဆရာကြီး မှော်ဘီဆရာသိန်း၏ ကျမ်းများကို ဖတ်ရှုရပါ၏။

လေ့လာရာတွင်တွေ့ရသော ခက်ဆစ်မှန်သမျှကို ဆရာကြီး ဦးလင်း ထံတွင် ကြုံသလို မေးမြန်းဆည်းပူးရပါ၏။ ထိုစဉ်က ကျွန်တော်၏ အိတ် ထဲတွင် မှတ်စုစာအုပ်ကလေး အမြဲပါ၏။ လေ့လာရသမျှတွေထဲက မေးစရာများကို မှတ်ထားခြင်း ဖြစ်သည်။ ထို့နောက် ဆရာကြီးနှင့်တွေ့လျှင် စာအုပ်ထုတ်၍ တသီတတန်းကြီး မေးမြန်းရပါ၏။

မှတ်မိပါသေးသည်။

တစ်ခါက ဆရာကြီး မြင်းလှည်းပေါ်က ဆင်းလာသည်ကို သုံးထပ် ပေါ်မှ မြင်ရ၏။ ထိုစဉ်က မြန်မာစာ ဌာနသည် သုံးထပ် အပေါ်ဆုံးတွင် ရှိ၏။ စင်စစ် ကျွန်တော်သည် ဆရာကြီးကို ရှာနေခြင်း ဖြစ်၏။ ဆရာကြီး မရောက်သေးသဖြင့် စကြံမှ ငုံ့ကြည့်နေခိုက် ဖြစ်ပါသည်။ ကိုယ်ပိုင်မြင်း လှည်းဖြင့် ကျောင်းတက်သော ဆရာကြီးသည် မြင်းလှည်းပေါ်က ဆင်း လာသည်ကို တွေ့ရသည်။

ကျွန်တော်သည် ချာကနဲလှည့်၍ လှေကားထိပ်က စောင့်နေပါ၏။

ဆရာကြီး ဦးလင်းသည် တဖြည်းဖြည်းနှင့် တက်လာရာ လှေကားထိပ်ရောက်သောအခါ ကျွန်တော့်ကို တွေ့သည်တွင် ခြေစုံရပ် လိုက်၏။ သို့သော် ဆရာကြီး၏ ရင်မှာ ကြွချည် နိမ့်ချည် ဖြစ်နေသည်။

ကျွန်တော် လွန်စွာအားနာသွား၏။ နောက်ဆုတ်မည် ကြံပါသည်။

"ဆရာကြီး မောနေပါတယ်"

ကျွန်တော်က အားနာသလို ပြောပါသည်။ ဆရာကြီးက ခပ်ပြုံးပြုံး ပင် မောသံဖြင့် ပြန်ဖြေပါသည်။

"နည်းနည်းတော့ မောတာပေါ့ကွာ။ ဒါပေမဲ့ မေးပါ၊ မင်းမေးချင်

တာ ရှိတယ်မဟုတ်လား"

ကျွန်တော်သည် အားနာလှသဖြင့် တစ်လုံးတည်းသာ မေးရပါသည်။

ကျွန်တော်သိလိုသည်မှာ "တစ်ခဲနက်" ဟူသော စကားလုံးပင်ဖြစ်ပါ သည်။ ရှေးက ကျွန်တော် မြင်ဖူးသော အသုံးအနှုန်းမှာ "တစ်ခဲနက်သော ဩဘာသံကြီး" ဟူသော အသုံးအနှုန်းဖြစ်ပါ၏။ သို့ဖြစ်ရာ "တစ်ခဲနက်" ဟူသည်မှာ ကျယ်လောင်ခြင်းအနက်ရှိသည်ဟု မှန်းဆစွဲမှတ်ထားခဲ့သည်။

သို့ရာတွင် ရှေးစာတစ်ခုတွင် "ကမ်းပါး၌ တစ်ခဲနက်သော ကျောက်တုံးကြီးသည် တည်ရှိလေ၏" ဟူ၍ ဖတ်ရရာ ကျွန်တော် စွဲမှတ်ထားသော တစ်ခဲနက်၏ အနက်ကို မည်သို့မျှ စပ်ဟပ်နားလည်၍ မရတော့ပါ။

ထို့ကြောင့် ဆရာကြီးကို မေးရခြင်း ဖြစ်ပါ၏။

"တစ်ခဲနက်ဆိုတာ ဘယ်လိုအဓိပ္ပာယ် ရှိပါသလဲ ဆရာကြီး"

ကျွန်တော်တွေ့ခဲ့ရသောနေရာနှစ်ခုကို ဖော်ပြမနေတော့ဘဲ တိုက်ရိုက်ကြီး မေးချလိုက်၏။ ဆရာကြီးကလည်း တိုက်ရိုက်ကြီးပင် ဖြေချလိုက်သည်။

"တစ်ခဲနက်ဆိုတာ ပပ်ကြားအက်မရှိဘဲ တစ်လုံးတစ်ခဲတည်း ဖြစ်နေတာကို ပြောတာကွ"

ကျွန်တော်သည် ချက်ချင်းနားလည် သဘောပေါက်ပါလေပြီ။ ဆရာကြီးနားမှ ရှိသေစွာပင် ဆုတ်ခွာခဲ့ရ၏။

ဆရာကြီးကို ဆရာများ အပန်းဖြေခန်းထဲတွင် မေးသည်ဖြစ်စေ၊ ယခုကဲ့သို့ လမ်းတွင်တွေ့၍ မေးသည်ဖြစ်စေ။ ကျွန်တော်သည် ဖိနပ်ကို ချွတ်၍ မေးပါ၏။ အပန်းဖြေခန်းဆိုလျှင် သစ်သားလိုက်ကာ အပြင်ဘက်တွင် ဖိနပ်ချွတ်ခဲ့ပြီးမှ ဆက်တီကုလားထိုင်တွင် ထိုင်နေသော ဆရာကြီး၏

ဘေး၊ ကြမ်းပြင်သမံတလင်းပေါ်တွင် ဒူးတုပ်၍ ဖနောင့်ပေါ် ထိုင်ကာ မေးလေ့ရှိပါ၏။

တစ်ခါကလည်း ပေါရဏဒီပနီထဲက နဝဒေးကြီး၏ ကဗျာတစ်ပုဒ်တွင် "ဗျာဘာစိမ့်မည် ထင်တော့သည်" ဟူ၍ "ဗျာဘာ" ဟု ဘကုန်းရေးချနှင့် တွေ့ရသဖြင့် ဆရာကြီးကို မေး၏။

"ပုံနှိပ်မှားလို့ ဖြစ်ပါလိမ့်မယ်ကွာ၊ ဗျာပါလို့ပဲ ရှိရမှာပါ။ ဗျာပါမှာလည်း တစ်ခုသတိထားရမယ့် ပါဠိစကား ဗျာပါဒနဲ့ ဗျာပါရ နှစ်ခုစလုံးကို ဗျာပါလို့ချည်း ရေးတတ်တယ်။ သူ့နေရာနဲ့ သူယူ။ ဗျာပါဒက နှိပ်စက်ဖျက်ဆီးတာ၊ ဗျာပါရက ကြောင့်ကြစိုက်တာ၊ ဝီရိယထုတ်တာ"

ဆရာကြီးကား ဤသို့ပင် ကျွန်တော့်ကို စိတ်ရှည် လက်ရှည် ရှင်းပြပါ၏။

တစ်ကြိမ်မှာတော့ ကျွန်တော်သည် ရတုပိုဒ်စုံတစ်ပုဒ်ကို ကိုယ်တိုင်စပ်ဆိုရေးသားပြီး ဆရာကြီးကို ပေးဖတ်စေပါ၏။

"ဒါ ကျွန်တော် ရေးစပ်တာပါ၊ အပြစ်ပြဆုံးမပါ ဆရာကြီး"

ဆရာကြီးသည် စာဖတ်လျှင် မျက်မှန်မတပ်ရပါ။ ကျွန်တော်၏ လက်ရေးသေးသေးနှင့်စာရွက်ကို ကပ်တော့ကြည့်၏။ အစအဆုံး ဖတ်ကြည့်ပါသည်။ ထို့နောက် စာရွက်ကို ကျွန်တော့်အား ပြန်ပေးသည်။

"အပြစ်ကြီးကြီးတော့ မရှိပါဘူး၊ သေးငယ်တဲ့ အပြစ်ပဲ ရှိတယ်"

"ဘာများပါလဲ ဆရာကြီး"

"နသတ်မသတ် ရောစပ်တာတို့၊ တသတ်ပသတ် ရောစပ်တာတို့ပေါ့ကွယ်။ သတ်ပုံ စောင့်နိုင်ရင် ပိုကောင်းတာပေါ့"

ကျွန်တော် ပညာရလိုက်ပါပြီ၊ ကာရန်သည် အသတ်ပင် ဖြစ်ပါ၏။ အသတ်ညီပါမှ ကာရန်ညီသည် မည်ပါလိမ့်မည်။ ဆရာကြီးကတော့ သေးငယ်သော အပြစ်ဟု မိန့်ကြားခဲ့ပါသည်။

တစ်ခါက ကျွန်တော်သည် "တံပြက်ရေ" ဟူသည်ကို "တောင်ကျရေ" ဟု နားလည်ပါသည်။ သို့ရာတွင် ကျွန်တော်၏ စာအုပ်ဆရာတစ်ဦးမှာ ဝဇီရဗုဒ္ဓိ ဦးဖိုးစိန် ဖြစ်ပါသည်။ (ဖဦးထုပ် ဦးဖိုးစိန် ဟူ၍လည်း နာမည်ကြီးပါသည်။) ဆရာကြီး ဦးဖိုးစိန်၏ သုတေသနပြုပုံကို ကျွန်တော် လွန်မင်းစွာ နှစ်သက်ပါသည်။ သူ၏ နည်းတစ်နည်းမှာ ရရစ်၊ ယပင့် မပါသော စာလုံးများ၏ အဓိပ္ပာယ်ကောက်ရခက်လျှင် ရရစ်၊ ယပင့်ထည့် ကြည့်လျှင် ကောက်၍ရတတ်ခြင်း (ဥပမာ ... ပုဂံခေတ်က စာစီကို ယပင့်ထည့်၍ စာချီဟု ပြုလုပ်ကြည့်လျှင် နားလည်လွယ်ပါသည်)။ ရရစ်၊ ယပင့်ပါသည်ကို ရရစ်၊ ယပင့် ဖြုတ်ကြည့်လျှင် အနက်ကောက်၍ ရတတ်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် "တံပြက်ရေ" တွင် တံမှာ ရေဖြစ်ကြောင်း သိရ၏။ ပြက်ကို ကောက်ရခက်နေရာ ဆရာကြီးဦးဖိုးစိန်၏ နည်းဖြင့် ရရစ် ဖြုတ်ကြည့်ရာ "ပက်ကို ရ၏။ ထို့ကြောင့် "တံပြက်ရေ" မှာ "တိမ်၍ ကျယ်ပြန့်စွာ တည်ရှိနေသောရေ (ဝါ) တောင်ကျရေ" ဟူ၍ ကျွန်တော်က အနက်ဖွင့်ချင်သည်။

ဤအတိုင်း ဆရာကြီးကို တင်ပြရာ ဆရာကြီး ဦးလင်းသည် ရယ်မော၍ ပြန်ပြောပါသည်။

"ဟော့ တံပြက်ရေဆိုတာ တောင်ကျရေပဲကွ၊ စကားလုံးတိုင်း တစ်လုံးစီ အဓိပ္ပာယ်ကောက်လို့ ရပါ့မလားကွ။ ကဲကွာ ကြက်သွန် ခွဲစမ်း"

"ရေသွန်တဲ့ နေရာမှ ကြက်တွေလာပြီး နှုတ်သီးနဲ့ ဆိတ်လို့။"

ကျွန်တော်က ကြံဖန်ပြောနေဆဲတွင် ဆရာကြီးက ဖြတ်၍ ပြောပါသည်။

"မင်း ငါ့ကို တော်လျော်လာပြောမနေပါနဲ့ဂျ၊ ကြက်သွန်ကိုခွဲလို့ မရပါဘူး"

နောင်တွင် ပုဂံကျောက်စာများတွင် 'ကသုန်' ဟု တွေ့ရပါသည်။ နိုင်ငံခြားစကားတစ်ခုခုဖြစ်မည် ထင်ပါသည်။ သို့သော် ဆရာကြီးကို ကျွန်တော် ဘာမျှ စောဒကမတတ်တော့ဘဲ ရယ်ရယ်မောမောနှင့်ပင် ပြန်ထွက်ခဲ့ရပါသည်။

ဆရာကြီးသည် ကဝိလက္ခဏာသတ်ပုံကျမ်းကို အစအဆုံး အလွတ်ရထားဟန် တူပါသည်။ တစ်ခါက ကျွန်တော် မေးကြည့်ဖူးပါ၏။

"ဆရာကြီး ကဝိလက္ခဏာကျမ်းမှာ 'အရှုပ်အဆမ်း၊ ကျောင်းသခ်မ်း၊ ဘေကျမ်းမဖြစ်နိုင်' လို့ ဆမ်းမှာ မသတ်ကြီးနဲ့တွေ့နေရပါတယ်၊ ဆန်းဆန်းပြားပြားကို ဆိုလိုတာ မဟုတ်ပါလား ဆရာကြီး"

"အပေါ်က တစ်ကြောင်းကျော်လောက်ကို မင်းကြည့်လိုက်ရင် ဆောင်းလည်းဆိုးဆမ်း၊ နွေပြုံးပြွမ်း၊ အချမ်းအပူ ပြိုင်ဆိုတာကို တွေ့လိမ့်မယ်။ အဲဒီက ဆမ်းကွ၊ ဆိုးဆမ်းဆိုတာ ရောထွေးနေတာ ကိုပြောတာ အရှုပ်အဆမ်းဆိုတာ အရှုပ်အထွေးကို ပြောတာကွ၊ ဆန်းပြားတာကို ပြောတာ မဟုတ်ဘူး"

ဆရာကြီးသည် စာအုပ်မကြည့်ဘဲ အလွတ်ပြောနေခြင်းဖြစ်သည်။ ဆရာကြီးရှင်းပြလိုက်လျှင် ကျွန်တော့်အတွက် ထင်းကနဲ ထင်းကနဲ ရှင်းသွားရသည်သာ ဖြစ်ပါ၏။

တစ်ခါလည်း ကျွန်တော် မေးဖူးပါသေး၏။

"ပြက်ပြက်ပြယ်ပြယ်၊ ငရဲလွယ် မျိုးနွယ်မြတ်ဆန်းသာလို့ ဆိုရာမှာ မြတ်ဆန်းသာဆိုတာ ဘာကို ဆိုလိုပါသလဲ ဆရာကြီး"

ဆရာကြီးက ပြုံးပြုံးကလေးပင် ပြန်ဖြေသည်။

"မင်းတို့ စကားမှာ ဖြစ်ကတတ်ဆန်းလုပ်တယ်လို့ ဆိုတာ ကြားဖူးမှာပေါ့။ အေး အဲဒီစကားက ဆန်းပဲကွ၊ မျိုးနွယ်မြတ်ဆန်းသာဆိုတာ သူ့မျိုးနွယ်ဟာ ဖြစ်ကတတ်ဆန်း မြတ်တာ၊ မြတ်တယ်ဆိုရရုံ မြတ်တာလို့

အဓိပ္ပာယ်ရတယ်"

ကျွန်တော် မေးလိုက်တိုင်း ဆရာကြီးသည် လွယ်လွယ်ကူကူပင် ဖြေကြားခဲ့ပါသည်။ ကျွန်တော် ကျောင်းက ထွက်သွားလျှင် ဆရာကြီးထံ ချဉ်းကပ်ဖို့ ခက်တော့မည်ကိုသိ၍ ဥပစာ အထက်တန်းတွင် စာမေးပွဲ တစ်နှစ်အကျခံကာ မြန်မာစာတွေချည်း ဖတ်၍ ဆရာကြီး ဦးလင်းထံ ဆည်းကပ်ပညာယူခဲ့ပါသည်။ ကျွန်တော် တစ်နှစ် စာမေးပွဲအကျခံရကျိုး နပ်ပါ၏။ ကျွန်တော် တက္ကသိုလ်က ထွက်ပြီးသည့်နောက်တွင် ဆရာကြီး ကွယ်လွန်သည်အထိ ပြန်မတွေ့ရတော့ပါ။

ဆရာကြီး ကျေးဇူးကြောင့် ကျွန်တော် မြတ်နိုးခဲ့ရပါသော မြန်မာစာ နှင့် ပတ်သက်၍ ကျွန်တော်သည် 'ဖြိုးဝေ' ဟူသော ကလောင်နာမည်ယူကာ သွေးသောက်မဂ္ဂဇင်းတွင် "မြန်မာစကားလုံး မှတ်စုများ" ခေါင်းစဉ်ဖြင့် ဆောင်းပါးအနည်းငယ် ရေးခဲ့ဖူးပါသည်။ နောင်တွင် ဆက်မရေးဖြစ်တော့ ပါ။

မှတ်မိပါသေးသည်။

တစ်ခါက ကျွန်တော်သည် ဆရာကြီးထံသွားမေးစဉ် ဘေးနားတွင် ဆရာကြီး ဟံသာဝတီ ဦးဘရင် ရှိနေပါ၏။ ကျွန်တော် ပြန်ထွက်လာပြီး အပြင်ဘက်နားတွင် ဖိနပ်စွပ်၏။ ဆရာကြီးက ကျွန်တော် သွားပြီမှတ်၍ ဆရာကြီး ဦးဘရင်ကို လှမ်းပြောသည်။

"ဒီကောင်လေး တော်တယ်ဗျ"

ပညာရှိများသည် ကွယ်ရာတွင်ချီးမွမ်းတတ်၏။ ဆရာကြီး၏ အချီးမွမ်းကို ခံလိုက်ရသည်တွင် ကျွန်တော်သည် မျက်ရည်များ လည်လာ သည်အထိ ကြည်နူးနှစ်သိမ့်မိသည်။ ဤကား ပညာရှိတစ်ဦး၏ ချီးကျူး ခြင်းကို ပထမဆုံးအကြိမ် ခံရခြင်း ဖြစ်ပါသည်။

ဒုတိယအကြိမ်သည်ကား ဆရာကြီး ဦးဆန်းထွန်းက ချီးကျူးခြင်း

ပင် ဖြစ်ပါတော့၏။ ဤသို့ဖြင့် ဝမ်းသာလှိုက်လှဲစွာပင် ဘဝတစ်ကွေ့ကို မှတ်တမ်းတင်လိုက်ရပါသည်။

(ပညာရှိများအား ရှိသေစွာ ကန်တော့ပါ၏။)

ကြပ်ကလေး

●

ဟာသစကျွ

ကျွန်တော်သည် လက်အငြိမ်မနေတတ်ပါ။ ဤစကားအရ ကျွန်တော် လက်မငြိမ်ပါ။ လက်ဆော့သည်ဟုလည်း အဓိပ္ပာယ်မဖွင့်ဆိုစေလိုပါ။ ကျွန်တော် လက်ကို ငြိမ်ငြိမ်မထားတတ်ပါ (ဝါ) ကျွန်တော်သည် မကြာခဏပင် စာတွေကို ရေးနေတတ်ပါသည်ဟု ဆိုလိုခြင်း ဖြစ်ပါသည်။ တစ်ဖန် ကျွန်တော်သည် ပါးစပ်လည်း အငြိမ်မနေတတ်ပါ။ ဤစကားကိုလည်း ကျွန်တော် တံတွေး တစ်ပျစ်ပျစ် ဖြစ်နေသည်ဟူ၍ အဓိပ္ပာယ် မကောက်ယူစေလိုပါ။ အစားအသောက်များကို မကြာခဏ စားနေတတ်သည်။ နားထောင်ပေးမည့်သူရှိလျှင် စကားပြောသည်။ နားထောင်မည့်သူ မရှိခဲ့လျှင် သီချင်းကိုသော်လည်း အော်ဆိုမည်။ တစ်ယောက်တည်းသော်လည်း စကားပြောသည်။

တစ်ဖန် ကျွန်တော်သည် အတွေးလည်း အငြိမ်မနေတတ်ပါ။ ဒီ

စကားကိုတော့ ကြိုက်နှစ်သက်သလို အဓိပ္ပာယ်ကောက်ပါ။ ကောက်သမျှ အဓိပ္ပာယ်တွေ မှန်နေမည်ချည်း ဖြစ်ပါသည်။ ကျွန်တော်၏ သိက္ခာမှာ လူမြင်ကွင်းတွင်သာ ရှိသည်ဖြစ်၍ ဆိတ်ကွယ်ရာ အရပ်တွင် ကျွန်တော် သိက္ခာမရှိပါ။ အတွေးများဟူသည် အခြားသူတို့ မမြင်ရသော အရာများ ဖြစ်၏။ ထို့ကြောင့် ကျွန်တော်သည် စိတ်ကူးတွေးတောရာတွင် သိက္ခာ မရှိပါ။

ဥပမာ ... မိန်းကလေးတစ်ယောက် ကျွန်တော့်ရှေ့မှ ဖြတ်လျှောက် သွားသည် ဆိုပါစို့။ အမြင်တွင် မိန်းကလေးသည် ခြေသလုံးလောက်သာ ပေါ်နေသည်။ သို့သော် ကျွန်တော်၏ အတွေးတွေကား ခြေသလုံးလောက် သာမက ဆံပင်တွေ ပျောက်ကုန်ပြီး ခေါင်းတုံးကြီးနှင့်ဖြစ်ကာ ငယ်ထိပ်ပါ ပေါ်ချင် ပေါ်နေနိုင်ပါသည်။ သူများ သားသမီးပျိုကို ခေါင်းတုံး ရိတ်ပစ် သည်ဖြစ်သောကြောင့် ကျွန်တော်၏ အတွေးသည် သိက္ခာမရှိပါ။

သို့သော် တစ်နေ့က ထူးထူးဆန်းဆန်း ဖြစ်၏။ ကျွန်တော်သည် ကက်ကင်းဓာတ်အကြောင်းကို တွေးနေမိ၏။ ဟော ... ကျွန်တော်၏ အတွေးသည် သိက္ခာရှိနေ၏။ သိက္ခာရှိနေရုံမက ပညာသားပင်ပါနေ သည်။ ထိုအတွေးသည် တွေးတောသူ ကျွန်တော်နှင့် ဘာမှမဆိုင်ဟုပင် ဆိုလောက်ပါသည်။

– ကက်ကင်းဓာတ်။

– အင်္ဂဝိဇ္ဇာဓာတ်ရိုက်ဓာတ်ဆင်တွေ နားလည်တတ်ကျွမ်းသူအဖို့ နားမစိမ်းပါ။ သို့သော် အီးပီစီတွင် အလုပ်လုပ်ဖူးရုံနှင့်တော့ ဤဓာတ်ကို နားလည်မည်မဟုတ်ပါ။ မိတ်ဆွေတစ်ယောက်က လာမေး၏။ "ကက် ကင်းဓာတ်ဆိုတာဘာလဲ" တဲ့။ ကျွန်တော်မပြောတတ်သဖြင့် သိက္ခာရှိရှိပင် "ခင်ဗျားနားလည်အောင် ကျွန်တော် မရှင်းပြတတ်ဘူးဗျာ" ဟု ဖြေခဲ့၏။ တကယ်တော့ "ရှင်းမပြတတ်ဘူးဗျာ" သာ ဖြစ်ရမည်။

တစ်နေ့က ကက်ကင်းဓာတ်အကြောင်း ပြန်တွေးမိမှ သတိရပြီး တက္ကသိုလ် မြန်မာအဘိဓာန်ကို လှန်လှောကြည့်ရာတွင် ကက်ကင်းဓာတ်ကို "နံတူနံပြန် ဓာတ်ရိုက်နည်းတစ်မျိုး" ဟု အဓိပ္ပာယ်ဖွင့်ဆိုဖော်ပြ၏။ တစ်ဖန် မြန်မာအဘိဓာန် အကျဉ်းချုပ်တွင် ကြည့်ပြန်သောအခါ ထိုနည်းတူစွာပင် ရေးသားထားသည်။ ကျွန်တော်က ရှည်ပြီး မြန်မာအင်္ဂလိပ် အဘိဓာန်ကို ကြည့်ပြန်၏။

"State of leing diametrically opposite in names according to astrological significance"

ထည်ဝါသွားတာပဲ ရှိသည်။ ကောင်းကောင်းတော့ နားလည်မည် မဟုတ်ပါ။ သို့ဖြင့် ကျွန်တော်သည် ဆက်လက်၍လေ့လာကြည့်ရာ ဥပမာ–ခဲတံဆိုပါစို့။ တနင်္လာနံနှင့် စနေနံကို တွဲထားသည်။ ဂဏန်းဖြင့် ရေးလျှင် (၂+၇) ဖြစ်၏။ ရှေ့နောက်ပြောင်းပြန်လှန်လိုက်လျှင် စနေနံနှင့် တနင်္လာနံ ဖြစ်၏။ ဂဏန်းဖြင့် ရေးလျှင် (၇+၂) ဖြစ်သည်။ ထိုနံသင့်များ မှာ ... တံခါး၊ ဒူးမခါင်း၊ ထီးကျိုး၊ နပ်ချေး၊ ထွေးခံစသည် စသည်တို့ဖြစ် ၏။ ထိုပစ္စည်းများသည် ခဲတံ၏ ကက်ကင်းဟု ဆိုရ၏။

အကယ်၍ "ထမင်းဘူး" ဟူသကဲ့သို့ သုံးလုံးဖြစ်နေသော ဂဏန်း ဖြင့်ဆိုလျှင် ... (၇+၅+၄) ဖြစ်သည်။ ကက်ကင်းဓာတ်ကိုယူသော် (၄+၅+၇) ဖြစ်၏။ အပြည့်အစုံယူသော် လေးဖျက်နှာ (မြို့) ဓားမတို၊ လူပြန်တော် စသည်စသည်တို့ ဖြစ်၏။ သို့ရာတွင် လျှော့ပေါ့သည့်အနေ ဖြင့် သုံးလုံးစလုံး အပြည့်မရသော်လည်း ရှေ့ဆုံးတို့ နောက်ဆုံးတို့ အပြန် ဖြစ်လျှင်လည်း ကက်ကင်းဓာတ်ရသည် ဆို၏။ ဆိုလိုသည်မှာ (၇+၅+၄) ၏ ကက်ကင်းမှာ (၄+၇) လည်း ဖြစ်နိုင်သည်ဆို၏။ နှစ်လုံးတည်းဆို သော် ပစ္စည်းရှာရလွယ်ကူ၏။ ဥပမာ လက်ထိပ်၊ လင်းနို့၊ ဝက်ထီး စသည်တို့ ဖြစ်ချေသည်။

ဤမျှလောက်ပြောလျှင် ကက်ကင်းကို သဘောလောက်တော့ နားလည်နိုင်ပါလိမ့်မည်။ ကက်ကင်းခတ်အတွက် အရှာရ အလွယ်ဆုံးများကား တစ်လုံးတည်းရှိသော စကားလုံးမျိုး၊ ဥပမာ– ထီး၊ လူ၊ ခွေး စသည်များနှင့် ဆင်တူလုံးထပ်များ၊ ဥပမာ–တောက်တဲ့၊ ကျောက်ကျော၊ ပေါက်ဖတ် စသည်များ ဖြစ်ကြ၏။

ကက်ကင်းဟူသော စကား စတင်၍ဖြစ်လာရသည်မှာလည်း ကြက် (တနင်္လာနံ–၂) အောက်သို့ 'ကင်း' (တနင်္လာနံ–၂) က လျှိုဝင်သွားလျှင် ကြက်သေသည်ဆို၏။ ဤကား ကြက်ကင်းခတ်မိသွားခြင်း ဖြစ်၏။ ကြက်ကင်းမှ ကာလရွေ့လျားသော် ကက်ကင်းဖြစ်လာသည်ဟု အချို့က ယူဆကြသည်။ ကျွန်တော်ကတော့ ဘာကိုမှ ထွင်၍ မယူဆပါ။ ရောယိမ်းလိုက် ဘသားယိမ်းလိုက်နှင့် သူများ ယူဆသမျှကို နောက်ယောင်ခံလိုက်ပါသည်။ ဤဟာသည် ဘေးကင်းပါ၏။

လက်ပံပင်ကို မြင်းလားအစွယ်ရိုက်သွင်းလျှင် လက်ပံပင်သေသည် ဆို၏။ ဤကား လက်ပံ (၄+၅) နှင့် မြင်းလား (၅+၄) တို့ ကက်ကင်းခတ်မိသွားခြင်း ဖြစ်၏။ ထိုနည်းတူစွာပင် ကင်ပွန်းပင်အောက်က မီးဖို၍ မီးခိုးများ ရိုက်လျှင် ကင်ပွန်းပင်သေသည်ဆို၏။ ကင်ပွန်း (၂+၅) သည် မီးခိုး (၅+၂) နှင့် တွေ့သွားသောကြောင့် ဖြစ်သည်။ ရှေးအခါက တောင်ငူကို စစ်ထိုးရာတွင် ခံတပ်ပင် ရှိရာတွင် တပ်စွဲခြင်းအကြောင်းရင်းမှာလည်း တောင်ငူ (၇+၂) ကို ခံတက် (၂+၇) ဖြင့် ကက်ကင်းခတ်ရိုက်ခြင်းပင် ဖြစ်ပေသည်။

ကက်ကင်းခတ်ရိုက်ခြင်းကို မြန်မာလူမျိုးများ များစွာ လေ့လာကြသည်။ သူခိုးမလာနိုင်ရန် ကြက်သွန်ကို တံခါးတွင်ထားသည်။ သူခိုး (၆+၂) ကို ကြက်သွန် (၂+၆) ဖြင့် ခတ်ရိုက်ခြင်းဖြစ်သည်။ ထိုနည်းတူစွာပင် ဓားပြများကို ကာကွယ်ရန်အတွက် ခြံပတ်လည်တွင် ဗာဒံပင်များ

စိုက်ထားကြသည်။ ဓားပြ (၇+၅) ကို ဗာဒံ (၅+၇) ဖြင့် ကက်ကင်းခာတ်ရိုက်ကာ အနိုင်ယူထားခြင်း ဖြစ်ပါ၏။

သို့သော် နေ့သင့်နံသင့်တွေမှို မြန်မာစကားနှင့်သာရသည်။ နိုင်ငံခြားဘာသာဖြင့် ရနိုင်မည်ဆိုခြင်းကား သံသယ ဖြစ်ထိုက်ပါ၏။ အငြိမ်မနေနိုင်သော ကျွန်တော့်အတွေးများက ဆက်လက်၍ တွေးသည်။

ဝါတာ (၄+၇) ဖြင့်ပက်၍ တာဝါ (၇+၄)သည် ပြိုကျပါမည်လား။ မြန်မာလိုဆိုသော် ရေဖြင့် ပက်၍ မျှော်စင်ကြီးပြိုကျပါမည်လား။ ကမ်းပါးတွင် မျှော်စင်ဆောက်ထားလျှင်ကား ကမ်းကို ရေတိုက်စား၍ မျှော်စင်ကြီးပြိုကျနိုင်ပါသည်။

ဒွတ္တဘောင်မင်းကြီးသည် ပန်ထွာမင်းသမီးနှင့် စစ်တိုက်ခိုက်သောအခါတွင် ဒွတ္တဘောင်မင်းကြီးက နိုင်၏။ ဤသည်ကို အချို့သော ပညာရှိများက ဒွတ္တဘောင် (၇+၇+၅) သည် ပန်ထွာ (၅+၇) ၏ ကက်ကင်းခာတ်ကျနေသောကြောင့် ဖြစ်သည်ဟု ဆိုကြ၏။ ဤထုံးကို နှလုံးမူ၍ ... ကျွန်တော်တို့သည် အင်္ဂလန် (၁+၂+၄) နိုင်ငံသို့သွားရအောင် လိပ်ဥ (၄+၁) ကို စားကြရသော် မသင့်ပါလား။ ယင်းသို့ ကက်ကင်းခာတ်ရိုက်၍ အင်္ဂလန်ကို ရောက်ခဲ့သော် ဟောက်ဇစ် (houses)(၆+၃) ခေါ် အိမ်များကို ဝယ်ပေးမည်ဆိုလျှင် ဆွိဟတ် (၃+၆) ခေါ် ရည်းစားကို ရနိုင်ပါလိမ့်မည်။

ကက်ကင်းပညာရှင်တို့ လက်ခမောင်းခတ်နိုင်ပါပြီ။ အကယ်၍ ရည်းစားကို မလိုချင်ပါ။ ပညာကိုသာ လိုချင်ပါသည်ဟုဆိုလျှင်လည်း ရပါသည်။ ပညာကို ကက်ကင်းခာတ်ဖြင့် ရယူနိုင်ပါသည်။ နော်လိတ် (၇+၄) ခေါ် ပညာကို လန်းနင်း (၄+၇) ခေါ် သင်ယူခြင်းဖြင့် လွယ်လွယ်ပင် ရနိုင်ပါ၏။ မယုံကြည်လျှင် လုပ်ကြည့်ပါ။ ဤမျှသာ မကသေး။ လန်ဒန် (၄+၇) တို့ကို ပုံအောပေး၍ ဝယ်ယူလိုက်ရုံရှိပါသည်။

ကျွန်တော်သည် တခြားလူတွေလည်း မသိ။ ငွေကုန်ကြေးကျလည်း

မရှိသဖြင့် တွေးချင်တိုင်းဆက်တွေးပါသည်။ ကျွန်တော်တို့တစ်တွေ ဘာဖြစ်လို့ အိမ်က မိန်းမတွေကို ကြောက်နေရပါသလဲ။ အင်္ဂလိပ် ကက်ကင်းပညာနှင့်ကျတော့မှ ရှင်း၍ရသည်။ ဝူးမင်း (မိန်းမ) (၄+၅) သည် ပါဝါ (တန်ခိုးအာဏာ) (၅+၄) ၏ ကက်ကင်းဖြစ်နေသောကြောင့် ပင်တည်း။ ဆက်လက်တွေးတောကြံဆကြည့်လျှင် အတွေးနယ်ပယ် ချဲ့ထွင်လျှင် ချဲ့ထွင်နိုင်သလောက် အံ့အားသင့်စရာတွေ တွေ့လာရမည် ဖြစ်ပါသည်။

ဤမျှ တန်ခိုးကြီးလှပါသော ကက်ကင်း၏ သဘောကို စောစော လေ့လာရင်း ကျွန်တော်သည် ကြီးပွားချမ်းသာရန် လမ်းစကို ရုတ်တရက် တွေ့ရှိလိုက်ရတော့သည်။ (ကြည့်သောသူသည် ကြာတော့ မျက်စိမှုန်၏)။

ကြပ်ကလေး (၂+၂+၄) သည် တကယ်တော့ လေးကောင်ဂျင် (၄+၂+၂) ၏ ကက်ကင်းမဟုတ်ပါလား ...။

●

ပညာရှိများ ဆိုစကား

သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ ပေါင်းဖက်မွှေ့ဆိုသလို ပညာရှိများစကားသည်လည်း ပညာ ရှိများ၏ နားတွင်သာ ခိုရာချေ၏။ ကျွန်တော်သည် "စာပေါလောက" ကို ရေးလာခဲ့ပြီးသည်ကစ၍ မိမိကိုယ်မိမိ ပညာရှိဟု ထင်မှတ်နေတော့သည်။ သို့ဖြစ်သည်နှင့်အညီ ကျွန်တော်သည် ပညာရှိများ၏ ဆိုစကားများကိုသာ ကြားလို၏။ ပညာရှိများ၏ စကားတွင်သာ မွှေ့လျော်၏။ (မွှေ့လျော်၏ ဆိုသည်မှာ မွှေ့ရာကို လျှော်ပေးခြင်း မဟုတ်ပါ။) သို့ဖြစ်လေရာ ယခု ကျွန်တော် တင်ပြနေသော စကားများကို နှစ်သက်ကြားလိုပြီး မွှေ့လျော်သူ မှန်သမျှသည်လည်း နေရင်းထိုင်ရင်းက ပညာရှိများ ဖြစ်ကုန်ကြလေတော့၏။

ဟောသည် စကားလေးတွေကို ဆင်ခြင်ကြည့်လိုက်စမ်းပါ။ (တွေးတောကြည့်လိုက်စမ်းပါဟု ပြောခြင်း ဖြစ်ပါသည်။ ဆင်တွေ၊ ခြင်တွေကို လိုက်ကြည့်ခိုင်းနေခြင်း မဟုတ်ပါ။)

အငြင်းပွားလျှင် တရားကွယ်လိမ့်မည်။

သိပ်မှန်သော စကားဖြစ်သည်။ လူသည် သိက္ခာကျမှာ အရမ်းကြောက်သည်။ ထို့ကြောင့် ငြင်းရင်းငြင်းရင်းနှင့် ကိုယ်မှားနေမှန်း သိလာသည့်တိုင်အောင် အလျှော့မပေးချင်၊ ဝန်မခံချင် ဖြစ်လာကာ အမှားကြီးကိုပင် မျက်စိမှိတ်၍ အမှန်ဆိုကာ မိမိ၏ ရပ်တည်ရာမှ တစ်ဖဝါးမရွေ့ချင်ဘဲ ဖွတ်ပြောနေတတ်၏။ ဤသို့ဖြင့် အမှန်တရားပျောက်ကွယ်သွားရတော့သည်။

ထို့ကြောင့် သင့်အား တစ်စုံတစ်ယောက်က (ဥပမာ–ကျွန်တော်က) "ကြပ်ကလေးဟာ ပညာရှိဗျ" ဟု အဆိုပြုလာလျှင်အငြင်းမပွားပါနှင့်၊ တရားကွယ်သွားပါလိမ့်မည်။ တရားသည် သူ့ဘာသာသူ ကွယ်လျှင် ပြဿနာမရှိ။ သင်က တရားခံဖြစ်ပြီးမှ ကွယ်လျှင် သင့်အတွက် အစဉ်အလာ မကောင်းပါ။

ဟော ... နောက်တစ်ခွန်းကို နာယူပါဦး။

ဖိတ်တဲ့ဆား အားလုံးတော့ပြန်မရ။

ဒါကိုတော့ ကျွန်တော် သိပ်သဘောမတူချင်ပါ။ ဖိတ်တဲ့ဆားကို ကျုံးယူသူပေါ်တွင် တည်သည်ထင်ပါသည်။

တစ်ခါက ဆားပုလင်း (သူ့အမည်နှင်းမောင်မဟုတ်ပါ) မှောက်၍ ဆားများဖိတ်စဉ်ကုန်၏။ ကျွန်တော် ကျွန်တော်၊ ပညာရှိ ကျွန်တော်က ကျုံး၍ ပြန်ထည့်သည်။ ဤနေရာတွင် လူပြိန်းနှင့် ပညာရှိတို့ ကွာခြား၏။ လူပြိန်းများ ပြန်ကျုံးလျှင် ဖိတ်သည့်ဆားအားလုံးတော့ ပြန်မရဖြစ်ပါလိမ့်မည်။ ဟော အခု ကျွန်တော့်လို ပညာရှိက ကျုံးယူသောအခါတွင် ဆားတွေ အားလုံးပြန်ရရုံမက မူလအလေးချိန်ထက်ပင် ပိုလာကြောင်း ဝမ်းမြောက်ဖွယ် တွေ့ရှိရတော့သည်။ (ဆား၏ အနံ့အရသာတွေတော့

ခပ်ပျက်ပျက်ဖြစ်ရ၏။ အိမ်ကမွေးထားသော ကြောင်များကလည်း အခင်း သွားရာတွင် စည်းကမ်းမရှိကြချေ။)

စိတ်ပါတော့ ဝန်ပေါ့သည်။

ဤစကားလေးသည် မှန်သင့်သလောက်တော့မှန်ပါ၏။ သို့သော် ကျွန်တော်က နည်းနည်းတော့

ဝင်လိုပါသည်။ မီးလောင်သောအခါ အထိတ်တလန့်နှင့် ပစ္စည်း ကြီးကို သယ်ပြေးရာတွင် အံ့ဩဖွယ်ကောင်းလောက်အောင်ပင် လေးလံလှ သော ပစ္စည်းများ သယ်ပြေးနိုင်သည်ကို တွေ့ရဖူးသောကြောင့် ဖြစ်ပါ သည်။

ဝဝတစ်တစ် မိန်းမကို ခိုးဖူးသူတိုင်းလည်း ဤစကားမှန်ကြောင်း သိကြပါလိမ့်မည်။ အိမ်က လူတွေနိုးကုန်ပြီလားဟု အထိတ်တလန့်နှင့် သယ်ပြေးရသောကြောင့် ဖြစ်သည်။ အမျိုးသမီး ပိန်ပိန်ကလေး ဖြစ်ပါစေ။ အဝတ်အစားကြိုက်တတ်သူဖြစ်လျှင်လည်း သေတ္တာကြီးကြီး ထမ်းပိုးရာ တွင် ပေါ့ပါးကြောင်း သတိပြုမည် ဖြစ်၏။

လှတဲ့ပန်းလမ်းဘေးမှာ ကြာကြာမနေ

ဤစကား အလွန်မှန်၏။ ပန်းလှလှကလေးတွေ လမ်းဘေးမှာ ပွင့်နေပါလျှင်ကြာရှည်မခံပါ။ လူကသော်လည်း ခူးယူပန်ဆင်သွားပါ၏။ ခွေးကသော်လည်း ရှူးရှူးနှင့် ပန်းသွားတတ်ပါ၏။

တစ်ခုတော့ရှိသည်။ လှသည့်ပန်းဖြစ်သော်ငြားလည်း သစ်ပင်ဖျား တက်ပွင့်နေပြန်လျှင်လည်း အပျိုကြီး ဖြစ်တတ်ပါချေ၏။

ဟော နောက်စကားတစ်ခွန်း။

ပျော်ပျော်နေမိတ်ဆွေပေါ်၏။

လူများသည် စိတ်ချမ်းသာနေသည့်မျက်နှာကို ကြာရှည်တွေ့မြင်လိုကြပါသည်။ စိတ်မချမ်းမသာ မျက်နှာကြီးတွေကို ကြည့်လိုနေမှတော့ မသာအိမ်တွေကို အလည်သွားနေကြမည်သာ ဖြစ် သည်။ ထို့ကြောင့် လူများသည် "ဟယ့် ဘယ်နေရာမသာပေါ်တော့မလဲ" ဟူ၍ မျှော်တလင့်လင့် ဖြစ်မနေကြပါ။

"ဘယ်အိမ်က အလှူလုပ်မလို့ပါလိမ့်၊ ငါ့ကို ဖိတ်တော့မှာပဲ"

"ထမနဲ ထိုးကြမယ်ဆိုပါကလား။ နိပ်ဟ"

"သင်္ကြန်မှာ မုန့်လုံးရေပေါ် ကျွေးမလို့တဲ့"

ဒါမျိုးကိုသာ မျှော်လင့်ကြပါသည်။ အလှူအိမ်၊ ထမနဲဝိုင်း၊ မုန့်လုံးရေပေါ် မဏ္ဍပ်က မျက်နှာများသည် ပျော်ပျော်ပါးပါးနှင့် ရှိနေကြသောကြောင့် ဖြစ်၏။

အလှူရှင်များသည် မျက်နှာကို ရှစ်ခေါက်ချိုးမထားကြပါ။ မျက်စောင်းကြီး ဘခဲခဲနှင့်လည်း လုပ်မနေတတ်ကြပါ။ နှုတ်ခမ်းကိုက်၍ လက်သီးကြီးများကိုလည်း ဆုပ်မထားတတ်ကြပါ။

ပျော်ပျော်ရွှင်ရွှင် ကြည်ကြည်လင်လင် ကလေး ကျက်သရေရှိစွာနေတတ်ကြပါ၏။ ဤသည်မှာ မသာပွဲနှင့်ကွာခြားခြင်းဖြစ်၏။ အသုဘသွားလျှင်ကား မသာမှလွဲ၍ ခပ်ပြုံးပြုံးနှင့် လှလှပပမျက်နှာတွေကို တွေ့ရခဲပါသည်။ ဤသည်ကို ထောက်ရှု၍ လူများသည် ပျော်ပျော်နေသူများထံသို့သာ ချဉ်းကပ်လိုကြောင်းမှတ်ယူနိုင်သည်။

နောက်တစ်မျိုးလည်း ရှိသေး၏။

ချေးယူသွားသော အကြွေးကို ပြန်မတောင်းသော သူထံတွင်လည်း မိတ်ဆွေပေါ တတ်ပါသည်။ ထို့ကြောင့် ကျွန်တော်နှင့် မိတ်ဆွေ ဖြစ်ချင်လျှင် ကျွန်တော့်အား ငွေချေး၍ ထိုအကြွေးကို ဘယ်တော့မှ ပြန်မတောင်း

ပါနှင့်။ မုချပင် ကျွန်တော်နှင့် မိတ်တွေ ဖြစ်ရပြီး ပိုက်ဆံခဏခဏ ချေးရပါလိမ့်မည်။

ကိုယ့်တောင်ပံနှင့် ကိုယ်ပြန်စမ်းပါ

မှန်ပါ၏။ ကိုယ်ပိုင်စွမ်းရည်မှ ကိုယ်သုံး၍ ရနိုင်ပါသည်။ သူများတွင် ရှိသော စွမ်းရည်ကို ကိုယ်ကယူ၍ မသုံးနိုင်ပါ။ သို့သော် စားထိုးခံတော့မည်ဆိုလျှင်ကား သူများဆီက ဗိုက်ကို ငှား၍ စားထိုးခံပါ။

ဗိုက်အငှားနှင့် စားထိုးခံ။

ဤသည်ကား ပညာရှိစကား ဖြစ်ပါသည်။

ကျွန်တော့်တွင် အမျိုးတော်သူ အမျိုးသမီးကြီးတစ်ဦး ရှိပါသည်။ အဒေါ်ကြီးသည် ဘုရားပုထိုးများသို့ အတူတူသွားရောက်ကြလျှင် သဒ္ဓါစိတ်ပေါက်သည်ဖြစ်၍ ...

"ဟယ် ... ငါ့ကို ငွေငါးကျပ် ပေးစမ်းပါ။ လှူချင်လွန်းလို့" ဟု ဘေးနားက လူဆီက တောင်းခံ၍ ရက်ရက်ရောရော လှူပစ်ပါသည်။ ဤသို့ပင် ခဏခဏကြုံတိုင်း လှူနေရာ ဘယ်အမျိုးမှ သူ့အနားမကပ်ဝံ့တော့ပါ။ ကိုယ့်တောင်ပံကြီးကို သူကချည်း ငှားငှားပျံတက်နေသော် ကိုယ်ပျံမည်ကြံသောအခါတွင် ပျံစရာ တောင်ပံမရှိတော့မည်ကို ကြောက်ရသောကြောင့် ဖြစ်ပါသည်။ ပညာရှိစကားများသည် မှတ်သ ားလောက်သည်သာ ဖြစ်၏။

ဟောသည် ပညာရှိစကားကလေးကလည်း ကောင်းသည်။

ပွဲကိုထောင်း၍ ဆန်ကောင်းမရ။

အလွန်ပင် မှတ်သားလောက်ပါသည်။ စပါးကို ထောင်းမှသာ ဆန်

ကောင်းကိုရပါလိမ့်မည်။ ဖွဲတွေကို ထောင်း၍တော့ ဘယ်လိုနည်းနဲ့ ဆန်ကောင်းရပါမည်နည်း။

မှန်ပါ၏။ ကြပ်ကလေးထံ မတောင်းဘဲနှင့် ဤလိုစာမူမျိုးကို ဘယ်လို နည်းနှင့်ရပါမည်နည်း။

ကြပ်ကလေး ဘာကြောင့် ဤမျှတော်ရပါသနည်း။ ဖေဖေကတော့ ငယ်စဉ်ကပင် တဖွဖွ ပြောခဲ့ပါသည်။

"ဖြစ်မယ့်ငွေး အငွေ့တခြားတဲ့"

တစ်မျိုးကြီး ဖြစ်နေ၏။ ကျွန်တော်ဘဝင်မကျပါ။

ရှေးပညာရှိများ၏ စကားသည် ခေတ်နှင့်အညီ ပြောင်းလဲတတ်သည်လည်း ရှိ၏။ ကြည့်ပါ။

'ချိုးနှစ်ကောင်၊ ထနောင်းပင်ညီနောင်က၊ လွမ်းအောင်ကူချွဲ၊ ပန်းတော် ဖြူ ပင်မြက် နေစာထူလှ၊ ဘိုးတောင်သူတဲ့' တဲ့။

ရှေးခေတ်က ဘိုးတောင်သူမှာ နားအေးပါးအေးနှင့် ချိုးသံကို လွမ်းနိုင်၏။ ယနေ့သော်ကား ရေစုပ်စက်သံ၊ လယ်ထွန်စက်သံ၊ ပဲ့ချိတ်သံ၊ မီးစက်သံများသည် တောရွာများတွင် ကြားနေရပါပြီ။ သည်တော့ ယနေ့ ပညာရှိများ စကားသည်လည်း ပြောင်းလဲလာရတော့သည်။

'ချိုးနှစ်ကောင်၊ ထနောင်းပင်ညီနောင်က၊ လွမ်းအောင်ကူချွဲ၊ ဘိုးတောင်သူ၊ နားမှာပူ စိတ်တွေညစ်တော့ ပစ်ပေါ့ အုတ်ခဲ'

အခြေနေအရ ချိုးတွေလည်း ထပုံကြရတော့သည်။

ဟာသလုလင် ကြပ်ကလေး
(မအူပင်မြို့နယ် မဂ္ဂဇင်း–၁၉၉၇)

●